# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


## ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။ **ပါပဝဂ် (ဓမ္မပဒ - ၁၁၆)**


၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၆)၊ အမှတ် (၁၂၃)


## နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာ ဟိရိုတို အိဇုမိနှင့် တာဝန်ရှိသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာ ဟိရိုတို အိဇုမိ အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ညှော့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး၊ မြန်မာနိုင်ငံတွင် ဂျပန်စီးပွားရေး လုပ်ငန်းရှင်များ ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ဆက်လက်ပါဝင်ကူညီသွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကဏ္ဍကိုးခုနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟိရိုတို အိဇုမိအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ညှော့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်က မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကဏ္ဍကိုးခုနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်ထားရှိမှုနှင့် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများအားရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မြန်မာ - ဂျပန် နှစ်နိုင်ငံအကြား ကျေးလက်ဒေသ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံကဏ္ဍဖွံ့ဖြိုးရေး၊ ပညာရေးကဏ္ဍ အရည်အသွေးမြှင့်တင်ရေးနှင့် အလုပ်အကိုင်ဖန်တီးရေး၊ မြို့ပြစက်မှုလုပ်ငန်းများကဏ္ဍဖွံ့ဖြိုးရေး၊ ကျေးလက်နှင့်မြို့ပြဆက်သွယ်သည့် ပို့ဆောင်ရေးကဏ္ဍ တိုးတက်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ မြို့ပြအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ အစိုးရနှင့် ပုဂ္ဂလိကငွေကြေးကဏ္ဍ တိုးတက်မှုရှိစေရေး၊ စာတိုက်နှင့် ဆက်သွယ်ရေးကဏ္ဍ တိုးချဲ့ဆောင်ရွက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ အဆင့်မြှင့်တင်ရေးစသည့် ကဏ္ဍကိုးခုတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟိရိုတို အိဇုမိအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# အနာဂတ်၏ လုပ်အားရှင်များ လက်တွေ့ကျကျပြုစုပျိုးထောင်

မြန်မာနိုင်ငံတွင် အသက် ငါးနှစ်မှ ၁၇ နှစ်အကြားရှိ ကလေးသူငယ်ဦးရေ ၁၂ သန်းကျော်ရှိကြောင်း ၂၀၁၅ ခုနှစ်အတွင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ကောက်ယူခဲ့သည့် စစ်တမ်းတစ်ရပ်က ဖော်ပြထားသည်။ အဆိုပါအသက်အရွယ်သည် အခြေခံပညာရေးကို သင်ယူနေကြရမည့် အရွယ်ဖြစ်သော်လည်း ကလေး ၁၂ သန်းကျော်၏ ၆ ဒသမ ၅ ရာခိုင်နှုန်းမှာ ကျောင်းလုံးဝ တက်ရောက်ဖူးခြင်းမရှိကြောင်းဖြင့်လည်း သိရသည်။

မြန်မာနိုင်ငံလုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း -၂၀၁၅ ခုနှစ် အနှစ်ချုပ် အစီရင်ခံစာအရ ကလေး ၁၂ သန်းကျော်၏ လေးပုံသုံးပုံခန့်မှာ ကျေးလက်တွင် နေထိုင်ကြပြီး ကျန်လေးပုံတစ်ပုံကျော်မှာ မြို့ပြတွင် နေထိုင်ကြသည်ဟု သိရသည်။ ယင်းအနက် (အသက် ငါးနှစ်မှ ၁၁ နှစ်ကြား) အခြေခံပညာမူလတန်းသင်ယူနိုင်သူမှာ ၉၇ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး (အသက် ၁၂ နှစ်မှ ၁၄ နှစ်ကြား) အခြေခံပညာအလယ်တန်းအဆင့်တွင် ၈၂ ရာခိုင်နှုန်းကျော်နှင့် (အသက် ၁၅ နှစ်မှ ၁၇ နှစ်ကြား) အခြေခံပညာအထက်တန်းအဆင့်တွင် ၅၀ ရာခိုင်နှုန်းသာ ပညာသင်ယူနိုင်တော့သည်ဟု စစ်တမ်းက ဆိုထားသည်။ အခြေခံပညာရေးကို သင်ယူကြရမည့်အရွယ် ကလေးငယ်များ၏ ထက်ဝက်သည်သာ အခြေခံပညာအထက်တန်းအဆင့်ထိ ရောက်ရှိလာကြပြီး ကျန်ကလေးထက်ဝက်မှာ အကြောင်းအမျိုးမျိုးကြောင့် ပညာရေးလမ်းခုလတ်တွင် စာသင်ခန်းကို စွန့်ခွာသွားခဲ့ရကြောင်း စစ်တမ်းက ဖော်ပြနေခြင်းပင်ဖြစ်သည်။

ပညာသင်အရွယ်ကလေးများ စာသင်ခန်းကို စွန့်ခွာသွားရခြင်း၏ အကြောင်းအရင်းများစွာ ရှိနိုင်သော်လည်း အဓိကအကျဆုံးအချက်မှာ ဆင်းရဲနွမ်းပါးမှုပင်ဖြစ်သည်။ အခြားအကြောင်းအရာများအဖြစ် မိသားစုပြဿနာများ၊ မိသားစု၏ အိမ်မှုကိစ္စနှင့် လုပ်ငန်းခွင်တို့တွင် လုပ်အားလိုအပ်ချက်များ၊ ကျောင်းသို့သွားရောက်ရန်အတွက် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကလေးများ၏ ပညာသင်ကြားမှုကို ထိခိုက်စေသောအချက်များ ဖြစ်ကြသည်။ ကျောင်းလုံးဝတက်ရောက်ဖူးခြင်း မရှိသော ကလေးများ၊ အကြောင်းအမျိုးမျိုးကြောင့် ပညာရေးတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ခဲ့ရသော ကလေးများ သန်းနှင့် ချီ၍ရှိနေရာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောနှင့် ရေလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စသည့်လုပ်ငန်းများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေကြပြီး မိသားစုဝင်ငွေအတွက် တစ်ဖက်တစ်လမ်းမှ တာဝန်ခွဲဝေယူနေကြရသည်။ တစ်ဖက်တွင်လည်း ကျောင်းစာသင်ခန်းကို စွန့်ခွာခဲ့ရသည့်ကလေးများ၊ ပညာသင်ကြားခွင့်လုံးဝမရခဲ့သည့်ကလေးများအနေဖြင့် ၎င်းတို့အား ကုန်ပစ္စည်းများသဖွယ် ရောင်းချခြင်း၊ တရားမဝင်လူကုန်ကူးခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ ကျေးကျွန်အဖြစ် စေခိုင်းခြင်း၊ စစ်မြေပြင်တွင် ကလေးများကို အသုံးပြုခြင်း၊ ပြည့်တန်ဆာလုပ်ငန်းများတွင် စေခိုင်းခြင်း၊ မူးယစ်ဆေးဝါးသယ်ယူရောင်းချသည့်လုပ်ငန်းများတွင် စေခိုင်းခြင်း၊ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်၊ ကိုယ်ကျင့်တရားကို ထိခိုက်စေသည့်လုပ်ငန်းခွင်များတွင် စေခိုင်းခြင်း စသည့် အန္တရာယ်များ ပတ်လည်ဝိုင်းနေသည့် အခြေအနေတွင် ရှိနေနိုင်သည်ဟု စိုးရိမ်မကင်းဖွယ်ပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ကျောင်းစာသင်ခန်းသို့ လုံးဝရောက်မလာသည့်ကလေးများ၊ ကျောင်းစာသင်ခန်းကို အကြောင်းကြောင်းကြောင့် စွန့်ခွာခဲ့ရသူကလေးများမှာလည်း အဟောသိကံ ဖြစ်မသွားသင့်သည့် နိုင်ငံ၏အနာဂတ်လုပ်အားရှင်များပင်ဖြစ်ရာ ၎င်းတို့အပေါ် ကျရောက်လာနိုင်ဖွယ်ရှိသည့် အန္တရာယ်များမှ အကာအကွယ်ပေးရေးနှင့် ကျွမ်းကျင်သည့်လုပ်သားများအဖြစ် လေ့ကျင့်ပေးကာ အဖိုးတန်လူသားအရင်းအမြစ်များ ဖြစ်လာစေရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်သည်။ လုပ်ငန်းအလိုက် လိုအပ်သည့်ကျွမ်းကျင်မှုများနှင့်လည်း ကိုက်ညီ၊ ဒေသအလိုက်ရှိနေသည့် လုပ်ငန်းများ၏ သဘာဝနှင့်လည်း လိုက်လျောညီထွေရှိသည့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို အခြေခံအဆင့်၊ မွမ်းမံအဆင့်၊ ကျွမ်းကျင်အဆင့် စသည်ဖြင့် စဉ်ဆက်မပြတ် လေ့ကျင့်ပေးကာ ကလေးများ၏ အနာဂတ်ဘဝလုံခြုံစိတ်ချရစေရေးနှင့် နိုင်ငံအတွက် လုပ်အားအရင်းအမြစ်ဖွံ့ဖြိုးရေး လက်တွေ့ကျကျ ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ်နိုးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊

**ဒို့ညီနောင်ထု**

**တည်ထောင်ပြု**

**ပြည်ထောင်စုနေ့**

**ဒို့မမေ့**




## ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

ပင်လုံ ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ပင်လုံမြို့တွင် ၂၀၁၇ ခုနှစ် နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပင်လုံကျောက်တိုင်ဝင်းအတွင်း၌ လွိုင်လင်၊ ပင်လုံမှ နယ်မြေခံတပ်ရင်းများ၊ ဌာနဆိုင်ရာများ စုပေါင်း၍ ဇန်နဝါရီ ၂၈ ရက်နံနက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

| | |
|---|---|
| ညီညွတ်ခြင်းနှင့် ... ပေါင်းစည်းတည် | ငြိမ်းချမ်းဝေစည် ... စည်းလုံးမည် |
| ချစ်ကြည်စည်းလုံး ... ဒို့ အားလုံး။ | ပင်လုံစိတ်ဓာတ် ... မမေ့အပ်။ |
| ပြည်ထောင်စုအရေး ... အစဉ်မျှော်တွေး | ပင်လုံစိတ်ထား ... အစဉ်နိုးကြား |
| မနှေးဆောင်ရွက် ... ပြည်သူ့အတွက်။ | ကြိုးစားဆောင်ရွက် ... တိုင်းပြည်အတွက်။ |

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၀-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ ရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၈၀၀၀ |

စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၂ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၃ · ၃၃ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၁၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၇၄၅ |
| တရုတ် | တစ်ယွမ် | ၁၉၅ · ၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၅၁ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာတင်ပြမည့်ရက် တိုးမြှင့်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၂၀/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

### စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာတင်ပြမည့်ရက် တိုးမြှင့်သတ်မှတ်ခြင်း

၁။ ရခိုင်ပြည်နယ်၊ မောင်တောဒေသတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် နောင်အလားတူဖြစ်စဉ်မျိုး၊ ထပ်မံမဖြစ်ပွားစေရေး ဖြစ်စဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်မှုများတွင် နိုင်ငံတော်၏တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ရှိ/မရှိတို့ကို စစ်ဆေးသုံးသပ်အကြံပြုနိုင်ရန်အတွက် **"စုံစမ်းစစ်ဆေးရေးကော်မရှင်"** ကို နိုင်ငံတော်သမ္မတရုံး၏ ၁-၁၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၈၉/၂၀၁၆ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အရောက်** နိုင်ငံတော်သမ္မတထံ တင်ပြရန် သတ်မှတ်ခဲ့ပါသည်။

၂။ သို့ရာတွင် ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးနှင့်ပတ်သက်သည့် စွပ်စွဲချက်အသစ်များ ထပ်မံပေါ်ပေါက်လျက်ရှိရာ နိုင်ငံတော်သမ္မတထံသို့ အစီရင်ခံစာတင်သွင်းရမည့်ရက်ကို ထိုကိစ္စများဆက်လက်စုံစမ်းစစ်ဆေးမှုပြီးစီးသည့်အချိန်ထိ တိုးမြှင့်သတ်မှတ်လိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## သံအမတ်ကြီး ဦးမြင့်လွင်အား မော်ရိုကိုနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်လွင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မော်ရိုကိုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

## လက်ရှိဖြစ်ပွားနေသည့်ပဋိပက္ခများ၊ တိုက်ပွဲရှောင်ဒုက္ခသည်များနှင့် ပတ်သက်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Ms.Renata Lok- Dessallien ကို ယနေ့နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် လက်ရှိဖြစ်ပွားနေသည့်ပဋိပက္ခများ၊ စစ်ဘေးရှောင်ဒုက္ခသည်များနှင့် ပတ်သက်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများနှင့် ပတ်သက်သည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာ၌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမျိုးသားလုပ်ငန်းစီမံချက်တွင် ကျား/မရေးရာကိစ္စရပ်များထည့်သွင်းနိုင်ရေး အမျိုးသားအဆင့် မူဝါဒဆိုင်ရာဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် UN-Women တို့ ပူးပေါင်းကျင်းပသော ပြည်ပအလုပ်အကိုင်ဥပဒေပြင်ဆင်ရေးဆွဲခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာအမျိုးသားလုပ်ငန်းစီမံချက်တို့တွင် ကျား/မရေးရာကိစ္စရပ်များထည့်သွင်းနိုင်ရေးအတွက် အမျိုးသားအဆင့် မူဝါဒဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Hotel Amara ၌ကျင်းပခဲ့ရာ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီးက ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကျား/မ ရေးရာအလေးထားရမည့် ကိစ္စများနှင့် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု ပပျောက်ရေးသဘောတူစာချုပ် CEDAW Committee ၏ ရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်ပြီး အကြံပြုချက်များနှင့်စပ်လျဉ်း၍ အသိပညာပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေမူကြမ်းနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အမျိုးသားလုပ်ငန်းစီမံချက်တို့တွင် ရွှေ့ပြောင်းသွားလာခြင်း၌ တွေ့ကြုံရသော ကျား/မရေးရာ အလေးထားဆောင်ရွက်ရမည့်ကိစ္စများ ပါဝင်စေရန်အတွက် ရည်ရွယ်ကျင်းပပြုလုပ်ခြင်း ဖြစ်ပါကြောင်း။

သက်ဆိုင်ရာဝန်ကြီးဌာနများပါဝင်သော ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအား ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ရွှေ့ပြောင်းအလုပ်သမားများအတွက် လူ့ဂုဏ်သိက္ခာနှင့်အညီ စနစ်တကျရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်ခြင်းကို အားပေးသည့်လုပ်ငန်းစဉ်များကို သန္နိဋ္ဌာန်ချ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာ အလုပ်သမား စေလွှတ်သော အေဂျင်စီများနှင့် ရွှေ့ပြောင်းအလုပ်သမားများကို ကောင်းမွန်သော အကြံဉာဏ်များပေးခြင်းနှင့် စည်းကမ်းတကျဖြစ်အောင် ကြီးကြပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်သည့် ဥပဒေပြင်ဆင်မှုများတွင် ရွှေ့ပြောင်းအလုပ်သမားများ၏ လိုအပ်ချက်များ၊ အခွင့်အရေးများနှင့် ရပိုင်ခွင့်များဆိုင်ရာ ပြဋ္ဌာန်းချက်များ ထည့်သွင်းရေးဆွဲခြင်း၊ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများ၏ လိုအပ်ချက်များကိုလည်း မူဝါဒများ၊ လုပ်ငန်းစီမံကိန်းများတွင် ထည့်သွင်းစဉ်းစားခြင်းတို့ဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော လူမှု ဖွံ့ဖြိုးရေးအား အမှန်တကယ်ရရှိနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပြင်ဆင်ရာ၌ အမျိုးသမီးများနှင့်ပတ်သက်၍ ပိုမိုအလေးထားဆောင်ရွက်နိုင်ရေးကို ထည့်သွင်းစဉ်းစားရန်၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်သော အမျိုးသားအဆင့်လုပ်ငန်းစီမံချက်တွင် ရွှေ့ပြောင်းသွားလာခြင်း၌ ကြုံတွေ့ရသော ကျား/မ ရေးရာအလေးထားဆောင်ရွက်ရမည့် ကိစ္စရပ်များထည့်သွင်းနိုင်ရန်အတွက် တက်ရောက် လာကြသည့် ကိုယ်စားလှယ်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအား ညနေပိုင်းအထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ဆက်စပ်သတင်းများအမြန်ရရှိရေးအကူအညီပေးနိုင်ပါရန် အသိပေးကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၃၀**

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)၏ ဥပဒေအကြံပေး ဦးကိုနီသည် အင်ဒိုနီးရှားနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ပြီး ပြန်လည်ရောက်ရှိစဉ် ဇန်နဝါရီလ ၂၉ ရက်နေ့ ညနေ ၅ နာရီ အချိန်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal-1 ပလက်ဖောင်း၌ သေနတ်သမားတစ်ဦး၏ အနီးကပ်ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့ပြီး သေနတ်သမားကို အနီးရှိ ပြည်သူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးစဉ် ဖမ်းဆီးပေးသူများထဲမှ ဦးနေဝင်း (၄၂)နှစ်၊ (ဘ) ဦးမောင်မောင်သည်လည်း သေနတ်သမား၏ ထပ်မံပစ်ခတ်မှုကြောင့် ဝဲဘက်ဆီးခုံ ထိမှန်ဒဏ်ရာရရှိကာ သေဆုံးခဲ့ပါသည်။

၂။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ကြည်လင်း(၅၃)နှစ်၊ (ဘ)ဦးလှိုင်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး နေသူကို မင်္ဂလာဒုံမြို့မှ ရဲစခန်း(ပ)၁၅၀/၂၀၁၇၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူထားရှိပြီး အသေးစိတ်စစ်ကြောကာ ကွင်းဆက်ဖော်ထုတ်လျက်ရှိပါသည်။

၃။ မိဘပြည်သူများအနေဖြင့် အထက်ပါဖြစ်စဉ်နှင့် ဆက်စပ်သော ပြစ်မှုကျူးလွန်သူများနှင့် ပတ်သက်၍ သတင်းများ သိရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆက်သွယ်သတင်းပေးရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပေးပို့နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်-

| | |
|---|---|
| - နေပြည်တော်ရဲတပ်ဖွဲ့ | ၀၆၇-၅၅၀၃၃၃ |
| - ကချင်ပြည်နယ်ရဲတပ်ဖွဲ့ | ၀၇၄-၂၂၄၄၄ |
| - ကယားပြည်နယ်ရဲတပ်ဖွဲ့ | ၀၈၃-၂၁၅၂၄ |
| - ကရင်ပြည်နယ်ရဲတပ်ဖွဲ့ | ၀၅၈-၂၃၃၅၅ |
| - ချင်းပြည်နယ်ရဲတပ်ဖွဲ့ | ၀၇၀-၂၁၄၅၂ |
| - စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၀၇၁-၂၄၉၉၆ |
| - တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၀၅၉-၂၃၉၉၈ |
| - ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၀၅၂-၂၂၂၃၉၉၉ |
| - မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၀၆၃-၂၈၀၉၉ |
| - မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၀၂-၂၇၁၉၉ |
| - မွန်ပြည်နယ်ရဲတပ်ဖွဲ့ | ၀၅၇-၂၄၉၈၇ |
| - ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ | ၀၄၃-၂၂၈၃၃ |
| - ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၁၉၉၊ ၀၁-၂၃၂၃၁၉၉ |
| - ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ | ၀၈၁-၂၁၂၅၄၅၅ |
| - ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၀၄၂-၂၃၈၄၄ |

မြန်မာနိုင်ငံရဲတပ်ဖွဲ့

# စုဒ္ဒသမရွှေကျင်သာသနာပိုင် ဇယမေဒနီဝါဆိုဆရာတော် ဦးအဂ္ဂိယ၏ သက်တော် ၁၀၀ ပြည့် အထိမ်းအမှတ် အနေကဇာတင် အခမ်းအနားကျင်းပ






**စစ်ကိုင်း ဇန်နဝါရီ ၃၀**

စုဒ္ဒသမရွှေကျင်သာသနာပိုင် ဇယမေဒနီဝါဆိုဆရာတော် ဦးအဂ္ဂိယ၏ သက်တော် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် တည်ထားသည့် မဟာဇယမေဒနီရာပြည့် စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ဆရာတော်ကြီး၏ဇာတိ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် လင်းယဉ်ကျေးရွာ၌ ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင်သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ဘုရားဒါယကာ၊ ဒါယိကာမများဖြစ်သည့် ဦးရန်အောင် ဇနီး သုမမ္မသိင်္ဂီ၊ ဒေါ်ရင်ရွှင် (သာသနာဥပထမ္ဘကပုညမဟတ္တဝိသိဋ္ဌ) NEW STAR Gem's & Jewellery မိသားစုတို့က သတ်မှတ်နေရာများတွင် ထန်းပင်နှင့် အုန်းပင်များကို မင်္ဂလာအချိန်၌ စိုက်ပျိုး ပေးခဲ့ကြပြီး မြေဆီနှင့် ရေစင်ရေသန့်များ သွန်းလောင်းခြင်း၊ အမွှေးနံ့သာရည်များဖြင့် ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ သာသနာ့ရာဇာ ကျောင်းထိုင်ဆရာတော်က ဝါဆိုဆရာတော်ဘုရားကြီးအား ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်ကို ဆရာတော်ကိုယ်စား ဒေါက်တာဘွန်းချိုင်းက လှူဒါန်းရာ ဆရာတော်ကြီးကိုယ်စား ဇယမေဒနီအရှင်နန္ဒိယက လက်ခံခဲ့သည်။

ဆက်လက်ပြီး ကြွရောက်လာသော ဆရာတော်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာသော ဧည့်ပရိသတ်များကို နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံသည်။ ညနေပိုင်းတွင် ပင့်ဖိတ်ထားသော ရဟန်းသံဃာတော်အပါး ၁၆၀ နှင့် သီလရှင် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဒါန်းဖွယ်ပစ္စည်းများ လောင်းလှူခြင်း၊ ညပိုင်းတွင် ထိုင်း-မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ဆီမီးငါးထောင်အား ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ခြင်းများကို ဆက်လက်ကျင်းပကြောင်း သိရသည်။

အဆိုပါ ရာပြည့်စေတီတော်ကြီး တည်ဆောက်ရာတွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာတွင်သာရှိပြီး မြန်မာနိုင်ငံတွင် မြင်တွေ့ရလေ့မရှိသော စေတီတော်ပုံသဏ္ဌာန်အားတည်ဆောက်ရန် သီတဂူဆရာတော်က ညွှန်ကြားခဲ့ပြီး မြန်မာမှု အနုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ပုံစံထုတ် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

စေတီတော် တည်ဆောက်နေမှုကို ထိုင်းနိုင်ငံမှ ရုပ်သံအစီအစဉ်တစ်ခုက အခမ်းအနားပြီးစီးသည်အထိ ရိုက်ကူးခဲ့ပြီး ထိုင်းနိုင်ငံတွင် ဓမ္မအစီအစဉ်တစ်ရပ်အနေဖြင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သော ရေစက်ချ အခမ်းအနားသို့ အနီးဝန်းကျင်သာမက ထိုင်းနိုင်ငံမှ ဆရာတော်များနှင့် ဒါယကာ ဒါယိကာမများ၊ လားဟူ၊ ပလောင်၊ အစရှိသည့် ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများလည်း တက်ရောက်ကြည်ညိုပြီး တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြောင်း တွေ့ရသည်။

**သတင်း-အေးမြ(မန္တလေး)**
**ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)**

## မန်းရွှေစက်တော်ရာ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ ကျင်းပမည်

**မင်းဘူး ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနီယ ပွဲတော်ဖွင့်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၇နာရီခွဲတွင် မန်းရွှေစက်တော်ဘုရားရင်ပြင်တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအခမ်းအနားတွင် ရွှေသားစက်လက္ခဏာတော်ပင့်ဆောင်ခြင်းနှင့် ပွဲတော်မုခ်ဦးဖွင့်လှစ်ခြင်း၊ အောက်စက်တော်ရာဖွင့်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ အထက်စက်တော်ရာဖွင့်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ သာသနာ့ဗိမာန်တော်၌ ဒါန၊ သီလ၊ ဘာဝနာ ဆည်းပူးခြင်းနှင့် နေ့ဆွမ်းကပ်လှူခြင်း မင်္ဂလာအခမ်းအနားများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရက္ခပူရသာသနာလင်္ကာရစာမေးပွဲကျင်းပ

**စစ်တွေ ဇန်နဝါရီ ၃၀**

ရက္ခပူရသာသနာလင်္ကာရအသင်းကြီးက ကြီးမှူးစစ်ဆေးကျင်းပသော ဒုတိယအကြိမ် ရက္ခပူရသာသနာလင်္ကာရစာမေးပွဲကို စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး သိမ်တော်၌ တပို့တွဲလဆန်း ၃ ရက်မှ ၅ ရက်အထိ ပြုလုပ်လျက်ရှိရာ ယနေ့ မွန်းတည့် ၁၂ နာရီမှစ၍ ရဟန်း၊ သာမဏေ၊ သီလရှင်များလာရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

"ဒီစာမေးပွဲက ပရိယတ္တိသာသနာအတွက် အထောက်အကူပြုတဲ့ စာမေးပွဲဖြစ်ပါတယ်။ ခေတ်ကာလအလျောက် ရဟန်း၊ သာမဏေတွေဟာ ပရိယတ္တိအပိုင်းမှာ ကြိုးစားမှု လျော့နည်းလာကြပါတယ်။ ဒါကို ဒီရက္ခပူရသာသနာလင်္ကာရစာမေးပွဲက ကြိုးစားချင်စိတ်ဖြစ်အောင်လုပ်ပေးတာပါ။ အရင်နှစ်ကထက် အခုနှစ်က စာဖြေသံဃာ တိုးပွားလာတာ တွေ့ရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဘုန်းတော်ကြီးတွေရဲ့ သာသနာတော်အတွက် အားရစရာကောင်းပါတယ်"ဟု ရက္ခပူရသာသနာလင်္ကာရ စာမေးပွဲကြီးကြပ်ရေးနာယက၊ ရခိုင်ပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တသောမက မိန့်ကြားတော်မူသည်။

ရက္ခပူရသာသနာလင်္ကာရ စာမေးပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ တစ်ရက်လျှင် လေးနာရီကြာ သုံးရက်စစ်ဆေးသွားမည်ဖြစ်သည်။ စာမေးပွဲသို့ မြန်မာပြည်အနှံ့မှ ရဟန်း၊ သာမဏေများအပြင် နိုင်ငံခြားတိုင်းပြည်များမှ ရဟန်း၊ သာမဏေများလည်း လာရောက်ဖြေဆိုကြကြောင်း၊ ယခုဒုတိယအကြိမ်စာမေးပွဲသို့ ၇၁၆ ပါး လျှောက်ထားသော်လည်း ၅၄၄ ပါးသာ လာရောက်ဖြေဆိုကြကြောင်း သိရသည်။

ရက္ခပူရသာသနာလင်္ကာရအသင်းတွဲဖက်အတွင်းရေးမှူး ဒေါက်တာထွန်းလင်းကျော်က "ဒီရက္ခပူရသာသနာ လင်္ကာရစာမေးပွဲကတော့ အစိုးရသာမဏေကျော်စာမေးပွဲနည်းအတိုင်း စစ်ဆေးတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ပရိယတ္တိစာပေသမိုင်းမှာ ထူးချွန်တဲ့ပုဂ္ဂိုလ်တွေဟာ သာမဏေကျော်စာမေးပွဲတွေက များစွာပါတာတွေ့ရပါတယ်။ ဒါ့ကြောင့် ဗုဒ္ဓသာသနာတော်ရဲ့ပရိယတ္တိအပိုင်းကို ဒီစာမေးပွဲတွေက များစွာအထောက်အပံ့ပြုပေးရာရောက်ပါတယ်" ဟု ပြောသည်။

**ကိုကြီးစော**

# မြန်မာ့စီးပွားရေးအနေအထား လာမည့်သုံးနှစ်အတွင်း ငွေကြေးဖောင်းပွမှုကြောင့်ရလာသည့် ဖိအားများကျဆင်းလာမည်ဟု ကမ္ဘာ့ဘဏ်ခန့်မှန်း




နိုင်ငံခြားသားခရီးသွားများ မြန်မာ့သနပ်ခါးပင်ကို လေ့လာစဉ်
ဓာတ်ပုံ- မောင်ကျော်ကြီး

**နေပြည်တော် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ လာမည့်သုံးနှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှ ၇ ဒသမ ၁ ရာခိုင်နှုန်းခန့် ရှိနေမည်ဟု ကမ္ဘာ့ဘဏ်က အစီရင်ခံစာတစ်စောင်ကို ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံသည် ငွေကြေးဖောင်းပွမှုကြောင့် ဖြစ်ပေါ်လာရသည့် ဖိအားများကိုလည်း ရင်ဆိုင်နေရသည့်အနေအထားမှ လျော့ကျသွားမည်ဖြစ်ကာ လူသုံးကုန်ပစ္စည်း၊ သယ်ယူပို့ဆောင်ရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဲ့သို့သော အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ အသေးစားကုန်စည်ထုတ်လုပ်ရေးကဏ္ဍများတွင် ပုဂ္ဂလိကနှင့်အစိုးရစီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာမည်ဟု ကမ္ဘာ့ဘဏ်က ထုတ်ပြန်ထားသည်။

စီးပွားရေး တိုးတက်မှုနှုန်းအရ ရှေ့အနာဂတ်တွင် အလားအလာကောင်းများ ရရှိလာနိုင်သော်လည်း စီးပွားရေးတိုးတက်မှုနှုန်းကို တည်ငြိမ်အောင် ထိန်းသိမ်းထားရန်မှာ မြန်မာနိုင်ငံအတွက် လိုအပ်ချက်များနှင့် စိန်ခေါ်မှုများ ရှိနေကြောင်း သိရသည်။

အထူးသဖြင့် မေခရိုစီးပွားရေးဆိုင်ရာစိန်ခေါ်မှုများကို ကြုံတွေ့ရနိုင်ကြောင်း ကမ္ဘာ့ဘဏ်ကခန့်မှန်းထားပြီး ဥပမာအားဖြင့် ထုတ်လုပ်မှုနှုန်းအားနည်းခြင်း၊ ယှဉ်ပြိုင်စွမ်းအားမြင့်မားသည့် နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်နိုင်မှုအားနည်းသေးခြင်း၊ ထုတ်လုပ်နိုင်သည့် ကုန်စည်အမျိုးအစား နည်းပါးခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်တတ်ခြင်းနှင့် ပြည်ပမှ ဝယ်ယူတင်သွင်းရသည့် ကုန်စည်ဈေးနှုန်းများ မြင့်တက်နိုင်ခြင်းတို့ပင်ဖြစ်ကြောင်း မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာအတွင်း ရေးသားဖော်ပြထားသည်။

ရင်းနှီးမြှုပ်နှံမှုများမှာ လက်ရှိအခြေအနေတွင် နှေးကွေးလျက်ရှိသည်ကို မြင်တွေ့ရပြီး မြန်မာအစိုးရအနေဖြင့် ထုတ်ပြန်ထားသည့် စီးပွားရေးနှင့် ပတ်သက်သည့်သဘောထားနှင့် မူဝါဒများကို အများပြည်သူများ ပိုမိုသိရှိနားလည်စေရန်၊ ယုံကြည်မှုပိုမိုရရှိစေရန်အတွက် ရှင်းလင်းစွာ အသိပညာပေးခြင်းများလုပ်ဆောင်ရန် အရေးကြီးကြောင်း အစီရင်ခံစာက အကြံပြုထားသည်။

လက်ရှိတွင် မြန်မာအစိုးရသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ချက်ကို ဇူလိုင်လအတွင်း ထုတ်ပြန်ထားခဲ့ပြီး စီးပွားရေးအပြောင်းအလဲများ၊ မူဝါဒများနှင့် အတက်အကျတို့ကို ပုံမှန်ထုတ်ပြန်ခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်မျှော်လင့်မှုများကို ပိုမိုခိုင်မာစေနိုင်ပြီး ရင်းနှီးမြှုပ်နှံသူများကလည်း ယုံကြည်စိတ်ချမှု တိုးပွားလာနိုင်သည်ဟု တိုက်တွန်းထားသည်။

" မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတွေ ဝင်ငွေတိုးတက်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်ဖို့နဲ့ တိုးတက်ကြီးပွားကြောင်း အခွင့်အလမ်းတွေကို ဖန်တီးပေးဖို့ အရေးကြီးတာက ပြည်သူအားလုံးပါဝင်ကြဖို့ ဖြစ်ပါတယ်။ ဒီလိုတည်ငြိမ်တဲ့ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒတွေကနေ ဆင်းရဲနွမ်းပါးမှုနဲ့ ငွေကြေးဖောင်းပွမှုရဲ့ရိုက်ခတ်မှုတွေကို ပယ်ဖျက်နိုင်မယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ဌာနေကိုယ်စားလှယ် မစ္စတာ ရေးဆက်က ပြောကြားသည်။

စီးပွားရေး တိုးတက်မှုနှုန်းအရ မြန်မာနိုင်ငံသည် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၇ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ယခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း ကမ္ဘာ့ဘဏ်၏ ၂၀၁၆ ဒီဇင်ဘာလတွင်ထုတ်ပြန်သော မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုများကို ယမန်နှစ်က ကြုံတွေ့ခဲ့ရသဖြင့် အစိုးရသစ်၏ ပထမခြောက်လသည် ခက်ခဲသောစီးပွားရေးဝန်းကျင်အနေအထားမှ ဆုံးဖြတ်လုပ်ကိုင်ခဲ့ရသည်ကို မြင်တွေ့ရသည်။ ရေလွှမ်းခြင်း၊ ကုန်စည်ဈေးနှုန်း ကျဆင်းခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နှေးကွေးလျက်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် စာရင်းရှင်နှင့် ဘဏ္ဍာရေးလိုငွေပြမှုတို့ မြင့်မားကာ စီးပွားရေးကျဆင်းလာသည့် အခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဆိုင်ကလုန်းမုန်တိုင်း ကိုမင်ကြောင့် ရေလွှမ်းမိုးခံခဲ့ရသည့် စိုက်ပျိုးရေးကဏ္ဍကို ပြန်လည်နာလန်ထူရန် ကြိုးပမ်းရပြီး ကုန်ထုတ်စွမ်းအားအပေါ် အကျိုးသက်ရောက်မှုရှိသည့် မျိုးစေ့အရည်အသွေးနှင့် မြေဩဇာထောက်ပံ့နိုင်မှုစသည့် ကာလတာရှည်ဖြစ်တည်လာခဲ့သည့်ကိစ္စရပ်များကြောင့် မျှော်မှန်းသလောက် စီးပွားရေးမဖြစ်ထွန်းခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာက သုံးသပ်ထားသည်။

**ခင်ရတနာ**

❍ ကျောဖုံးမှ

ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး စသည့် အမျိုးသားရေး ဦးတည်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ယင်းအချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များက လာရောက်ဖျော်ဖြေကြမည့် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် လေ့လာရေးခရီးစဉ်များကို အဆင်ပြေချောမွေ့အောင် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ ကိုယ်စားလှယ်တော်များ သက်ဆိုင်ရာနေရာဒေသများသို့ ချောချောမောမောရောက်ရှိအောင် လုံခြုံရေးတပ်ဖွဲ့အချင်းချင်း ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်သွားရန် လိုပါကြောင်း။

နိုင်ငံအတွင်းဖြစ်ပေါ်နေသည့် လုံခြုံရေးကိစ္စရပ်များကို အပြည့်အဝကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးဆောင်ရွက်ရာတွင်လည်း ယဉ်ကျေးစွာတိတိကျကျ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်သွားရန် လိုပါကြောင်း၊ အခမ်းအနားသို့ တက်ရောက်သူများအနေဖြင့်လည်း လုံခြုံရေးအသိဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

ညှော်ခံကျွေးမွေးရေး အပိုင်းတွင် အစားအသောက်များ အလေအလွင့်မဖြစ်စေရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုပါကြောင်း၊ အသုံးစရိတ်များကို သုံးစွဲရာတွင် မကုန်သင့် မကုန်ထိုက်သည့် အသုံးစရိတ်မရှိအောင်၊အလေအလွင့်မဖြစ်အောင် စေ့စေ့စပ်စပ် စိစစ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပူးပေါင်းကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန် လိုပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြည်ထောင်စုနေ့အောင်မြင်စွာကျင်းပနိုင်ရေး အကြိုပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လုံခြုံရေး၊ ကြိုဆိုရေး၊ သယ်ယူပို့ဆောင်ရေး၊ သဝဏ်လွှာပြုစုရေး၊ ဘဏ္ဍာရေး၊ ဖိတ်ကြားရေး၊ နေရာချထားရေး၊ ညှော်ခံကျွေးမွေးရေး၊ အလံတင်အခမ်းအနားကျင်းပရေး၊ မြေစိုက်ပိုစတာများ စိုက်ထူရေး၊ ညစာစားပွဲနှင့် ဖျော်ဖြေရေး၊ ပြန်ကြားရေးနှင့် စာရင်းစစ်ဆေးရေး စသည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနာယကနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကွယ်လွန်သူ ဦးကိုနီ၏မိသားစုဝင်များအား အားပေးစကားပြောကြား

**ရန်ကုန် ဇန်နဝါရီ ၃၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီနာယက သူရ ဦးတင်ဦးသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၂ လမ်း အလယ်ဘလောက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေ ဦးကိုနီ၏ နေအိမ်သို့သွားရောက်ပြီး ကွယ်လွန်သူ ဦးကိုနီ၏ မိသားစုဝင်များနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့သည်။ **(ယာပုံ)**



အလားတူ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါနေအိမ်သို့ သွားရောက်၍ ကွယ်လွန်သူဦးကိုနီ၏ မိသားစုဝင်များအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်း- ကိုကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# ဖြစ်စဉ်မှန်ပေါ်ပေါက်ရေး၊ ပြစ်မှုကျူးလွန်သူများ အမြန်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေ ဦးကိုနီသည် ဇန်နဝါရီ ၂၉ ရက်ညနေ ၅ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal-1 ရှေ့၌ ဦးကြည်လင်းဆိုသူမှ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ရာ ဥပဒေအကြံပေးတစ်ဦး ဆုံးရှုံးရခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း၊ ယင်းဖြစ်စဉ်သည် လုံခြုံရေးနှင့်ပတ်သက်၍ များစွာထိခိုက်စေခြင်းကြောင့် ဖြစ်စဉ်မှန်ပေါ်ပေါက်ရေး၊ ပြစ်မှုကျူးလွန်သူများအား အမြန်ဖမ်းဆီးရမိရေးအတွက် တပ်မတော်အနေဖြင့် လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို မြန်မာနိုင်ငံ၏ တတိယမြောက် ရမ်ဆာဒေသအဖြစ် သတ်မှတ်တော့မည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာအေဂျင်စီ(NEA)တို့ ပူးပေါင်းကျင်းပသည့် ရေဝပ်ဒေသဆိုင်ရာ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေး အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံရေဝပ်ဒေသများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတု တည်ငြိမ်ရေးတို့အတွက် အလွန်အရေးပါ၍ ရေရှည်တည်တံ့စေရေးအတွက် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်သော်လည်း အဆင့်အတန်းကျဆင်းလာရခြင်းမှာ အဓိကအားဖြင့် လူများ၏ လုပ်ဆောင်မှုများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံမှုအစီအမံများ လုံလောက်မှုမရှိသောကြောင့် ဖြစ်သည်။

၂၀၁၆ ခုနှစ်သည် မြန်မာနိုင်ငံ ရေဝပ်ဒေသထိန်းသိမ်းရေးတွင် အရေးပါသောနှစ်တစ်နှစ်ဖြစ်သည်။ မြန်မာနိုင်ငံ ဒုတိယမြောက် ရမ်ဆာဒေသကို အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် သတ်မှတ်နိုင်ခဲ့ပြီး တတိယမြောက် ရမ်ဆာဒေသအဖြစ် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို အဆိုပြုနိုင်ခဲ့ပါသည်။ တစ်ဖန် ရေဝပ်ဒေသထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ




(National Wetland Committee) ကိုဖွဲ့စည်းနိုင်ခဲ့ပြီး ရေဝပ်ဒေသများကို ရေရှည်တည်တံ့စွာ အသုံးပြုခြင်းနှင့် စီမံအုပ်ချုပ်မှု မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်နှင့် ရေဝပ်ဒေသမူဝါဒ (မူကြမ်း)ကလည်း ရေးဆွဲနိုင်ခဲ့သည်။ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကိုလည်း မြန်မာနိုင်ငံ၏ တတိယမြောက် ရမ်ဆာဒေသအဖြစ် သတ်မှတ်ကြောင်းကို လာမည့် ဖေဖော်ဝါရီ ၂ ရက်တွင်ကျင်းပမည့် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားမှာ ထုတ်ပြန်မည်ဖြစ်သည်။ ရေဝပ်ဒေသများကို ရေရှည်တည်တံ့စွာ အသုံးပြုခြင်းနှင့် စီမံအုပ်ချုပ်မှုမြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်နိုင်ရန် ယနေ့အစည်းအဝေးသည် အရေးပါသည့် အလှည့်အပြောင်းတစ်ခုဖြစ်သည်။ ရမ်ဆာကွန်ဗင်းရှင်းအပေါ်ထားရှိရမည့် ကတိကဝတ်များကို ဖြည့်ဆည်းရန်နှင့် ဆက်စပ်သူများအားလုံးပါဝင်မှုဖြင့် ရေဝပ်ဒေသများ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့နည်းရေးအခန်းကဏ္ဍကို အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# နှလုံးသွေးကြောကျဉ်းလူနာများအား နှလုံးသွေးကြောထောက်ကိရိယာထည့်ကုသ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ နိုင်ငံတကာမှ အထူးကုဆရာဝန်ကြီးများနှင့် စဉ်ဆက်မပြတ် ဆေးပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ဂျပန်နိုင်ငံရှိ Rakuwakai Marutamachi Hospital မှနှလုံးရောဂါအထူးကုဆရာဝန်ကြီး Dr. Kinzo Ueda နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ နှလုံးရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာသက်ဟိန်း ဦးဆောင်သောအဖွဲ့တို့ပူးပေါင်း၍ နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာရှင်များကို ရောဂါရှာဖွေခြင်း (Coronary Angiogram)နှင့် နှလုံးသွေးကြောထောက်ကိရိယာ(Stent)ထည့်ကုသခြင်းကို ယနေ့ နံနက်ပိုင်းမှ စတင်ကုသပေးလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာရှင်များအား နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့် ကုသပေးနေမှုများကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၁) ဦးအေးမြင့်နှင့် တာဝန်ရှိသူများက အထူးကုဆရာဝန်ကြီးများနှင့် လူနာရှင်များအား လာရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ နိုင်ငံတကာမှ အထူးကုဆရာဝန်ကြီးများဖြင့် နှလုံးသွေးကြောကျဉ်း ရောဂါဆိုင်ရာ ကုသမှု ပဉ္စမအကြိမ်မြောက်အဖြစ် ဇန်နဝါရီ ၃၀ နှင့် ၃၁ ရက်များတွင် ကုသမှုခံယူမည့် ဝေဒနာရှင် ၁၁ ဦးအနက် ယနေ့တွင် ခြောက်ဦးအား အောင်မြင်စွာကုသပေးခဲ့ပြီး ကျန်ရှိသည့် ဝေဒနာရှင်များအား မနက်ဖြန်တွင် ဆက်လက်ကုသပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ အထူးကုဆရာဝန်ကြီးများအပြင် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့ဖြင့်လည်း နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာရှင်များ ကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆောင်ရွက်နေမှု ရှင်းလင်းပြောကြား

**နေပြည်တော် ဇန်နဝါရီ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး H.E.Mrs. Karen MacArthur အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၏ဆန္ဒဖြစ်သည့် မိမိတို့သွားနေသည့် နိုင်ငံရေးလမ်းကြောင်းတွင် တည်တည်ငြိမ်ငြိမ်ဖြင့် ကမ္ဘာ့အလယ်တွင် ခိုင်မာစွာရပ်တည်နိုင်ရန် မျှော်မှန်းထားရှိမှု၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဧည့်သည်တော်သံအမတ်ကြီးက မြန်မာနိုင်ငံပြုပြင်ပြောင်းလဲမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် ကနေဒါနိုင်ငံမှ ပူးပေါင်းဆောင်ရွက်နေမှု၊ ရေအားလျှပ်စစ်လုပ်ငန်း အပါအဝင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး H.E.Mrs. Karen MacArthur တို့ တွေ့ဆုံဆွေးနွေးစဉ်**

# ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့အကြား လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့်ဆောင်ရွက်သော ဒုတိယအကြိမ် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးသင်တန်း UN Peacekeeping(Platoon Size) Contingent Training Course ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မြန်မာ့တပ်မတော်အနေဖြင့် ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတာဝန်များတွင် ၁၉၅၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်ထိ တပ်ဖွဲ့ဝင်များ စေလွှတ်တာဝန်ထမ်းဆောင်မှုအခြေအနေများ၊ ၂၀၁၅ ခုနှစ် ဩဂုတ်လမှစတင်၍ တောင်ဆူဒန်နှင့် လိုက်ဗေးရီးယားနိုင်ငံများသို့ အရာရှိများစေလွှတ်ပြီး ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် ပြန်လည်ပါဝင်ထမ်းဆောင်နေသည့်အခြေအနေများ၊ မြန်မာ့တပ်မတော်အနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် စဉ်ဆက်မပြတ် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် စပိန်၊ နော်ဝေ၊ ဩစတြေးလျ၊ ယူကရိန်း၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံများသို့ မြန်မာ့တပ်မတော်မှ တပ်ဖွဲ့ဝင်များစေလွှတ်ပြီး ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးဆိုင်ရာသင်တန်းများ တက်ရောက်စေမှုအခြေအနေများ၊ နိုင်ငံတကာငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများ၌ ကုလသမဂ္ဂ၏ဦးဆောင်မှုနှင့်အတူ စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရာတွင် Contingent Troop စေလွှတ်နိုင်ရေး မျှော်မှန်းလေ့ကျင့်ပေးသည့် သင်တန်းဖြစ်သည့်အတွက် သင်တန်းသားအရာရှိ၊ စစ်သည်များအနေဖြင့် သင်တန်းမှ ပို့ချလေ့ကျင့်ပေးမှုများကို စိတ်ဝင်တစားနှင့် တတ်ကျွမ်းနားလည်အောင် လေ့လာသင်ယူသွားကြရန် လိုအပ်မှုအခြေအနေများအား မှာကြားသည်။

ထို့နောက် အိန္ဒိယသံအမတ်ကြီးက အမှာစကားပြောကြားပြီး အိန္ဒိယနိုင်ငံ Centre For United Nations Peacekeeping (CUNPK) မှ နည်းပြတစ်ဦးက အိန္ဒိယနိုင်ငံ၏ UN Peacekeeping Operations တွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြသူများ၊ CUNPK မှ နည်းပြအရာရှိများ၊ သင်တန်းသားအရာရှိ၊ စစ်သည်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာကြသူများ၊ နည်းပြများ၊ သင်တန်းသားအရာရှိ စစ်သည်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်**

# မြန်မာ-လာအို နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပညာရေးနှင့် အားကစားဝန်ကြီးဌာနဝန်ကြီး H.E.Mrs. Sengdeuane LACHANTHABOUNE တို့သည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပညာရေးနှင့် အားကစားဝန်ကြီးဌာနတို့ နှစ်နိုင်ငံကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပညာရေးနှင့် အားကစားဝန်ကြီးဌာနဝန်ကြီး H.E. Mrs. Sengdeuane LACHANT-HA BOUNE တို့သည် နှစ်နိုင်ငံကြား ပညာရေးနယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်ခြင်း၊ ချစ်ကြည်ရေးခိုင်မြဲခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းအတွက် ဆောင်ရွက်မည့် ပညာရေးလုပ်ငန်းများကို သဘောတူညီသည့် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးကြသည်။

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပညာရေးနှင့် အားကစားဝန်ကြီးဌာနဝန်ကြီး H.E.Mrs. Sengdeuane LACHANTHABOUNE နှင့်အဖွဲ့သည် ကျောက်မျက်ရတနာပြတိုက်သို့ လည်းကောင်း၊ နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ လည်းကောင်း သွားရောက်လှည့်လည် လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(ပညာရေး)**




# ရွှေတောင်မြို့နယ်၌ မူခင်းပညာပေးယာဉ်ဖြင့် အသိပညာပေး

**ရွှေတောင် ဇန်နဝါရီ ၃၀**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး ရဲတပ်မှူးရုံးမှ ဒုရဲအုပ် အောင်ဇင်မင်းနှင့်အဖွဲ့သည် ကျောင်းသားကျောင်းသူများ၊ ပြည်သူများအား ထိရောက်သော မူခင်းအသိပညာများကို ရရှိစေရန် ရည်ရွယ်၍ နွားမယံကျေးရွာ၌ လည်းကောင်း၊ ကြာနီကန်ရပ်ကွက် ဗိုလ်ရုံးဘုန်းတော်ကြီးကျောင်းရှေ့၌ လည်းကောင်း၊ ထန်းကုန်းအုပ်စု ရေနံမြေအထက(ခွဲ)ရှေ့၌လည်းကောင်း မူခင်းကြိုတင်ကာကွယ်ရေး လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများ အသိပညာပေးမှတ်တမ်းပုံများ၊ ပိုစတာများပါ ပညာပေးပြခန်းယာဉ်ဖြင့် ပြသခဲ့ကြောင်း သိရသည်။

**မဆင့် (ပြန်/ဆက်)**

# ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ညအပူချိန်များမှာ တစ်ပြည်လုံး၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ ၀ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၌ ၅ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့၌ ၆ ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# မှန်ကန်သည့်စိတ်ကောင်းစေတနာဖြင့် အရည်အချင်းများကိုအသုံးပြုပြီး ပြည်ထောင်စုကြီး အကျိုးစီးပွားအတွက် ဆောင်ရွက်ကြစေလို

နေပြည်တော် ဇန်နဝါရီ ၃၀



**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ ယနေ့စတင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တာဝန်များနှင့်အညီ နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ပေးရမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်အတည်ပြုပေးကြရမည်ဖြစ်သည့်အတွက် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း သတ်မှတ်လျာထားသည့် အချိန်အလိုက် ဦးစားပေးဆောင်ရွက်ကြရမည့် အစည်းအဝေးကာလတစ်ရပ်ဖြစ်ပါကြောင်း။

ထို့ကြောင့် ကိုယ်စားလှယ်များအနေဖြင့် ယခင်ပုံမှန်အစည်းအဝေးကာလများထက် ပိုမိုများပြားသည့် အလုပ်တာဝန်များနှင့် ကြုံတွေ့ကြရမည် ဖြစ်ပါကြောင်း၊ ဤလုပ်ငန်းတာဝန်များကို အချိန်မီအောင်မြင်စွာ ပြီးမြောက်နိုင်ရန်အတွက် အလုပ်၏ အရေးကြီးမှုအပေါ်မူတည်၍ အချိန်ကို အကျိုးရှိသထက်ရှိအောင် စနစ်တကျ စီမံအသုံးပြုနိုင်ရန်နှင့် အားလုံးကလည်း သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများအတိုင်း ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း။

ထို့ကြောင့် သက်ဆိုင်သူအားလုံးက စေတနာမှန်၊ လုပ်နည်းလုပ်ဟန် မှန်ကန်စွာဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ အထက်ပါ ဥပဒေကြမ်းများနှင့် စပ်လျဉ်းပြီး ဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာနှင့် ငွေကြေးဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာများတင်သွင်းကြရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့ကိုလည်း ယခင်ဖွဲ့စည်းမှုကိုအခြေခံပြီး အဖွဲ့(၁၇)ဖွဲ့ ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့က ချမှတ်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းများ အမြန်အကောင်အထည်ဖော်နိုင်ရန်နှင့် ရရှိလာသည့် အကျိုးကျေးဇူးများကို ပြည်သူများ လက်ငင်းရေရှည်ခံစားနိုင်ရန်အတွက် ရည်မှန်းချက်ထားပြီး အမျိုးသားစီမံကိန်းဥပဒေကြမ်းကို လေ့လာစိစစ်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးများ တိုးတက်လာရန်အတွက် လွှတ်တော်ကိုတင်ပြလာသည့် စီမံကိန်းများသည် ပြည်သူအများစုကို ဗဟိုပြု၊ မပြုကိုလည်း ဝိုင်းဝန်းစဉ်းစားအဖြေရှာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းလာသည့် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးအတည်ပြုပြီးသည့်အခါ အဆိုပါစီမံကိန်းဥပဒေနှင့် ယခုနှစ်အတွက် အခွန်အခကောက်ခံမှုနှုန်းထားများ သတ်မှတ်ချက်များနှင့်အညီ ရေးဆွဲထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လက်တွေ့ဆောင်ရွက်ရမည့် စီမံကိန်းဥပဒေနှင့် ကိုက်ညီမှု ရှိ၊ မရှိကို ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသား ပြည်သူများအပေါ် မှန်ကန်သည့် စိတ်ရင်းစေတနာထားရှိပြီး အမြော်အမြင် ကြီးမားစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်မှု အရည်အချင်းများကို မှတ်ကျောက်တင်ခံရမည့် အချိန်လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ မှန်ကန်သည့် စိတ်ကောင်းစေတနာဖြင့် အရည်အချင်းများကို အသုံးပြုပြီး ပြည်ထောင်စုကြီး အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နိုင်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံတော်နှင့် နိုင်ငံသားများသာမက နိုင်ငံတကာကအလေးထားသည့် ဥပဒေပြုလွှတ်တော်အသီးသီးအဖြစ် ရပ်တည်နိုင်စေရေးအတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအားလုံးက သန့်ရှင်းသည့် စေတနာ၊ မှန်ကန်သည့် လုပ်နည်းလုပ်ဟန်များဖြင့် မိမိတို့၏ ကိုယ်စီတာဝန်ကျေပွန်မှုများကို ထုတ်ဖော်ပြသနိုင်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည့် (၇)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၈)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေး ခရီးစဉ်နှင့် ထိုင်းနိုင်ငံဘုရင်မင်းမြတ် နတ်ရွာစံခြင်းအတွက် ကျင်းပသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ် တရားဝင်အခမ်းအနားသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်များကို လွှတ်တော်က မှတ်တမ်း တင်သည်။

ယင်းနောက် လွှတ်တော်နာယကက **"သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်း"**ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းအား ပြောင်းလဲတာဝန်ပေးအပ်ကြောင်းကို ရှင်းလင်းပြောကြားပြီး လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုသည်။

ပြည်ထောင်စုလွှတ်တော်နာယက က စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်နှင့် ခန္တီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုနှင့် ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာတစ်ရွာ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၊ မြင်းခြံမြို့နယ်၊ တံတားဦးမြို့နယ်၊ မြစ်သားမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် မိုးကုတ်မြို့နယ်တို့အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာ ၁၁ ရွာ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ရခိုင်ပြည်နယ် စစ်တွေခရိုင် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာ အုပ်စုအတွင်းရှိ အောင်မင်္ဂလာကျေးရွာကို အောင်မင်္ဂလာမြောက်ရပ်ကွက်အဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်းကိစ္စရပ်များကို လွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားသည်။

လွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဝင်ငွေအပြည့်အဝရရှိရေး၊ သင့်တင့်မျှတပြီး ပြည်သူအများ လိုက်နာထမ်းဆောင်နိုင်သော အခွန်နှုန်းထားများဖြစ်စေရေး၊ ပြည်သူအများ အခွန်ဆိုင်ရာ အသိပညာ၊ ဗဟုသုတတိုးပွားပြီး လိုလားစွာ အခွန်ထမ်းဆောင်လာစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသော အခွန်စနစ်ဖြစ်ပေါ်လာရေး၊ အခွန်တိမ်းရှောင်မှုများ ပပျောက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် အခွန်ဝန်ထမ်းများ၏ စိတ်ထားခံယူချက်၊ လုပ်ဆောင်ချက်များ ပြုပြင်ပြောင်းလဲရေး၊ ဆုပေးဒဏ်ပေးစနစ်ကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်ရေး၊ အခွန်ပညာပေးမှု ပိုမိုလုပ်ဆောင်ရေး၊ နိုင်ငံတကာအဆင့်မီ အခွန်စနစ် ဖြစ်ပေါ်လာစေရေးတို့အတွက် တာဝန်ရှိသည့် ဌာနအဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး အခွန်ထမ်းပြည်သူများဘက်ကလည်း မိမိတို့၏ ပုဂ္ဂလိကအကျိုးစီးပွားတစ်ခုတည်းကိုသာ မကြည့်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အခွန်တာဝန်ကို လိုလားစွာ ထမ်းဆောင်လာကြစေရန် လိုအပ်ပါကြောင်း။

အခွန်ထမ်းများ၏ အခွန်ထမ်းဆောင်မှု၊ အခွန်ဝန်ထမ်းများ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရာတွင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်၍ လိုအပ်သည်များကို ဆွေးနွေးအကြံပြုပေးကြပါရန်နှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေမူကြမ်းကို ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ တင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ ကြမ်းနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးတို့ကိုယ်စား ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်ထောင်စုလွှတ်တော်ရုံးကိုယ်စား ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ရုံးကိုယ်စား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က သက်ဆိုင်ရာရုံး အလိုက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ရငွေ၊ သုံးငွေလျာထားချက်များကို လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

**(သတင်းစဉ်)**

# မိမိတို့၏ဒေသနှင့် နိုင်ငံအတွက် မိမိတို့စွမ်းဆောင်ရည်ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်တိုက်တွန်း

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်သက်တမ်းမှာ မကြာမီတစ်နှစ်ပြည့်တော့မည်ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်တိုင်ဆောင်ရွက်မှု၊ လေ့လာမှုနှင့် အတွေ့အကြုံများကြောင့် စွမ်းရည်မြင့်မားလာပြီဟု ယုံကြည်ပါကြောင်း။

လွှတ်တော်အားလပ်ရက်အတွင်းတွင်လည်း မိမိမဲဆန္ဒနယ်မှ ပြည်သူများနှင့် ထိတွေ့ပြီးဖြစ်သည့်အတွက် မိမိမဲဆန္ဒနယ်၏ လိုအပ်ချက်များကို လေ့လာသိရှိလာပြီးဖြစ်သည့်အတွက် ယခုအကြိမ်အစည်းအဝေးတွင် မိမိတို့၏ဒေသနှင့် မိမိတို့နိုင်ငံအတွက် မိမိတို့စွမ်းဆောင်ရည်ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုင်းစံအောင်က **"ချင်းရွှေဟော်မြို့ကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ် အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက်ပေါက်အဖြစ် သတ်မှတ်ပြီး ကမ္ဘာလှည့်ခရီးသည်နှင့် ဘုရားဖူးများ ဝင်ထွက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းကို မေးမြန်းရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက် ဖွင့်လှစ်ရန်မှာ နိုင်ငံတော်အဆင့် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ရမည့် ကိစ္စများဖြစ်ခြင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒချမှတ်ပေးမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ခြင်း၊ ကျင့်သုံးလျက်ရှိသော နိုင်ငံခြားရေးမူဝါဒများနှင့်အညီ နှစ်ဖက်ဒေသဆိုင်ရာ အာဏာပိုင်များ တွေ့ဆုံညှိနှိုင်းပြီး နှစ်နိုင်ငံသံတမန်လမ်းကြောင်းမှ အပြန်အလှန် ဆက်သွယ်၍ ဆောင်ရွက်သွားရန် လိုအပ်ခြင်းတို့ကြောင့် ချင်းရွှေဟော်စစ်ဆေးရေးဂိတ်အား အပြည်ပြည်ဆိုင်ရာ တရားဝင် ဝင်ပေါက်၊ ထွက်ပေါက်အဖြစ် သတ်မှတ်ထားခြင်း မရှိပါကြောင်း။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ထို့ကြောင့် အဆိုပါ စစ်ဆေးရေးဂိတ်အား မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်အဖြစ် သတ်မှတ်၍ ကမ္ဘာလှည့်ခရီးသည်နှင့် ဘုရားဖူးများ ဝင်ထွက်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၏ **"၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော ကျိုင်းတုံဆရာအတတ်သင် ဌာနခွဲအတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ၎င်းဌာနခွဲသို့ သွားရောက်ပညာသင်ကြားပေးမည့် ဝန်ထမ်းများ စေလွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍လည်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် လှည်းကူးပညာရေးကောလိပ်၏ ကျောင်းခွဲအဖြစ် ကျိုင်းတုံဆရာအတတ်သင်ဌာနခွဲကို ကျိုင်းတုံတက္ကသိုလ်၌ စတင်ဖွင့်လှစ်ခဲ့ပြီး လှည်းကူးပညာရေးကောလိပ်မှ ဆရာ ဆရာမများအား သင်တန်းအမှတ်စဉ်အလိုက် အလှည့်ကျစနစ်ဖြင့် သွားရောက်ပညာသင်ကြားပေးစေခဲ့ပါကြောင်း။

လှည်းကူးပညာရေးကောလိပ်တွင် ဖွင့်လှစ်ရမည့် D.T.Ed အမှတ်စဉ် (၂၀/၂၀၁၅) ပထမနှစ်သင်တန်းသို့ ကျိုင်းတုံဒေသမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား တက်ရောက်နိုင်

*စာမျက်နှာ ၈ သို့*

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပြန်လည်စတင်၊ စိုက်ပျိုးရေးဆိုင်ရာများ မေးမြန်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ငါးဦးတို့က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ကာလသည် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် အလေးထားကြိုးပမ်း ဆောင်ရွက်နေဆဲကာလဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဥပဒေပြုရေးမဏ္ဍိုင်ကို ကိုယ်စားပြုကာ ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

လွှတ်တော်များ၏ သဘောသဘာဝအတိုင်း သဘောကွဲလွဲခြင်း၊ အမြင်မတူညီခြင်းများရှိကြသော်လည်း မိမိတို့ အားလုံးသည် အမျိုးသားအကျိုးစီးပွားကို ရှေးရှု၍ ဆွေးနွေးညှိနှိုင်းကြပြီး စည်းလုံးညီညွတ်စွာ ဆုံးဖြတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ကြမည့် ခရီးလမ်း၏ အရေးအကြီးဆုံး အရွေ့တစ်ခုဖြစ်သော ထာဝရငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ငြိမ်းချမ်းရေးအတွက် စုပေါင်းဆွေးနွေး အဖြေရှာနေကြသည့်ကာလတွင် မိမိတို့ ကိုယ်စားလှယ်များ အနေဖြင့်လည်း အချင်းချင်း စိတ်ဝမ်းကွဲပြားစေမည့်၊ အထင်အမြင်လွဲမှားစေမည့် အပြုအမူ၊ အပြောအဆိုများကို သတိပြုရှောင်ရှားစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးနှင့် စတုတ္ထပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ရာတွင် **ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ ဖြိတိန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ လာအိုနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေးခရီးစဉ်များကို** လွှတ်တော်သို့ အသိပေးခြင်း၊ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် အိမ်မဲ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ၏ **ယခုနှစ် မိုးရာသီတွင် ရေနစ်မြုပ်ခဲ့သည့် ဒေသများရှိ ပျက်စီးခဲ့သော လယ်ယာများအတွက် မျိုးစပါးများ ကူညီခဲ့သော်လည်း စိုက်ပျိုးချိန်မမီတော့သည့် တောင်သူလယ်သမားများကို ဆောင်းသီးနှံနှင့်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

**နွေစပါးတို့အတွက် မျိုး(စပါး) ကူညီပေးရန် အစီအစဉ် ရှိ / မရှိ** မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရေကြီးနစ်မြုပ်ပျက်စီး၍ စပါးပြန်လည်မစိုက်ပျိုးနိုင်သော ဧရိယာများတွင် ဆောင်းသီးနှံ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ စိုက်ပျိုးမည့် တောင်သူများအတွက် မျိုးဝယ်ယူရရှိရေး၊ စိုက်ချိန်မှန်ကန်ရေးနှင့် မြေယာပြုပြင်ထွန်ယက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၏ **၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွင်း မြစ်ရေကြီးမှုကြောင့် တောင်သူလယ်သမားများ၏ လယ်ယာမြေများ နစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့မှုအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သီးသန့်ရန်ပုံငွေအဖြစ် ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ဧရာဝတီတိုင်းဒေသကြီးတွင် တာတမံများ ကြံ့ခိုင်တောင့်တင်းမှု အားနည်းသောကြောင့် မြစ်ရေကြီးခြင်းနှင့်အတူ လမ်းတံတားများ ပျက်စီးဆုံးရှုံးမှုများဖြင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ထို့အတွက် ၂၀၁၆ ခုနှစ်တွင် ပျက်စီးခဲ့သည့် တာတမံများ၊ လမ်းတံတားများ ပြန်လည်ပြင်ဆင်ရန်၊ သီးနှံစိုက်ပျိုးမှုအတွက် အစားထိုးပြန်လည်စိုက်ပျိုးရန်နှင့် ရာသီချိန်နှင့် လိုက်လျောညီထွေရှိသည့် သီးနှံများ ပြောင်းလဲစိုက်ပျိုးရေးအတွက် လိုအပ်ရန်ပုံငွေကျပ် ၁၁ ဒသမ ၃၃၃ ဘီလီယံကျော်ကို သီးသန့်ရန်ပုံငွေမှ ကျခံဆောင်ရွက်ရန်အတွက် ခွင့်ပြုချက်ရရှိခဲ့ပါကြောင်း၊ ၂၀၁၆ မိုးရာသီတွင် ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ စံချိန်တင် မြစ်ရေမြင့်တက်ခဲ့မှုကြောင့် ကျိုးပေါက်တာတမံများ အခိုင်အမာပြန်လည်ပြုပြင်ရေး၊ ၂၀၁၇ ခုနှစ် မိုးရာသီ ရေဘေးအန္တရာယ် မဖြစ်စေရန်အတွက် ပြင်ဆင်ရန်လိုအပ်သည့် တာတမံများ ပြင်ဆင်ရေး စုစုပေါင်းလုပ်ငန်း ၁၈ ခုအတွက် ငွေကျပ် သန်းပေါင်း ၄၁၉၀ ဒသမ ၆၆၇ သန်း ခွင့်ပြုချက် ရရှိခဲ့ပါကြောင်း၊ သီးနှံအစားထိုး စိုက်ပျိုးနိုင်ရေးအတွက် သီးနှံအလိုက် ထောက်ပံ့ကြေးငွေကျပ် သန်းပေါင်း ၄၇၄၉ ဒသမ ၃၈၀ သန်း ခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး ငါးခုတွင် ပျက်စီးခဲ့သည့် ကျေးလက်လမ်း၊ တံတားများအတွက် ငွေကျပ် သန်းပေါင်း ၁၂၂၀ ဒသမ ၁၄၀ သန်း၊ တံတားများအတွက် ငွေကျပ် သန်းပေါင်း ၁၂၅၁ ဒသမ ၁၆၀ သန်း စုစုပေါင်းရန်ပုံငွေ ငွေကျပ် သန်းပေါင်း ၁၁၃၃၃ ဒသမ ၁၂ သန်းကို ကျေးလက်ရန်ပုံငွေမှ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့အပြင် စေတုတ္တရာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၊ ရပ်စောက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်နှင့် ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်းတို့ မေးမြန်းကြသည့် လမ်း၊ ဆည်၊ ဆည်မြောင်း တာတမံကိစ္စရပ်များအပေါ် ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် သာပေါင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း လွန်ခဲ့သော နှစ် ၈၀ ကျော်ကပင် ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကိုလည်း ဈေးကွက်စီးပွားရေးနှင့်အညီ ပြောင်းလဲချိန်တန်ပြီဖြစ်၍ နိုင်ငံတော်ရှိ တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်၊ စည်းကြပ်ကောက်ခံရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို တင်သွင်းရာ မြန်အောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်က အဆိုအပေါ် ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အဆိုအပေါ် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူရာ၌ လွှတ်တော်က ထောက်ခံသဖြင့် အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းကို လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များအနေဖြင့် အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

စေရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ လှည်းကူးပညာရေးကောလိပ်တွင် တွဲဖက်တာဝန်ထမ်းဆောင်နေသော ကသာပညာရေးကောလိပ်မှ နည်းပြဆရာ ဆရာမများအား အင်အားပြအဖြစ် ဝင်ရောက်စေခြင်းမျိုးမဟုတ်ဘဲ သင်ကြားပုံ၊ သင်ကြားနည်းများကို သက်ဆိုင်ရာဘာသာရပ်အလိုက် လေ့လာသင်ယူသူများအဖြစ် တာဝန်ပေးထားခြင်းဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာစာပေဘာသာရပ်၊ ဖွံ့ဖြိုးရေးဘာသာရပ်၊ သင်ပြနည်း ဘာသာရပ်များအား လေ့လာသင်ယူစေပြီး သင်ကြားရေးတာဝန်ကိုပါ ဆောင်ရွက်စေလျက်ရှိပါကြောင်း။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် လှည်းကူးပညာရေးကောလိပ်မှ ဆရာဆရာမများအပါအဝင် စုစုပေါင်းဝန်ထမ်း ၂၅ ဦးအား ကျိုင်းတုံတက္ကသိုလ်သို့ စေလွှတ်ခဲ့ရာ မီးဖွားခွင့်ယူထားသူများနှင့် ကျန်းမာရေးမကောင်းသူများ၏ နေရာတွင် ဘာသာရပ်အလိုက် သင်ကြားပြသနိုင်သူများကို အစားထိုးရွေးချယ်စေလွှတ်ခဲ့ပါကြောင်း။

လှည်းကူး ပညာရေးကောလိပ် (ကျိုင်းတုံ ဆရာအတတ်သင်ဌာနခွဲ) အတွက် လက်ရှိတာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများအနက် အလှည့်ကျစနစ်ဖြင့် ဘာသာရပ်အလိုက် စေလွှတ်မှုများပြုလုပ်ခဲ့ရာ ယခုအခါတွင် စတုတ္ထအကြိမ်သွားရမည့် အလှည့်ဖြစ်ပါကြောင်း၊ အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် မသွားရောက်နိုင်၍ လှည်းကူးပညာရေးကောလိပ် ဒုတိယကျောင်းအုပ်ကြီးနှင့်ညှိနှိုင်း၍ တွဲဖက်တာဝန်ထမ်းဆောင်နေသူများအား သင်ကြားပုံ၊ သင်ကြားနည်းများ လေ့လာသင်ယူစေပြီး တာဝန်ပေးစေလွှတ်ရန် အစီအစဉ်များ ပြုလုပ်ထားပြီးဖြစ်ပါကြောင်း။

ကျိုင်းတုံဆရာအတတ်သင်ဌာနခွဲ၏ တာဝန်ခံကျောင်းအုပ်ကြီးက ဆရာဆရာမများနှင့် ဝန်ထမ်းများ၏ နေထိုင်စားသောက်ရေးအတွက် လိုအပ်ချက်များကို အဆင့်ဆင့်တင်ပြပြီး ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အဆိုပါဌာနခွဲအား ပညာရေးကောလိပ်အဖြစ် ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိလာသည့် အချိန်တွင် သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် လိုအပ်သောဘာသာရပ်ဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို ပြည့်စုံစွာဖြည့်ဆည်းဆောင်ရွက်နိုင်ရေး လျာထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့အပြင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဇော့တင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍လည်း ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွှန့်နှင့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့ ပြန်လည်ဖြေကြားခဲ့ကြသည်။

ယင်းနောက် ဥပဒေကြမ်း ကော်မတီဝင် ဒေါ်ကျိုန်ငိုက်မန်က **"မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်း"** ကို လွှတ်တော်၏ သဘောထားရယူ၍ ပြင်ဆင်ချက်များအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**



# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဒေလီမြို့၌ကျင်းပသည့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၃၀**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းငွေနှင့် အတူ အိန္ဒိယသမ္မတနိုင်ငံ ဒေလီမြို့ Taj Palace Hotel ရှိ Shahjehan Ballroom တွင် ဇန်နဝါရီ ၂၉ရက် ညနေ ၆ နာရီက ကျင်းပသည့် အိန္ဒိယနိုင်ငံ Sasakawa Leprosy Foundationမှ အိန္ဒိယနိုင်ငံ အနာကြီးရောဂါဝေဒနာရှင်များ စုပေါင်းနေထိုင်သည့် ကျေးရွာများမှ ရွာသူ ရွာသားအချို့အား ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

(မိုး/ဇလ)

# တောဆင်ရိုင်းတွေရဲ့ စားကျက်သစ်

**အောင်ငြိမ်းချမ်း / Myanmar Now**

***မြစ်ဝကျွန်းပေါ်ဒေသ တောဆင်တွေဟာ လူတွေရဲ့အစားအစာကို နှစ်သက်လာကြပြီး စပါးရိတ်သိမ်းချိန်မှာ လယ်ကွင်းထဲ ရောက်လာတတ်ကြပါတယ်။***



ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့က ဦးပေါက်စရဲ့လယ်ကွင်းထဲ စိုက်ထားတဲ့စပါးပင်တွေကို လူနဲ့ဆင် ဦးတဲ့သူယူရသလို ဖြစ်နေတာ နှစ်အတော်ကြာပါပြီ။ တောဆင်ရိုင်းတွေ အကုန်လုံးဝင်စားသွားလို့ စပါးတစ်ပင်မှ မရိတ်လိုက်ရတဲ့ နှစ်တောင် ရှိခဲ့ဖူးပါတယ်။

နိုဝင်ဘာလလယ်ပိုင်း ညဘက် လယ်ကွင်းထဲရောက်လာတဲ့ တောဆင်ရိုင်း ကိုးကောင်ကတော့ မနက်မှ ပြန်သွားတယ်၊ သူ့စပါးခင်း ခြောက်ဧကထဲက တစ်ဧကနီးပါး ပျက်စီးသွားတယ်လို့ ဦးပေါက်စက ဆိုပါတယ်။

"သူတို့က အုပ်နဲ့လာတာဆိုတော့ ကျွန်တော်တို့က တိုးမလိုက်ရဲဘူးလေ။ အဲဒီညကတော့ ဒီအတိုင်း အော်ရင်းဟစ်ရင်းနဲ့ပဲ မိုးလင်းသွားတာပဲ။ သူတို့လည်း မိုးလင်းမှပဲ ပြန်သွားတယ်"လို့ ဘူးကွဲကြီးရွာသား ၅၂ နှစ်အရွယ် လယ်သမားကြီး ဦးပေါက်စက စိတ်ပျက်လက်ပျက် ညည်းညူပါတယ်။

တောထဲမှာ အရွယ်အစားအကြီးမားဆုံး သတ္တဝါဖြစ်တဲ့ ဆင်ရိုင်းတွေဟာ အစာရေစာပေါ်များတဲ့နေရာတွေကို ရွှေ့ပြောင်းကျက်စားကြရာကနေ လူတွေနဲ့နီးတဲ့ နေရာကို နှစ်စဉ်ရောက်လာကြပါပြီ။ သူတို့ ရောက်လာတတ်တာကတော့ စပါးရင့်မှည့်ချိန်၊ စပါးပေါ်ချိန်တွေမှာပါ။

ဆင်တွေက အစားအသောက်ရဖို့ စပါးခင်း၊ ငှက်ပျောခင်းထဲ ရောက်လာသလို လူတွေကလည်း ပင်ပင်ပန်းပန်း အချိန်ယူစိုက်ပျိုးထားတဲ့သီးနှံတွေ ပျက်စီးဆုံးရှုံးခြင်းမရှိစေရေးအတွက် ခြောက်လှန့်မောင်းထုတ်ရတဲ့အတွက် လူနဲ့ ဆင် ထိပ်တိုက်တွေ့လာကြပါတော့တယ်။

**စားကျက်သစ်**

သက်တမ်း နှစ် ၆၀ ခန့်အထိ နေထိုင်နိုင်ကြတဲ့ တောဆင်ရိုင်းတွေဟာ လေးငါးကောင်ကနေ ကောင်ရေ ၈၀ ခန့်အထိ အုပ်စုဖွဲ့နေလေ့ရှိကြပါတယ်။ လမ်းလျှောက်နှုန်းက တစ်နာရီကို တစ်မိုင်ခွဲ အနည်းဆုံးရှိပြီး တစ်ရှိန်ထိုးပြေးလိုက်ရင် မြန်နှုန်းက မိုင် ၃၀ ခန့်အထိ ရှိပါတယ်။

တောဆင်ရိုင်းအန္တရာယ် အဆိုးရွားဆုံးရင်ဆိုင်နေရတဲ့ ဒေသတွေထဲမှာ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ ရခိုင် အစရှိတဲ့ ပြည်နယ်၊ တိုင်းဒေသကြီးတွေ ပါဝင်ပါတယ်။ တစ်နိုင်ငံလုံးမှာ တောဆင်ကောင်ရေ ၂၀၀၀ ကနေ ၂၅၀၀ ကြား ရှိမယ်လို့ သစ်တောဌာနက ခန့်မှန်းပါတယ်။

တောဆင်ရိုင်းက စားကျက်မကောင်းတော့ရင် စားစရာရှိတဲ့နေရာကို ရွှေ့တတ်ကြတယ်လို့ သစ်တောဌာန ညွှန်ကြားရေးမှူး ဦးမျိုးမင်းက ပြောပါတယ်။

"စပါးခင်းတို့၊ ငှက်ပျောခင်းတို့ကို ဝင်စားလို့ အဆင်ပြေတယ်ဆိုရင် အဲဒါဆိုရင် သူတို့က မှတ်ထားတယ်ဗျ။ ဒီနေရာဟာ သူတို့အတွက် အစာထောက်ပံ့နိုင်တယ်ပေ့ါ။ ဒါကြောင့် နောက်နှစ် နောက်နှစ်တွေကျရင်လည်း သူတို့က ဒီလမ်းကြောင်းအတိုင်းပဲ ချဉ်းကပ်လေ့ရှိတယ်"ဟု သစ်တောဌာန ညွှန်ကြားရေးမှူးက ရှင်းပြသည်။

**သစ်တောပြုန်းတီးမှု များလာပြီး ဆင်တွေအတွက် တောတွင်းအစာရေစာ ရှားပါးလာပါပြီ။ ရလဒ်ကတော့ တောဆင်တွေဟာ သူတို့ရှာဖွေတွေ့ရှိထားတဲ့ စားကျက်မြေအသစ်ရှိရာ စပါးခင်းတွေဆီကို ရောက်လာတော့တာပါပဲ။**

တောဆင်တွေက အစားအသောက်နေထိုင်ပုံတွေ ပြောင်းလာတယ်၊ လူတွေစိုက်ပျိုးထားတဲ့ သီးနှံတွေရှိတဲ့နေရာဟာ သူတို့နှစ်သက်တဲ့ စားကျက်ဖြစ်လာတယ်လို့ ဦးမျိုးမင်းက သုံးသပ်ပါတယ်။ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society - WCS) အကြီးတန်းနည်းပညာညှိနှိုင်းရေးမှူး ဦးစောထူးသာဖိုးကလည်း အလားတူပြောပါတယ်။

"စားဖူးသွားရင်တော့ ဒီရာသီရောက်ရင် ဘယ်နေရာမှာတော့ စားကောင်းသောက်ဖွယ်တွေရှိပြီဆိုပြီး အဲဒီအချိန်မှာ သူတို့က ဆင်းစားတော့တာပဲ"ဟု ဦးစောထူးသာဖိုးက ဆိုသည်။

ကမ္ဘာ့တောရိုင်းသဘာဝစောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့(World Wildlife Fund – WWF) ရဲ့မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံ Mr. Christy Williams က ဆင်တွေဟာ မြက်၊ သစ်ခေါက်၊ သစ်ရွက်တွေနဲ့ အခြားအညွန့်တွေကို စားတယ်၊ မြက်ကတော့ သူတို့အတွက် အဓိကအစားအစာဖြစ်တယ်လို့ ပြောပါတယ်။

"လူသားတွေဟာ နှစ်ထောင်ပေါင်းများစွာကစပြီး မြက်အမျိုးအနွယ်တွေဖြစ်တဲ့ စပါး၊ ကြံနဲ့ ဂျုံတို့လို အပင်တွေကို စိုက်ပျိုးလာတာပါ၊ ဆင်တွေရဲ့မျက်လုံးနဲ့ အသိဉာဏ်ထဲမှာတော့ ဒီစိုက်ခင်းတွေဟာ မြက်ခင်းတွေ ဖြစ်နေတတ်တယ်။ စပါး၊ ကြံနဲ့ ဂျုံပင်တွေက အရသာရှိတယ်၊ အာဟာရရှိတယ်။ ဒါကြောင့် ဆင်တွေက အခြားအပင်ရိုင်းတွေနဲ့နှိုင်းယှဉ်ရင် ပိုအရသာရှိတဲ့ ဒီအပင်တွေကို ပိုကြိုက်ကြတာပါ"ဟု ဆင်တွေအကြောင်း အထူးပြုလေ့လာထားသည့် Mr. Christy Williams က ရှင်းပြသည်။

"ဒါကြောင့် လူတွေက တောတွေကိုရှင်းပြီး စပါးလိုကောက်ပဲသီးနှံတွေကို စိုက်ပျိုးတဲ့နေရာတွေမှာ ဆင်တွေက ဒီအပင်တွေရဲ့ အရသာကိုသိပြီး ဝင်စားဖို့ ဘူးကွဲကြီးလိုရွာမျိုးကို ဝင်လာတာဖြစ်ပါတယ်"

**ဆင်မောင်းခြင်း**

ငွေဆောင်မှာတော့ ရွာသားတွေက ဆင်အန္တရာယ်ကိုကာကွယ်ဖို့အတွက် စုပေါင်းလုပ်ဆောင်နေကြတာ တွေ့ရပါတယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကာကွယ်နေကြတဲ့ နည်းလမ်းတွေထဲမှာ ညတိုင်းနီးပါး လယ်စောင့်တဲမှာအိပ်စောင့်ပြီး အနီးအနားကို ဆင်ရောက်မလာနိုင်အောင် ဝါးလက်ခုပ်အကြီးစားတွေနဲ့ တီးခတ်ခြောက်လှန့်တာ၊ ဆင်လာနေကျလမ်းကြောင်းတွေမှာ အတားအဆီးတွေ ပြုလုပ်တာတို့ ပါဝင်ပါတယ်။

နေ့ခင်းဘက်မှာ ဆင်ရိုင်းတွေက တောထဲမှာပဲ ကျက်စားကြပြီး ညရောက်မှ စပါးခင်း၊ ငှက်ပျောခင်းတွေထဲ ဝင်ရောက်ကြတာပါ။ လူတွေအိပ်မောကျချိန်မှာ ရောက်လာတတ်တာကြောင့် သူတို့ကိုပြန်လည်ခြောက်လှန့်ဖို့ အခြေအနေမပေးပါဘူး။ အသက်အန္တရာယ်အတွက် ကိုယ်လွတ်ရုန်းပြေးရပါတယ်။ ဒါကြောင့် ဆင်ရိုင်းတွေ တောထဲကထွက်လာတဲ့အခါ ကြိုတင်သိရှိနိုင်ဖို့ဆိုပြီး သူတို့လာတတ်တဲ့ လမ်းကြောင်းမှာ အသံ"ထောင်ချောက်"တွေ ဆင်ထားကြတာမျိုးကို ငွေဆောင်ဒေသမှာ တွေ့ရမှာပါ။

"ဆင်ဝင်လာခဲ့ရင် ဆင်ဆိုတာက သူ့ရှေ့မှာ တားနေရင်မရဘူးလေ၊ ဆွဲချိုးပစ်မှာ။ ချိုးတဲ့အခါကျတော့ ဝါးလုံးအခြောက်ဆိုတော့ ဖြောင်းခနဲ အသံကြားရတယ်။ ဝါးလုံးကျိုးတဲ့အသံကြားရင် ဒါက ဆင်လာပြီဆိုတာ ကျွန်တော်တို့က တပ်အပ်သိတယ်။ ဖြုန်းစားကြီးဆိုရင် မသိဘူး"ဟု ဦးပေါက်စက ဆင်လာလေ့ရှိတဲ့ တောင်စောင်းနှစ်ခုကြားကလမ်းမှာ ကန့်လန့်ဖြတ်တန်းထားတဲ့ ဝါးလုံးခြောက်တစ်လုံးကိုပြပြီး ရှင်းပြသည်။

စပါးခင်းတွေကို အပေါ်စီးကနေလှမ်းမြင်နိုင်တဲ့ တောင်စောင်းလေးမှာ ခိုင်ခိုင်ခံ့ခံ့ဆောက်လုပ်ထားတဲ့ ဦးပေါက်စရဲ့ လယ်စောင့်တဲဝန်းကျင်မှာတော့ ဆင်တွေနှစ်သက်တဲ့ ငှက်ပျောပင်တန်းတွေ ရှိနေပါတယ်။ တဲရဲ့ ၁၀ ပေခန့်အကွာမှာ ဝါးလုံးခပ်ကြီးကြီးတစ်လုံးကို ဝါးလက်ခုပ်ပုံ ပြုလုပ်ထားပါတယ်။

"ကျွန်တော်တို့က ဒီတဲလေးရဲ့အစွန်နားမှာနေတယ်။ တစ်ညလုံး အိပ်ရာကနေ ဝါးလက်ခုပ်အသံမြည်အောင် ဒီကြိုးလေးကိုဆွဲပြီးတော့ ဆင်ကို လှန့်တာပေ့ါ"ဟု ဦးပေါက်စက ပြောပြီး ဝါးလက်ခုပ်မှာ ချည်နှောင်ထားတဲ့ကြိုးကိုဆွဲပြီး ဝါးလက်ခုပ် တီးပြပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ မြန်မာ့သစ်လုပ်ငန်းရဲ့ ဆင်ဆေးကုဆရာဝန် ဒေါက်တာမျိုးမင်းအောင်က ဆင်အန္တရာယ်ကာကွယ်တဲ့ နည်းလမ်းတွေထဲမှာ ပြောက်အိုးဖောက်ခြင်း၊ ငရုတ်သီးအငွေ့တိုက်ခြင်းတို့ ပါဝင်တယ်လို့ ဆိုပါတယ်။

"နောက်တစ်ခုကတော့ ပျားမွေးမြူလို့ ရတယ်။ ပျားကို ဆင်ကကြောက်တယ်။ အဲဒီလို ဆင်လာမယ့်လမ်းတွေမှာ ဒေသခံတွေက ပျားတွေမွေးပြီးတော့ ပျားခြံစည်းရိုးလိုမျိုး လုပ်မယ်ဆိုရင်လည်း ဆင်အန္တရာယ်က ကင်းနိုင်တယ်"ဟု ပြောသည်။

Mr. Christy Williams ကတော့ ဆင်တွေကြိုက်တတ်တဲ့ အစားအစာတွေ စိုက်တာကို လျှော့ချပြီး သူတို့မကြိုက်တတ်တာတွေကို စိုက်ဖို့ အကြံပြုပါတယ်။

ဆူးပါတဲ့အပင်၊ ငရုတ်ပင်၊ ရော်ဘာပင်တို့ကို စပါးခင်းဘေး ကာရံစိုက်ပျိုးခြင်း၊ တူးမြောင်းတူးခြင်း၊ မီးထွန်းခြင်း၊ အချက်ပေးကိရိယာ တပ်ဆင်ခြင်း စတဲ့ နည်းလမ်းများစွာလည်း ရှိနေကြောင်း ဆင်အကြောင်း လေ့လာသူတို့က ဆိုသည်။

WCS အရာရှိတစ်ယောက်ဖြစ်တဲ့ ဦးစောထူးသာဖိုးကတော့ "နည်းလမ်းအမျိုးမျိုးက အားသာချက်ရှိသလို အားနည်းချက်တွေလည်း ရှိနေတာပဲ၊ အဓိကကတော့ လူအင်အား၊ ငွေကြေးနဲ့ နည်းပညာအားလုံး လိုအပ်တယ်"ဟု ဆိုသည်။

**မြို့ဆင်နဲ့ တောဆင်**

ဆင်ရိုင်းတွေကို မောင်းထုတ်ရာမှာ သစ်ထုတ်လုပ်ငန်းမှာ အကြီးအကျယ်အသုံးပြုနေတဲ့ ဆင်တွေကလည်း အင်မတန် အသုံးဝင်ပါတယ်။ အဲဒီလိုဆင်မျိုးကိုတော့ ကွန်ဂျီဆင်လို့ ခေါ်ကြတာပါ။ ဆင်ရိုင်းအန္တရာယ်ရင်ဆိုင်နေရတဲ့ ဘူးကွဲကြီးအပါအဝင် ရွာတချို့ကတော့ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာနက စေလွှတ်တဲ့ ဆင်ထိန်းသူတချို့နဲ့ ဆင်လိမ္မာသုံးကောင်ရဲ့ အကူအညီရနေပါတယ်။

ဒီလိုအခြေအနေမှာပဲ ရွာနဲ့ သိပ်မဝေးတဲ့ဒေသမှာ ဆင်ရိုင်းတချို့ကျန်နေသေးတယ်လို့ ဆိုပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့သစ်လုပ်ငန်းဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးညီညီထွန်းက အရေးပေါ်ဆင်ပဋိပက္ခဖြေရှင်းရေးအဖွဲ့တွေ ဖွဲ့စည်းထားပြီးပြီလို့ ပြောပါတယ်။ ရပ်ရွာအဖွဲ့အစည်းတွေ၊ အာဏာပိုင်တွေ အကြောင်းကြားလာရင်တော့ အကူအညီလိုတဲ့နေရာကို ကွန်ဂျီဆင်တွေနဲ့ အတူ အရောက်သွားဖို့ အဆင်သင့်ပါပဲလို့ သူက ဆက်ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်အတွင်း သစ်လုပ်ငန်းဌာနရဲ့ ကူညီမှုကြောင့် ဒေသတွင်းမှာ ဆင်အန္တရာယ်လျော့ကျခဲ့ပါတယ်။

ဒေါက်တာ မျိုးမင်းအောင်ကတော့ ဧရာဝတီတိုင်းဒေသကြီးမှာ ကွန်ဂျီဆင် ငါးကောင်ပဲရှိတယ်၊ နောက်ထပ် လေးကောင်လောက်တော့ ရှိသင့်တယ်လို့ ယူဆပါတယ်။

လမ်းသစ်ဖောက်၊ ရေလှောင်တမံဆောက်၊ သစ်ထုတ် စသဖြင့် လူတွေကြောင့် ဖြစ်ပေါ်လာတဲ့ သစ်တောပြုန်းတီးမှုများလာပြီး ဆင်တွေအတွက် တောတွင်းအစာရေစာ ရှားပါးလာပါပြီ။ ရလဒ်ကတော့ တောဆင်တွေဟာ သူတို့ရှာဖွေ တွေ့ရှိထားတဲ့ စားကျက်မြေအသစ်ရှိရာ စပါးခင်းတွေဆီကို ရောက်လာတော့တာပါပဲ။ ဒီလိုရောက်လာတာကလည်း နှစ်စဉ် ပွင့်လင်းရာသီရောက်တိုင်းပါပဲ။

ဒီနှစ်ပိုင်းမှာ စပါးခင်းတွေ ဖျက်ဆီးခံရမှု ပိုများလာတာကြောင့် ငွေဆောင်က လယ်သမားကြီး ဦးပေါက်စကတော့ စပါးပင်တွေကိုသာမက လယ်ကွက်ကိုပါ စွန့်လွှတ်လိုက်ဖို့ စဉ်းစားနေပါတယ်။

"ဝယ်သူရှိရင် ရောင်းလိုက်တော့မယ်လို့တောင် စဉ်းစားထားပါတယ်ဗျာ။ ဘာလို့လဲဆိုတော့ အသက်အန္တရာယ် အင်မတန်ရှိနေတယ်။ နောက်နှစ်လည်း ဆင်တွေထပ်မလာဘူးလို့ ယူဆလို့မရဘူး။ လာဦးမှာပဲ"ဟု ဦးပေါက်စက ပြောလိုက်ပါတယ်။ ။

---

## သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသူအား ဖမ်းဆီးဟန့်တားပေးစဉ် သေဆုံးခဲ့သည့် ဦးနေဝင်းအား လူမှုဝန်ထမ်းက ထောက်ပံ့ကူညီ

**ရန်ကုန် ဇန်နဝါရီ ၃၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဥပဒေအကြံပေးနှင့် တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အထွက်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုကြောင့် သေဆုံးခဲ့ရမှုဖြစ်စဉ်တွင် တက္ကစီယာဉ်မောင်း ဦးနေဝင်းက သေနတ်သမားကို ဟန့်တားရန် ကြိုးပမ်းစဉ် သေနတ်သမားက သေနတ်ဖြင့် ပစ်ခတ်ရာ သေဆုံးသွားခဲ့ရသည်။

ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီက သေဆုံးသူ တက္ကစီယာဉ်မောင်းနေထိုင်ရာ မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက် မြတောင်ညို(၁)လမ်း အမှတ်(၃၀)နေအိမ်သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကူညီထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ညွှန်ကြားရေးမှူးများဖြစ်သည့် ဦးမျိုးဆက်အောင်နှင့် ဦးဝင်းရွှေတို့ သွားရောက်ကာ ကွယ်လွန်သူ၏ဇနီး ဒေါ်စုသက်ခိုင်သို့ နှစ်သိမ့်အားပေးစကားပြောကြားကာ ပေးအပ်သည်။ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်ကလည်း ငွေကျပ် ၅၀၀၀၀ ထောက်ပံ့ပေးသည်။ ကွယ်လွန်သူ ဦးနေဝင်းတွင် ခုနစ်နှစ်အရွယ် ဒုတိယတန်းကျောင်းသား မောင်ဘုန်းမြတ်ကျော်၊ သုံးနှစ် ခြောက်လအရွယ် မောင်လင်းလက်မြတ်ကျော်နှင့် အမည်မပေးရသေးသော (၄၅) ရက်သား ယောကျ်ားလေးတစ်ဦးရှိရာ အသက် သုံးနှစ်ခွဲအရွယ်ရှိ မောင်လင်းလက်မြတ်ကျော်အား လူမှုဝန်ထမ်းဦးစီးဌာန မြောက်ဥက္ကလာပ မူလတန်းကြိုကျောင်း၌ ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကျောင်းတက်နိုင်ရန် ညွှန်ကြားရေးမှူးက စီစဉ်ပေးခဲ့သည်။ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်း ဒုတိယတန်းတွင် ပညာသင်ကြားနေသော မောင်ဘုန်းမြတ်ကျော်အတွက် လိုအပ်သောကူညီမှုများ ပေးသွားမည်ဟု သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



# ထောင်နှင့်ချီသော ကန်နိုင်ငံသားများ လူဝင်မှုကြီးကြပ်ရေးဥပဒေသစ်ကို ဆန္ဒပြ

**ဝါရှင်တန် ဇန်နဝါရီ ၃၀**

သမ္မတအိမ်ဖြူတော်ရှေ့တွင် ထောင်နှင့်ချီသော အမေရိကန်နိုင်ငံသားများသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ လူဝင်မှုကြီးကြပ်ရေး ဥပဒေသစ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြောင်း သိရသည်။

ဒေါ်နယ်ထရန့်၏ ဆောင်ရွက်ချက်သည် မျှော်လင့်ထားသော ရလဒ်ရရှိမည် မဟုတ်ကြောင်း၊ ဆီးရီးယားအပါအဝင် ခြောက်နိုင်ငံကို ခရီးသွားခွင့်ပိတ်ပင်ထားခြင်းကြောင့် ဥပဒေလုပ်ငန်းဆောင်ရွက်မှုများတွင် အနှောင့်အယှက်ဖြစ်ခဲ့ပြီး လေဆိပ်တွင်ခရီးသွားများစုပြုံနေခဲ့ကြောင်း ဂျော်ဂျီယာမှ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့လာသူတစ်ဦးက ပြောခဲ့သည်။

အမေရိကန်နိုင်ငံ အဓိကမြို့ကြီးများနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ဒေါ်နယ်ထရန့်၏ လူဝင်မှုဥပဒေသစ်နှင့်ပတ်သက်ပြီး ဆန္ဒပြမှုများ ဖြစ်ပေါ်လာခဲ့သည်။

ဒေါ်နယ်ထရန့်က မိမိအနေဖြင့် ဥပဒေသစ်ကို လက်မှတ်ရေးထိုးလိုက်ခြင်းသည် အမေရိကန်နိုင်ငံလုံခြုံရေးကို ပိုမိုကောင်းမွန်စွာ ကာကွယ်နိုင်ရန်အတွက်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဒေါ်နယ်ထရန့်သည် ဇန်နဝါရီ ၂၇ ရက်က ယင်းဥပဒေပြဋ္ဌာန်းချက်အသစ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ထိုပြဋ္ဌာန်းချက်အရ အမေရိကန်နိုင်ငံသည် ရက်ပေါင်း ၉၀ အတွင်း အီရန်၊ ဆူဒန်၊ ဆီးရီးယား၊ လစ်ဗျား၊ ဆိုမာလီယာ၊ ယီမင်နှင့် အီရတ်နိုင်ငံသားများ အမေရိကန်နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်းကို တားမြစ်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**




# ဖိလစ်ပိုင်တောင်ပိုင်း ဘက်စ်စီလန်ကျွန်းတွင် လက်လုပ်ဗုံးတစ်လုံးပေါက်ကွဲ နှစ်ဦးသေဆုံး



**မနီလာ ဇန်နဝါရီ ၃၀**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဘက်စ်စီလန်ကျွန်းတွင် ဇန်နဝါရီ ၃၀ ရက်က လက်လုပ်ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အသက်နှစ်နှစ်အရွယ်နှင့် ငါးနှစ်အရွယ်ကလေးနှစ်ဦး သေဆုံးခဲ့ပြီး လူသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်ပြောရေးဆိုခွင့်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောခဲ့သည်။

ဒဏ်ရာရရှိသူသုံးဦးမှာ အသက်လေးနှစ်အရွယ်ကလေးနှစ်ဦးနှင့် အသက် ၂၅နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်ကြောင်း သိရသည်။ ကလေးငယ်လေးဦး ဆော့ကစားနေစဉ် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဒုတိယဗိုလ်မှူးကြီး ဖရန်ကို ရာဖယ်လ်အယ်လန်နိုက ကြေညာချက်တွင် ပြောကြားသည်။

ဗုံးဖောက်ခွဲမှုကို မည်သည့်အဖွဲ့က လုပ်ဆောင်သွားသည်ကို မသိရသေးသော်လည်း ဖိလစ်ပိုင်တပ်ဖွဲ့က အဘူဆေရက်အဖွဲ့မှ စစ်သွေးကြွများက လုပ်ဆောင်ခြင်းဖြစ်မည်ဟု စွပ်စွဲထားသည်။

အဘူဆေရက်အဖွဲ့အား ဖိအားပေးနှိမ်နင်းရန် ဖိလစ်ပိုင်နိုင်ငံ သမ္မတ ရိုဒရီဂို ဒူတက်တေးက လွန်ခဲ့သောနှစ် ဇွန်လမတိုင်မီကတည်းက ညွှန်ကြားထားကြောင်း သိရသည်။ အဘူဆေရက်အဖွဲ့သည် ဖိလစ်ပိုင်တောင်ပိုင်းတွင် ပြန်ပေးဆွဲခြင်း၊ လူသတ်ခြင်းနှင့် ဗုံးဖောက်ခွဲခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်နေသော အစွန်းရောက်အဖွဲ့တစ်ခုဖြစ်သည်။

ဖိလစ်ပိုင်တပ်ဖွဲ့၏အဆိုအရ ဘက်စ်စီလန်ကျွန်းအနီးတစ်ဝိုက်နှင့် စုလူးပြည်နယ်တွင် အဘူဆေရက်အကြမ်းဖက်အဖွဲ့က ကျူးလွန်ခဲ့သော ပြစ်မှုပေါင်း ၄၀၀ ခန့် ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဗင်နီဇွဲလားတွင် လေယာဉ်ပျက်ကျ ခြောက်ဦးသေဆုံး

**ကရာကက်စ် ဇန်နဝါရီ ၃၀**

ဗင်နီဇွဲလားနိုင်ငံတွင် ပြီးခဲ့သည့်စနေနေ့က လေယာဉ်ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါသူ ခြောက်ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ယမန်နေ့က ပြောခဲ့သည်။

ဘီအီး-၅၈ လေယာဉ်ငယ်သည် ဗင်နီဇွဲလားနိုင်ငံမြောက်ပိုင်း ဘာဆီလိုနာမြို့မှ ခရီးသွားဇုန်တည်ရှိရာ နိုင်ငံမြောက်ပိုင်းကမ်းရိုးတန်းမြို့ဖြစ်သော မာဂါရီတာမြို့သို့ ပျံသန်းထွက်ခွာလာပြီး ယင်းမြို့အရှေ့မြောက်ပိုင်းသို့ ဆင်းသက်စဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဗင်နီဇွဲလားနိုင်ငံရှေ့နေချုပ်ရုံးမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ဖြစ်ရပ်နှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ထားခြင်းမရှိကြောင်းနှင့် မည်သည့်အတွက်ကြောင့် ပျက်ကျသည်ကို မသိရသေးကြောင်း ရှေ့နေချုပ်ရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(ဆင်ဟွာ)**

## ယူကရိန်းပဋိပက္ခအတွင်း အစိုးရတပ်ဖွဲ့ဝင်များ ကျဆုံးမှုမြင့်တက်လာ

**ကီရက်ဗ် ဇန်နဝါရီ ၃၀**

ပြီးခဲ့သည့် နှစ်ရက်အကြာက ရုရှားကိုထောက်ခံသည့် ခွဲထွက်ရေးသမားများအား ဆန့်ကျင်သည့် တိုက်ခိုက်မှုအတွင်း တပ်ဖွဲ့ဝင်များ သေဆုံးမှုသည် ခုနစ်ဦးအထိ မြင့်တက်သွားခဲ့ကြောင်း ယူကရိန်းတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ ပြီးခဲ့သည့် ဒီဇင်ဘာလလယ်လောက်ကတည်းက နိုင်ငံအရှေ့ပိုင်းတွင် စတင်ဖြစ်ပွားခဲ့သည့် လူအသေအပျောက် အများဆုံးတိုက်ခိုက် မှုတစ်ခုဖြစ်သည်ဟု အစိုးရက ဆိုသည်။

ယူကရိန်းအရှေ့ပိုင်းတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများပြေလည်မှုမရရှိသေးသည့်အချိန်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ရုရှားနှင့် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးကို ထူထောင်ရန် တောင်းဆိုမှုနှင့် တိုက်ဆိုင်စွာပင် ရုရှားထောက်ခံ ခွဲထွက်ရေးသမားများနှင့် ယူကရိန်းတပ်မတော်အကြား ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခတိုက်ပွဲများသည် ယူကရိန်းကို နိုးနိုးကြားကြားဖြစ်စေရန် သတိပေး တပ်လှန့်လိုက်သည်။

သူပုန်များသည် တနင်္ဂနွေနေ့တွင် ယူကရိန်းအရှေ့ပိုင်းရှိ အဗဒီယစ်ဗကာမြို့ရှိ အစိုးရတပ်ဖွဲ့ဝင်များရှိရာနေရာများကို စတင်တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်း အာဏာပိုင်များက ပြောကြားခဲ့သည်။ တိုက်ခိုက်မှုများအတွင်း တပ်ဖွဲ့ဝင်ငါးဦး ကျဆုံးပြီး ဒဏ်ရာရရှိသူကိုးဦးရှိခဲ့ရာမှ တနင်္လာနေ့တွင် နှစ်ဦးထပ်မံကျဆုံးခဲ့ကြောင်း ယူကရိန်းစစ်ဘက်မှ ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ဘာသာရေးအဆောက်အအုံအတွင်း ဝတ်ပြုနေသူများအား သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်သည့် အကြမ်းဖက်မှုဖြစ်ပွား

**ကွိဘက် ဇန်နဝါရီ ၃၀**

ကနေဒါနိုင်ငံ ကွိဘက်ရှိ ဘာသာရေးအဆောက်အအုံတစ်ခုတွင် တနင်္ဂနွေနေ့က ညပိုင်း ဆုတောင်းဝတ်ပြုနေသူများအား သေနတ်သမားတစ်ဦးက သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့ရာ အဆောက်အအုံအတွင်းရှိ လူခြောက်ဦး သေဆုံးခဲ့ပြီး ရှစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒိုရူက အဆိုပါသေနတ်ပစ်ခတ်မှုကို အစ္စလာမ်ဘာသာဝင်များအား အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဟု အမည်ပေးခဲ့သည်။



သေနတ်ပစ်ခတ်မှုဖြစ်ပွားရာနေရာတွင် သတင်းရယူနေသော မီဒီယာအဖွဲ့များအားတွေ့ရစဉ်

တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည်ဟု သံသယရှိသူနှစ်ဦးကို ဖမ်းဆီးထားပြီဖြစ်သော်လည်း အသေးစိတ်အချက်အလက်များကို ဖော်ပြနိုင်ခြင်းမရှိသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဘာသာရေးအဆောက်အအုံ၏ အကြီးအကဲဖြစ်သူက သေနတ်သမားသုံးဦးသည် အစ္စလာမ်ဘာသာဝင်များ ဝတ်ပြုကိုးကွယ်ရာဖြစ်သည့် ကွိဘက်ဘာသာရေးအဆောက်အအုံအတွင်း စုဝေးရောက်ရှိနေသည့် ဆုတောင်းဝတ်ပြုသူများအား သေနတ်များဖြင့် တရစပ်ပစ်ခတ်ခဲ့သည်ဟု မျက်မြင်သက်သေတစ်ဦးက ဖြေကြားခဲ့ကြောင်း၊ သေနတ်ပစ်ခတ်မှုကြောင့် လူငါးဦးသေဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် ရဲတပ်ဖွဲ့ကမူ သေနတ်ပစ်ခတ်မှုတွင် လူနှစ်ဦးသာပါဝင်ကြောင်း ပြောကြားခဲ့သည်။

ကွိဘက်ပြည်နယ် ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ခရစ္စတင်းကိုလ်ဘီက ယခုအခါ လူခြောက်ဦး သေဆုံးကြောင်းကို အတည်ပြုခဲ့ပြီး လူရှစ်ဦးဒဏ်ရာရရှိကာ ၃၉ ဦးမှာ ထိခိုက်မှုမရှိကြောင်း ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် ဂျပ်စတင် ထရူဒိုရူက ဆုတောင်းဝတ်ပြုသူများနှင့် ခိုလှုံသူများရှိရာ အချက်အချာနေရာတွင် အစ္စလာမ်ဘာသာဝင်များအားပစ်မှတ်ထား လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုကို အကြီးအကျယ် ကဲ့ရဲ့ရှုတ်ချကြောင်း ပြောဆိုခဲ့သည်။

**(ရိုက်တာ)**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဇန်နဝါရီ ၃၀

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဟန်ရွှေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဇန်နဝါရီ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**လေးစားအပ်တဲ့ မဲဆန္ဒရှင်တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မကြာတော့မယ့်အချိန် လွှတ်တော်အသီးသီးမှာ လိုအပ်နေတဲ့ ကိုယ်စားလှယ်များအတွက် အဲဒီမဲဆန္ဒနယ်မြေတွေမှာ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်တော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ ပြည်သူ့လွှတ်တော်မှာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မဲဆန္ဒနယ်မြေနဲ့ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်မြေတွေမှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး အမျိုးသားလွှတ်တော်မှာတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ် (၄)၊ ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်တို့မှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

မဲဆန္ဒရှင်များအနေနဲ့ မိမိတို့ကိုယ်စား တာဝန်ပေးမယ့်ကိုယ်စားလှယ်တွေကို ဆန္ဒမဲပေးပြီး ရွေးချယ်ကြရတော့မှာဖြစ်ပါတယ်။ ဒီလို ဆန္ဒမဲပေးပြီး ရွေးချယ်ဆုံးဖြတ်ရာမှာ အထောက်အကူပြုလေ့လာအကဲခတ်နိုင်စေဖို့ ကျွန်တော်တို့တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ အနေအထားနဲ့ ရပ်တည်ချက်တွေကို တင်ပြပါမယ်။

ကျွန်တော်တို့ပါတီဟာ "မူဝါဒ" ကို အခြေခံထားတဲ့ ပါတီဖြစ်ပါတယ်။ ပါတီရဲ့ "မူဝါဒ" ဟာ လူအများကောင်းစားရေးဝါဒဖြစ်ပါတယ်။ ပါတီရဲ့ လမ်းစဉ်ကတော့ ပြည်သူအကျိုးပြု မြန်မာ့လမ်းစဉ်ဖြစ်ပြီး ဒီလမ်းစဉ်ကို ပြည်သူ့နယ်ပယ်အတွင်း အကောင်အထည်ဖော်တဲ့အခါမှာ အမှားအယွင်းနည်းနိုင်သမျှ နည်းစေဖို့အတွက် မဇ္ဈိမပဋိပဒါ ကျင့်စဉ်နဲ့အညီ ကျင့်သုံးလျက်ရှိနေတဲ့ ပါတီဖြစ်ပါတယ်။

ပါတီအတွင်းမှာ စုပေါင်းခေါင်းဆောင်မှု၊ တစ်ဦးချင်းတာဝန်ယူမှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းတာဝန်ခံမှု စတဲ့ပါတီတွင်းဒီမိုကရေစီကို ရှင်ရှင်သန်သန်ကျင့်သုံးလျက်ရှိတာကြောင့် ကျွန်တော်တို့တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဖွဲ့စည်းခဲ့တာ သက်တမ်း (၂၉) နှစ်ထဲကို ရောက်ရှိခဲ့ပြီး ဆယ်စုနှစ်သုံးစုနည်းပါး စည်းလုံးညီညွတ်၊ တည်ငြိမ်ခိုင်မာစွာ ရပ်တည်နေတဲ့ပါတီဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကျင်းပစဉ်က မဲဆန္ဒရှင်ပြည်သူများ စဉ်းစားဆုံးဖြတ်ရာမှာ အထောက်အကူပြုနိုင်ဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ "ရွေးကောက်ပွဲကြေညာစာတမ်း"ကို အသိပေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ အခု ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာတော့ ကျွန်တော်တို့ပါတီရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းပါ သဘောထားလုပ်ငန်းစဉ်များအပြင် ဆက်လက်ဖော်ဆောင်သွားမယ့် တစ်နိုင်ငံလုံးနဲ့ တစ်မျိုးသားလုံးအတွက် အရေးကြီးလှတဲ့ အချက်အလက်အချို့ကို တင်ပြသွားပါမယ်။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရပြီး အချိန်ကစပြီး တိုင်းရင်းသားတွေအတွင်းမှာ ပစ်ခတ်တိုက်ခိုက်မှု ပဋိပက္ခများနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ တိုင်းရင်းသားပြည်သူများအားလုံး ဆင်းရဲဒုက္ခမျိုးစုံတွေ့ကြုံရင်ဆိုင်ခဲ့ရပြီး ယခုလည်းပဲတွေ့ကြုံနေရဆဲဖြစ်ပါတယ်။ ဒါ့ကြောင့် "ငြိမ်းချမ်းရေး" လုပ်ငန်းစဉ်ကို ၂၀၁၁ ခုနှစ်ကစပြီး အကောင်အထည်ဖော်လာခဲ့ရာမှာ "ငြိမ်းချမ်းရေးသည် တစ်မျိုးသားလုံးအရေး" ဆိုတဲ့ ခံယူချက်နဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ပါတယ်။ အခုအခါမှာ ငြိမ်းချမ်းရေးညီလာခံနှစ်ကြိမ်ကျင်းပခဲ့ပြီးပါပြီ။ "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်"ကိုလည်း တိုင်းရင်းသားလက်နက်ကိုင်ရှစ်ဖွဲ့က လက်မှတ်ရေးထိုးပြီး လက်မှတ်မထိုးဘဲ ကျန်နေတဲ့ အဖွဲ့တွေလည်းရှိနေပါတယ်။ ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းသွားနိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်တွေမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပသွားဖို့ ဆောင်ရွက်လျက်ရှိနေပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်အားလုံးမှာ ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်နေပါတယ်။ ဆက်လက်ပါဝင်သွားမှာဖြစ်ပါတယ်။

"ငြိမ်းချမ်းရေး" ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ကောင်းမွန်တဲ့ အနာဂတ်ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေရဲ့ "ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး" "လူမှုစီးပွား စည်ပင်ဖွံ့ဖြိုးတိုးတက်ရေး" မျှော်မှန်းချက်တွေဟာ "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး" အပေါ်မှာ မူတည်နေပါတယ်။ ဒါ့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ ပထမခြေလှမ်းဖြစ်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးက လက်မှတ်ရေးထိုးကြပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်ဆွေးနွေးကြတဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ငြိမ်းချမ်းရေးကိုအရယူပေးကြပါလို့ ကျွန်တော်တို့ပါတီရဲ့ သဘောထားကို မဲဆန္ဒရှင်ပြည်သူများမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

ဒီကနေ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ "ဘုံ" ရည်မှန်းချက်ဟာငြိမ်းချမ်းစွာဖြင့် "ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကြီး" တည်ဆောက်ရေးပဲဖြစ်တယ်လို့ ကျွန်တော်တို့ပါတီက ခံယူထားပါတယ်။ ဖက်ဒရယ်စနစ်နဲ့စပ်လျဉ်းပြီး နိုင်ငံအလိုက် ပုံစံအမျိုးမျိုးရှိကြပေမယ့် အဓိကအားဖြင့်တော့ ပြည်ထောင်စုအစိုးရရဲ့ ဗဟိုချုပ်ကိုင်မှုစနစ်ကို ဖြေလျှော့ပြီး တိုင်းဒေသကြီးနဲ့ပြည်နယ်တွေရဲ့ လုပ်ပိုင်ခွင့်တွေ ပိုမိုပေးရပါမယ်။ အာဏာခွဲဝေမှု၊ နိုင်ငံသယံဇာတရင်းမြစ်များခွဲဝေမှု၊ ဘဏ္ဍာရေးနဲ့ အခွန်ရငွေတွေကို မှန်ကန်မျှတစွာ ခွဲဝေနိုင်မှုတွေဖြစ်အောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီစနစ်ကို ကျင့်သုံးတဲ့အခါမှာ ကိုယ့် တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်သမိုင်းကြောင်း၊ ရိုးရာအစဉ်အလာ၊ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတွေနဲ့ ကိုက်ညီတဲ့ "အရိုးကိုအရွက်မဖုံးတဲ့" ဖက်ဒရယ်ပုံစံဖြစ်ဖို့ အရေးကြီးလှပါတယ်။ ဒီအခြေခံမူ သဘောထားတွေနဲ့အညီ ဖြစ်ပေါ်လာအောင် ကျွန်တော်တို့ပါတီအနေနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဒီလိုဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာမှာ ကျွန်တော်တို့ညီအစ်ကို တိုင်းရင်းသားတွေအချင်းချင်း တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုရှိရေးနဲ့ စည်းလုံးညီညွတ်စွာ ပါဝင်ဆောင်ရွက်သွားနိုင်ဖို့ တိုင်းရင်းသားများအရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီက ချမှတ်ထားတဲ့ သဘောထား "လေးချက်" ကို တင်ပြပါမယ်။

**ဒီအချက်တွေကတော့-**

(တစ်) တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေးဖြစ်ပါတယ်။ တိုင်းရင်းသားတွေအတွင်းမှာ လူမျိုးကြီး၊ လူမျိုးငယ် မခွဲခြားရေး၊ အခွင့်ထူးခံ မရှိစေရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ခေါင်းပုံမဖြတ်ရေး၊ လူညွန့်မခူးရေး အချက်တွေ ပါဝင်ရမှာ ဖြစ်ပါတယ်။

( နှစ် ) တိုင်းရင်းသားတွေအနေနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိစေရပါမယ်။

( သုံး ) တိုင်းရင်းသား လူမျိုးတစ်မျိုးအနေနဲ့ ရှင်သန်ရပ်တည်ပိုင်ခွင့်ရှိရေးပါ။ လူမျိုးတစ်မျိုးအနေနဲ့ ဘာသာစကား၊ စာပေ၊ ဓလေ့ ထုံးတမ်း၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာယဉ်ကျေးမှု အစဉ်အလာတွေ ပျောက်ပျက်မသွားစေရေး ထိန်းသိမ်းဆောင်ရွက်ခွင့်တွေ ရရှိစေရပါမယ်။

(လေး) တိုင်းရင်းသားလူမျိုးများအတွင်း ညီညာတဲ့ ဖွံ့ဖြိုးတိုးတက်ခွင့်ရှိစေရေး ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုး တစ်မျိုးနဲ့တစ်မျိုး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရေး၊ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအကြား သယံဇာတ၊ ငွေစွာ ခွဲဝေသုံးစွဲခွင့် ညီညွတ်မျှတစွာ ခွဲဝေရေးတို့ကို လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီက အခုတင်ပြတဲ့အချက်တွေနဲ့အညီ တိုင်းရင်းသားတွေအတွင်း ကျင့်သုံးသွားနိုင်မယ်ဆိုရင် တိုင်းရင်းသားပြည်သူတွေ လိုလားတောင့်တနေကြတဲ့ ငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ် ကျင့်သုံးရေးလုပ်ငန်းတွေ မလွဲမသွေ အောင်မြင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လူများစုကြီးဖြစ်တဲ့ တောင်သူလယ်သမားများ ခံစားနေရတဲ့ လယ်ယာမြေပြဿနာတွေ၊ သီးနှံဈေးနှုန်း "က မောက်ကမ" ဖြစ်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက် စတာတွေကို လုပ်ဆောင်မယ်ဆိုရင် လယ်ယာမြေ မူဝါဒဟာ "လယ်သမားလုပ်တဲ့မြေ၊ လယ်သမားပိုင်ဆိုင်ရေး" ဖြစ်ရပါမယ်။ ယခုပြဋ္ဌာန်းထားတဲ့ လယ်ယာမြေဥပဒေကို ပြန်လည်ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်နဲ့ မြေယာမူဝါဒကိုက်ညီရေး၊ "လယ်သမားလုပ်တဲ့မြေ၊ လယ်သမားပိုင်ဆိုင်ရေး"အတွက် ဥပဒေနည်းလမ်း၊ နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်းများနဲ့ ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ တောင်သူလယ်သမားများအရေးနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာန၊ ကုမ္ပဏီကြီးများက သိမ်းယူထားတဲ့ လယ်ကေလေးသောင်းနှစ်ထောင်ကျော် လယ်သမားတွေပြန်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နှစ်နာဆုံးရှုံးသွားတဲ့ လယ်ယာမြေများအတွက် နစ်နာကြေး၊ လျော်ကြေးငွေ၊ ကျပ်သိန်းပေါင်း ရှစ်သောင်းကျော် လယ်သမားတွေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် နှစ်ပေါင်းသုံးဆယ်ကျော် စိုက်ပျိုးစရိတ်ချေးငွေ မရရှိခဲ့တဲ့ လယ်ကေ ခုနစ်သောင်းကျော် စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ရရှိအောင် ကူညီပေးနိုင်ခဲ့ကြောင်းကိုလည်း အသိပေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အလုပ်သမားများနဲ့ ပတ်သက်တဲ့ သဘောထားကို တင်ပြပါမယ်။ ဒီကနေ့ အလုပ်သမားတွေရဲ့နယ်ပယ်စက်ရုံ အလုပ်ရုံတွေမှာ ဖြစ်ပေါ်နေတဲ့ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းရေး၊ လုပ်ငန်းခွင်တိုင်းမှာ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုကျင့်သုံးရေး၊ ဒါ့အပြင် ရွှေ့ပြောင်းလုပ်သား (Migrant Workers) များအရေးမှာလည်း ကျယ်ပြန့်စွာ လေ့လာပြီး ပံ့ပိုးကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တိုင်းပြည်ရဲ့အနာဂတ် အညွန့်အဖူး လူငယ်တွေနဲ့ ပတ်သက်ပြီး "လူငယ်မူဝါဒ" ချမှတ်ရေးဆွဲရေး လုပ်ငန်းတွေမှာ တက်ကြွစွာ လှုပ်ရှားဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်သွားပါမယ်။

အမျိုးသမီးများရဲ့ အင်အားဟာ နိုင်ငံအတွက် အရေးပါတဲ့အင်အားစုကြီး ဖြစ်နေကြောင်း စာရင်းဇယားများက ဖော်ပြနေပါတယ်။ နိုင်ငံနယ်ပယ်အသီးသီးမှာ အမျိုးသမီးများ ခေါင်းဆောင်မှု၊ တန်းတူရည်တူရှိမှု၊ ပိုမိုအဆင့်မြင့်စွာ ပါဝင်လာနိုင်မှုတွေ ရှိလာဖို့လိုပါတယ်။ အမျိုးသမီးတွေရဲ့စွမ်းဆောင်ရည်တွေ မြင့်တက်အောင် ဆောင်ရွက်ရင်း နိုင်ငံနယ်ပယ်အသီးသီးအတွင်း ရာခိုင်နှုန်းအရ ပါဝင်နိုင်ရေးလှုပ်ရှားမှုတွေမှာ ပါဝင်သွားမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် တိုင်းရင်းသား ပြည်သူအပေါင်းတို့ခင်ဗျား**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကျွန်တော်တို့ပါတီအပေါ် မဲဆန္ဒရှင်များ လေ့လာအကဲခတ်နိုင်စေဖို့ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ဖြစ်တည်မှု၊ ဝါဒ၊ လမ်းစဉ်၊ ကျင့်စဉ်များနဲ့ သဘောထားလုပ်ငန်းစဉ်များကို အကျဉ်းချုပ်တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲဟာ မဲဆန္ဒရှင်ပြည်သူတွေအတွက် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်တဲ့ အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ဒါ့ကြောင့် မဲဆန္ဒရှင်ပြည်သူများက ဒီအခွင့်အရေးကို အသုံးချပြီး နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးကို အမှန်တကယ် သယ်ပိုးပေးနိုင်မယ့် ကျွန်တော်တို့ပါတီရဲ့ကိုယ်စားလှယ်တွေကို ဆန္ဒပေးရွေးချယ်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။


မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေ။

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကိုမဲပေးကြပါစို့

မြန်မာပြည်အေးချမ်းဖို့ တိုင်းရင်းသားဒို့ပါတီ ယှဉ်ပြိုင်ပါမည်
မြန်မာပြည်အေးချမ်းဖို့ တိုင်းရင်းသားဒို့ပါတီ ယှဉ်ပြိုင်ပါမည်
စည်းလုံးမှုအရင်းတည် ညီညာကာလက်တွဲ
စည်းလုံးမှုအရင်းတည် ညီညာကာလက်တွဲ
ခြိမ့်သဲလို့ဝေဝေစည် တို့ပါတီအောင်ရမည်
ခြိမ့်သဲလို့ဝေဝေစည် တို့ပါတီအောင်ရမည်ရှင့်
ခြိမ့်ခြိမ့်သဲလို့ဝေဝေစည်စည် တို့ပါတီအောင်ရမည်ဗျ
ခြိမ့်ခြိမ့်သဲလို့ဝေဝေစည်စည် တို့ပါတီအောင်ရမည်ရှင့်
ဝိုင်းဝန်းလို့ ထောက်ခံပါသည်
တို့မြန်မာပြည်ကောင်းဖို့အရေး
သွားစို့မနှေး အလိုဗျာ မဲပေးကြပါစို့လေး
တိုင်းရင်းသား တိုင်းရင်းသား အများအကျိုးဆောင်မယ့် တိုင်းရင်းသား
အများအကျိုးဆောင်မယ့် တိုင်းရင်းသား တိုင်းရင်းသား
တိုင်းရင်းသားတို့မှန်းမျှော်ရည် ဒီမိုကရေစီဖော်ဆောင်ဖို့ပဲ
တိုင်းရင်းသားတို့မှန်းမျှော်ရည် ဒီမိုကရေစီဖော်ဆောင်ဖို့ပဲ
တိုင်းရင်းသားတို့ရည်မျှော်တာ နိုင်ငံတော်မှာအေးချမ်းဖို့ပဲ
နိုင်ငံတော်မှာအေးချမ်းဖို့ပဲ တိုင်းရင်းသားတို့ရည်မျှော်တာ
တိုင်းရင်းသားတို့ရည်မျှော်တာ အေးချမ်းပါတဲ့ပြည်မြန်မာ၊
ဖွံ့ဖြိုးဝေဆာစည်ပင်သာဖို့
ဖွံ့ဖြိုးဝေဆာ စည်ပင်သာဖို့ အေးချမ်းပါတဲ့ ပြည်မြန်မာ
ညီညီညွတ်ညွတ်လုပ်ကြလျှင် မြန်တိုင်းတစ်ခွင်စည်ပင်မှာပေါ့
မြန်တိုင်းတစ်ခွင်စည်ပင်မှာပေါ့ ညီညီညွတ်ညွတ်လုပ်ကြလျှင်
တိုင်းရေးပြည်ရေးချင့်တွေးသော် ညီညွတ်ရေးနော်အဓိကပဲ
ညီညွတ်ရေးနော်အဓိကပဲ
စားဝတ်နေရေးပြည့်စုံလို တိုင်းရင်းသားကိုမဲပေးကြစို့
တိုင်းရင်းသားကို မဲပေးကြစို့ စားဝတ်နေရေးပြည့်စုံလို
နိုင်ငံတစ်ဝန်းအေးချမ်းချင်လျှင် တိုင်းရင်းသားကိုမဲပေးကြစို့
တိုင်းရင်းသားကိုမဲပေးကြစို့ နိုင်ငံတစ်ဝန်းအေးချမ်းလို
တိုင်းရင်းသားရဲ့စေတနာ တိုင်းနဲ့ပြည်ရွာပျံ့နှံ့စေသား
တိုင်းနဲ့ပြည်ရွာ ပျံ့နှံ့စေသား တိုင်းရင်းသားရဲ့စေတနာ
ဟော့မောင်တို့၊ ဟော့မယ်တို့
ဟော့မယ်တို့၊ ဟော့မောင်တို့
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို မဲပေးကြပါစို့။

## Renaissance Myanmar လစဉ်ထုတ် မဂ္ဂဇင်းထွက်ရှိ

၃၁-၁-၂၀၁၇




၂၀၁၆ ခုနှစ် ဒီဇင်ဘာလ - ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွက် Renaissance Myanmar မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။ **(ဝဲပုံ)**

အဆိုပါမဂ္ဂဇင်းတွင် ဦးကိုကိုလှိုင်၏ မြန်မာ - တရုတ် - အမေရိကန် သုံးပွင့်ဆိုင် ဆက်ဆံရေးမဟာဗျူဟာ အမြင်သုံးသပ်ချက်၊ မှူးဇော်၏ ကမ္ဘာ့နိုင်ငံရေး ရာသီဉတုပြောင်းလဲမှုနှင့် မြန်မာနိုင်ငံ၊ ဘိုဘိုကျော်ငြိမ်း၏ အမေရိကန်နှင့် တရုတ်ပြည်ကြားက မြန်မာပြည်၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ မြန်မာ-အမေရိကန်-တရုတ် နိုင်ငံတကာဆက်ဆံရေးဆောင်းပါးများ ပါရှိသည်။

ထို့ပြင် ဒေါ်လှမြတ်ချယ်၊ ပါမောက္ခ ဒေါ်ချောချောစိန်၊ ဇော်မင်းထွန်း(ရေနံချောင်း)၊ ရဲထွန်း(သီပေါ)၊မျိုးမင်း(မကျည်းလဟာ)၊ ချစ်ထွန်းဖေ၊ စောနိုင် (အသုံးချဘောဂဗေဒ)နှင့် ဇေယျာသူတို့၏ စိတ်ဝင်စားစရာဆောင်းပါးများ ပါရှိသည်။

အဆိုပါစာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အောက်မြန်မာပြည်တွင် စာပေနန်းတော်၊ နေပြည်တော်တွင် ဂျမ်းဘုံစတိုးနှင့် အထက်မြန်မာပြည်တွင် ဦးဝင်းဖေမောင်တို့က တာဝန်ယူဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရှိရသည်။
**(မြန်မာ့အလင်း )**

## ကျော်စောမင်း၏ ဖတ်ကြည့်ဆောင်းပါးပေါင်းချုပ် စာအုပ်ထွက်ရှိ

စာရေးသူ ကျော်စောမင်း၏ ပြည်သူ့အရေးဂျာနယ်နှင့် ကြေးမုံသတင်းစာတို့တွင်ပါရှိခဲ့သည့် ဖတ်ကြည့်ဆောင်းပါးများ ပေါင်းချုပ် စာအုပ်ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(ယာပုံ)**

ယင်းစာအုပ်တွင် ပြည်သူ့အရေးဂျာနယ်၌ ဖော်ပြခဲ့သည့် ဖတ်ကြည့်ဆောင်းပါးများဖြစ်သော စာပေထဲက နိုင်ငံရေးစံ၊ အနုပညာဟာ ဘာအတွက်လဲ၊ စာပေနှင့် နိုင်ငံရေး ဘဝ၊ စာပေထဲက နိုင်ငံရေးအခင်းအကျင်း၊ မော်ရုံဟေဝန် တောမြိုင်စွန်၊ စာပေဆု ပြဿနာ၊ ဆုကိစ္စဂယက် စသည့် ဆောင်းပါး ၁၈ ပုဒ်၊ ကြေးမုံသတင်းစာတွင်ဖော်ပြခဲ့သည့် ကြေးမုံဖတ်ကြည့်ဆောင်းပါး ၁၈ ပုဒ် စုစုပေါင်း ၃၆ ပုဒ် ပါရှိသည်။

စာရေးသူက ပြုပြင်ပြောင်းလဲရေး ကြွေးကြော်သံဖြင့် တက်လာခဲ့သော အစိုးရသစ်လက်ထက်တွင် ဝေဖန်ရေးစာပေကို ပြန်အသက်သွင်းရန် စိတ်ပါလာခဲ့ကြောင်း၊ ပြည်သူ့အရေး ဂျာနယ်တွင်လည်း မြန်မာစာပေဝေဖန်ရေး နောက်ခံကားကို ရေးဖြစ်နေပြီး သတင်းစာကိုအသွင်ပြောင်းလိုသူများက ကြေးမုံအတွက် ဆောင်းပါးတောင်းသောအခါ ဖတ်ကြည့်ကို စဉ်းစားမိကြောင်းဖြင့် ဆောင်းပါးများဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ရေးသားထားသည်။




အဆိုပါစာအုပ်ကို လင်းလွန်းခင်စာပေက ထုတ်ဝေဖြန့်ချိပြီး တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၃၀၀၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စွမ်းဆောင်ရည်မြှင့်တင်ရေးမွမ်းမံသင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၃၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ စွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက ဝန်ထမ်းများအနေဖြင့် ကော်မရှင် ဥပဒေ၊ နည်းဥပဒေနှင့် ဆက်စပ်ဥပဒေတို့ကို သိရှိနားလည်ပြီး စုံစမ်းစစ်ဆေးရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရေးနှင့် အမှုစစ်လုပ်ငန်းများ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရေးအတွက်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောသည်။

အဆိုပါသင်တန်းတွင် ဥပဒေဘာသာရပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥပဒေနှင့် နည်းဥပဒေဘာသာရပ်၊ မြန်မာနိုင်ငံရဲလုပ်ငန်းဘာသာရပ်နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။

သင်တန်းသို့ ကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်း ၁၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## မြောင်မြို့နယ်၌ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျလျက်ရှိ တာဝန်ရှိသူများက ကာကွယ်ရေးပြုလုပ်ဆောင်ရွက်နိုင်မှုအခြေအနေများ ဆွေးနွေး

**မြောင် ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်တွင်းရှိ ရောဝတီနှင့် ချင်းတွင်းမြစ်ရေတိုက်စားခြင်းကြောင့် ကမ်းပါးပြိုလျက်ရှိသည့် ကျေးရွာများသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြတ်မွန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သန်း၊မြို့နယ်ရဲတပ်ဖွဲ့ရုံးမှူး သောင်းငွေနှင့် ဌာနဆိုင်ရာဝန်ထမ်းများသည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲက သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျသည့် ရောဝတီမြစ်ဘေးရှိ ကျေးရွာများဖြစ်သော အညွန့်ကျေးရွာ၊ နဂါးပေါက်ကျေးရွာနှင့် မယ်မသော်ကျေးရွာ အင်းချောင်းရိုးရေတိုက်စားမှုများကိုကြည့်ရှုပြီး ချင်းတွင်းမြစ်ရေတိုက်စား၍ ကမ်းပါးပြိုသည့် ရွှေတချောင်း၊ ကျောက်တန်းကျေးရွာများသို့သွားရောက်ကာ ပြည်သူလူထုအတွက် ပြုလုပ်ဆောင်ရွက်နိုင်မှုအခြေအနေများကို တာဝန်ရှိသူများက ကျေးရွာအလိုက် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ည ၇ နာရီတွင် ကျောက်တန်းကျေးရွာ မီးလင်းရေးကော်မတီနှင့် ကျေးရွာပြည်သူများအားတွေ့ဆုံကာ လျှပ်စစ်မီးလင်းရေးဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## မြောက်ဦးမြို့၌ လျှပ်စစ်ရေနွေးအိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**မြောက်ဦး ဇန်နဝါရီ ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ လက်ကောက်ဈေးရပ်ကွက်တွင် ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီခွဲခန့်က ဒေါ်ခင်စန်းရီ၏နေအိမ်၌ လျှပ်စစ်ရေနွေးအိုးတည်ရာမှ အပူလွန်ကဲမှုဖြစ်ပွားပြီး အနီးရှိ ထရံအားကူးစက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်ရာသို့ မီးသတ်ယာဉ်သုံးစီးနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၄ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။မီးလောင်မှုကြောင့် နေအိမ် ၁၂ လုံးဆုံးရှုံးခဲ့ပြီး လူ ၄၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ သက်ဆိုင်ရာမှ လက်ကောက်ဈေးဘုန်းကြီးကျောင်းတွင် ယာယီနေရာချထားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆစွာ သုံးစွဲသူအား မြောက်ဦးမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြတ်ဝေ**



## မောင်တောမြို့နယ် ဒုချီးရားတန်းမြောက်ရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၃၀**

မောင်တောမြို့နယ် ဒုချီးရားတန်း မြောက်ရွာတွင် ယမန်နေ့ညက ပေါ့ဆမီးကြောင့် နေအိမ်တစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ဒုချီးရားတန်း မြောက်ရွာတွင် ယမန်နေ့ည ၁၁ နာရီခန့်က အူမာဟာဇီ၏နေအိမ် မီးဖိုဆောင်မှ တစ်ဆင့် ပေါ့ဆမီးလောင်ကျွမ်းမှုကြောင့် အလျား ၁၅ ပေ အနံ ၂၂ ပေ ပျဉ်ခင်း ထရံကာ သက်ငယ်မိုးနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ရွာသူရွာသားများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ နေအိမ်ပိုင်ရှင်အား တရားဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

## အရန်ပြည်သူ့စစ်တပ်ဖွဲ့ဝင်တစ်ဦး လက်ပစ်ဗုံးစ ထိမှန်ဒဏ်ရာရရှိ

**မြစ်ကြီးနား ဇန်နဝါရီ ၃၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ထိုပူးကျေးရွာ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာနေရာတွင် ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီခွဲခန့်က အရန်ပြည်သူ့စစ်တပ်ဖွဲ့ဝင်တစ်ဦး လက်ပစ်ဗုံးစထိမှန်၍ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ထိုပူးကျေးရွာနေသူ ပြည်သူ့စစ် အရန်တပ်ဖွဲ့ဝင် ဦးစိုးဝင်း (၃၂ နှစ်)သည် ယာတဲထဲ၌ လယ်ယာပစ္စည်းများ သိမ်းနေစဉ် လူတစ်ဦးရောက်ရှိလာပြီး တရုတ်ကြိုးဆွဲ လက်ပစ်ဗုံးဟုယူဆရသည့်ဗုံးဖြင့်ပစ်သွင်းရာ ရှောင်တိမ်းစဉ် လက်နှင့်ထိမိ၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ လက်ပစ်ဗုံးပေါက်ကွဲမှုကြောင့် ဦးစိုးဝင်း၏ ဝဲဘက်လက်တွင် လက်ချောင်းများ ပြတ်ထွက်ပြီး ဝဲဘက်ပေါင်ရင်းနှင့် လက်ကောက်ဝတ်တို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။
**မင်းရာဇာ(မြစ်ကြီးနား)**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ထန်တလန်မြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ဟားခါး ဇန်နဝါရီ ၃၀**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွေ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၈ ရက်မှ ၂၉ ရက်အထိ ဟားခါးခရိုင် ထန်တလန်မြို့နယ်အတွင်း လမ်းတံတားများ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၈ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ထန်တလန်-နှာဟရိန်-ရေဇွာ-မတူပီ ကားလမ်းပေါ်ရှိ ဘွေနူး မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ယာယီရှင်းလင်းဆောင်၌ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီတည်ဆောက်ပြီးစီးနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစွာဆောင်ရွက်ရေးတို့ကို မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညနေ ၄ နာရီတွင် နှာဟရိန်ကျေးရွာ TLUANG HMUNG (တလွန်မှုန်း)ခန်းမ၌ ကျေးလက်နေဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသ၏ လိုအပ်ချက်တင်ပြမှုများအပေါ် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၉ ရက်က ဖန်ထဲင်ကျေးရွာ၊ လေတပ်စံပြကျေးရွာ၊ မှော်တလန်ကျေးရွာတို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားပြီး အဝတ်အထည်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံတွင် ဘီပိုးကာကွယ်ဆေးအောင်မြင်စွာထုတ်လုပ်နိုင်ပြီ

**ရန်ကုန် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို အောင်မြင်စွာထုတ်လုပ်နိုင်ပြီဖြစ်သကဲ့သို့ လိုအပ်သောနေရာများတွင် ကာကွယ်ဆေးလိုက်လံထိုးနှံပေးလျက်ရှိကြောင်း ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဒုတိယစက်ရုံမှူး ဦးဝင်းငွေးက ပြောသည်။

"ကျွန်တော်တို့ ဒီစက်ရုံက လှည်းကူးမြို့နယ်မှာရှိပေမယ့် ဘီပီအိုင်ရဲ့လက်အောက်ဖြစ်ပါတယ်။ ဒီစက်ရုံက နိုင်ငံတကာအဆင့်မီ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးတွေကို ထုတ်လုပ်နေသလို လိုအပ်တဲ့နေရာတွေမှာ ဆေးလိုက်လံထိုးပေးနေပါတယ်။ အသင်းအဖွဲ့တွေ၊ ကုမ္ပဏီတွေမှာ လိုအပ်လို့ခေါ်မယ်ဆိုရင် ဆေးလိုက်လံထိုးပေးနေပါတယ်" ဟု ဦးဝင်းငွေးက တပ်မတော်ခန်းမတွင် ပြုလုပ်သော နိုင်ငံတကာနည်းပညာပြပွဲတွင် ပြောသည်။

၂၀၁၆ ခုနှစ်တွင် နိုင်ငံတကာအဆင့်မီသော အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးထုတ်လုပ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ကိုရီးယားနိုင်ငံ LG Life Science (LGLS) ကုမ္ပဏီနှင့် ပူးပေါင်း၍ (ဘီ) ပိုးကာကွယ်ဆေးကို ထုတ်လုပ်ရန် ကြိုးပမ်းဆောင်ခဲ့ကြောင်း၊ LGLS သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) မှ အသိအမှတ်ပြုထားသော WHO Prequalification Certificate ရရှိထားသည့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်ကြောင်း၊ ယခုအခါ စက်မှုဝန်ကြီးဌာန ဘီပီအိုင် (ဆေးဝါးစက်ရုံအင်းစိန်)နှင့်ပူးပေါင်းကာ မြန်မာနိုင်ငံအတွင်းသို့ Euvax BTM အမည်ဖြင့် (ဘီ) ပိုးကာကွယ်ဆေးများ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ (ဘီ) ပိုးကာကွယ်ဆေး ထုတ်လုပ်ရေးစက်ရုံမှာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ခရေပင်လမ်းနှင့် အမှတ် (၇) လမ်းမကြီးထောင့်တွင် တည်ရှိကြောင်း၊ (ဘီ) ပိုးကာကွယ်ဆေးထိုးနှံရန် ဆက်သွယ်နိုင်သော ဖုန်းနံပါတ်များမှာ ၀၁-၆၄၆၂၇၃၊ ၀၉-၄၄၈၀၃၂၉၀၈၊ ၀၉-၅၁၅၆၁၉၅ နှင့် ၀၉-၅၀၈၅၄၅၈ တို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါ(ဘီ) ပိုးကူးစက်ခံရသူ ငါးသန်းကျော် ရှိကြောင်း၊ ဘီပိုးရှိမရှိစစ်ဆေးပြီး ရောဂါပိုးရှိပါက ချက်ချင်းကာကွယ်ဆေးထိုးသင့်ကြောင်း၊ အထူးသဖြင့် ခုခံမှုအားနည်းသောမွေးကင်းစနှင့် ငါးနှစ်အောက်ကလေးငယ်များတွင် ကာကွယ်ဆေးထိုးသင့်ကြောင်း သိရသည်။

နိုင်ငံသားတိုင်း ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်သည့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးထိုးနှံနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်မှ စက်ရုံကို ၂၀၀၂ ခုနှစ်တွင် စတင်တည်ဆောက်ပေးခဲ့ကာ ယခုအခါ နိုင်ငံတကာအဆင့်မီ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ **မြင့်မောင်စိုး**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာအုပ်စု ပရဟိတ လူငယ်မောင်မယ်များပူးပေါင်း၍ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက်က ဆပ်သွားတောကျေးရွာအုပ်စု ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်က သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် သက်ငယ်မုဒိမ်းမှုဖြစ်စဉ်များအား ဟောပြောကာ ဆပ်သွားတောကျေးရွာမူလွန်ကျောင်း၊ မီးသွေးဖုတ်ကျေးရွာမူလွန်ကျောင်း၊ ကိုးလုံးကွင်းမူလွန်ကျောင်းတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း တစ်ရာကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။ **မီးသတ်ဦးစီးဌာန**


## စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အထက(၁)၊ ကော့သောင်းမြို့

ကော့သောင်းမြို့၊ အထက(၁)ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကြီးကို ၂၅-၃-၂၀၁၇ရက်(စနေနေ့)တွင် ကော့သောင်းမြို့၊ အထက(၁) ကျောင်းဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ကော့သောင်းမြို့ အထက(၁)ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အသက်(၅၀)နှစ်နှင့်အထက် ဆရာ၊ ဆရာမများအားလုံး ကန်တော့ခံကြွရောက်နိုင်ပါရန်အတွက် ၁၅-၃-၂၀၁၇ ရက် နောက်ဆုံးထားပြီး နီးစပ်ရာအောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအကြောင်းကြားအပ်ပါသည်။ အဝေးရောက်ကျောင်းသားကျောင်းသူဟောင်းများကိုလည်း ပါဝင်ဆင်နွှဲနိုင်ပါရန် လေးစားစွာဖြင့် အသိပေးဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ရန်ကုန် | - | ကိုမောင်မောင်သောင်း(ဖုန်း-၀၉-၅၀၁၁၅၇၅) |
| | - | မညိုမာမို့မို့လွင်(ဖုန်း-၀၉-၂၅၀၁၂၉၄၀၇) |
| မော်လမြိုင် | - | မသဇင်ဌွေး(ဖုန်း-၀၉-၄၄၉၂၅၄၀၄၈) |
| ထားဝယ် | - | ဒေါ်အေးအေးလင်း(ဖုန်း-၀၉-၅၆၅၀၁၂၂) |
| | - | ဦးခင်မောင်အေး(အလှူသစ်စတိုး) |
| မြိတ် | - | ကိုအုန်းမြင့်(ဖုန်း-၀၉-၈၇၆၀၉၃၇) |
| ကော့သောင်း | - | ကိုအောင်မိုး(ဖုန်း-၀၉-၂၆၂၄၇၅၅၃) |
| | - | ကိုစိုးမိုးကျော်(ဖုန်း-၀၉-၂၅၄၈၂၂၁၇၃) |
| | - | ကိုအောင်ဇာနည်စိုး(ဖုန်း-၀၉-၄၂၂၁၉၆၅၈၈) |
| | - | ကိုကိုအောင်(ဖုန်း-၀၉-၄၁၀၀၅၆၀၈) |

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ



## ပဉ္စမအကြိမ်မြောက် အထက(၅)

မင်္ဂလာတောင်ညွန့်(၁၉၇၆-၂၀၀၂) ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ အထက(၅) မင်္ဂလာတောင်ညွန့် ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ရက် - ၂၅-၂-၂၀၁၇ရက်(စနေနေ့)
အချိန် - နံနက် ၈း၃၀နာရီမှ မွန်းတည့် ၁၂နာရီအထိ
နေရာ - မြန်မာနိုင်ငံဆရာဝန်များအသင်းခန်းမ(သိမ်ဖြူလမ်း)

ဆက်သွယ်လှူဒါန်းရန်-

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဆရာမဒေါ်မိုးမြင့်မြင့်ခိုင် | (ဖုန်း-၀၉-၃၁၀၄၁၉၈၅) | ၂။ | ဆရာမဒေါ်ရီရီဝင်း | (ဖုန်း-၀၉-၅၁၆၇၇၆၆) |
| ၃။ | ဦးလှရွှေ | (ဖုန်း-၀၉-၇၈၇၈၆၆၆၆၁) | ၄။ | ဦးမြတ်ထွန်း | (ဖုန်း-၀၉-၅၁၂၉၁၂၁) |
| ၅။ | ဦးခင်မောင်ထွန်း | (ဖုန်း-၀၉-၅၁၉၅၉၇၅) | ၆။ | ဦးဇော်မင်းဦး | (ဖုန်း-၀၉-၅၀၀၈၇၉၅) |
| ၇။ | ဦးထိန်လင်း | (ဖုန်း-၀၉-၅၅၀၀၇၁၇) | ၈။ | ဒေါ်ခင်သန့်စည် | (ဖုန်း-၀၉-၅၁၈၇၅၉၃) |



## GWH M&E Engineering Co.,Ltd. တွင် ခန့်ထားရန်အတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

**ရေပိုက်လုပ်ငန်းကျွမ်းကျင် ကျား(၁၀)ဦး**

အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ အမှတ် ၅/က၊ မြဝတ်ရည်လမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၉၇၀၄၁၂၂၅၅၊ ၀၉-၂၅၀၄၁၂၂၅၅၊ ကားနံပါတ်(၁၂၊ ၂၉၊ ၃၈) သစ္စာလမ်းပေါ်ရှိ သံလမ်းမှတ်တိုင်တွင်ဆင်းရန်။



## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မင်္ဂလာတောင်ညွန့်မြို့နယ်တရားမရုံးတော်၌
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၉ နှင့်ဆက်သွယ်သည့်
၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၉

| | | |
|---|---|---|
| ဒေါ်ရီရီချို | နှင့် | ဦးခမ်း(ခ)တီမဂ္ဂနစ်ခန်း (T- Manic Kan) |
| ဒီကရီအနိုင်ရသူ | | တရားရှုံး |

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးရပ်ကွက်၊ အမှတ် ၁၁၊ ဒိုဘီလိုင်း(၁)လမ်းနေ ဦးခမ်း(ခ)တီမဂ္ဂနစ်ခန်း (T- Manic Kan)(ယခုနေရပ်လိပ်စာမသိသူ) တရားရှုံး သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၉တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ရီရီချိုက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက် (၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းဝင်းဌွေး)
ဒုတိယမြို့နယ်တရားသူကြီး
မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး



## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မင်္ဂလာတောင်ညွန့်မြို့နယ်တရားမရုံးတော်၌
၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၀နှင့်ဆက်သွယ်သည့်
၂၀၁၆-ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈

| | | |
|---|---|---|
| ဦးလှအေး | နှင့် | ၁။ မကြည် |
| | | ၂။ မောင်စိန်တာ |
| | | ၃။ မမြင့်မြင့် |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ လှည်းတန်းလမ်းနှင့် ဟံသာဝတီ လမ်းထောင့်၊ အမှတ်(၉၁)၊ တတိယထပ် နေ (၁)။မကြည် (၂)။ မောင်စိန်တာ (၃)။ မမြင့်မြင့် (ယခုနေရပ်လိပ်စာမသိသူ) တရားရှုံးများ သိစေရမည်။

၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ် ရန် ဤရုံးတော်တွင် တရားနိုင် ဦးလှအေးက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့်အတည်ပြုလုပ်ရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ် ခုခုရှိလျှင် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် ရရှေ့နေဖြင့် ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ် ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၈ခုနှစ် တပေါင်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ်၊ ဇန်နဝါရီ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဝင်းဌွေး)
ဒုတိယမြို့နယ်တရားသူကြီး
မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး



**မိခင် အမည်မှန်**

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ)ကင်မွန်းချောင်း၊ တတိယတန်းမှ မောင်ကောင်းမြတ်သူ၏မိခင် အမည်မှန်မှာ ဒေါ်နွယ်နီထွန်း ၁၀/ကထန(နိုင်)၁၁၅၆၂၈ ဖြစ်ပါသည်။ **ဒေါ်နွယ်နီထွန်း**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၈E[1]၊ မြေကွက်အမှတ် ၈၆ဘီ/၄၈၊ မြေကွက်တည်နေရာအမှတ်၂၂၊ ၄က်ပျောတောလမ်း၊ ကျွန်းမြောက်ရပ်ကွက်၊ စမ်းချောင်း [ဦးအေးချို ၁၂/မရက(နိုင်)၀၁၉၁၂၆၊ဒေါ်သန်းရင်၁၂/စခန(နိုင်)၀၂၂၅၅၇]အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သန်းရင်သည် ၄-၆-၂၀၀၂ရက်တွင် လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးလှမောင်သည် ၁၈-၄-၁၉၇၆ရက်တွင်လည်းကောင်းကွယ်လွန်၍ ဦးမင်းဌွေး ၁၂/စခန(နိုင်)၀၂၂၅၇၂မှ တစ်ဦးတည်းသောသားတော်စပ်ကြောင်း ၂၃-၁၂-၂၀၁၆ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သေစာရင်းမိတ္တူမှန်တို့တင်ပြ၍ ကျန်အမည်ပေါက် ဦးအေးချိုနှင့်အတူ ပိုင်ဆိုင်ကြောင်း မြေပုံကူးခြင်းကို ၄င်းတို့ထံမှ General Power No.၁၁၄၈၆/၂၀၁၆/၂၀-၁၂-၂၀၁၆ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်ခင်ခင်ရီ ၁၂/စခန(နိုင်)၀၅၄၄၇၉မှ ရရှိ၍ ၃၀-၁၂-၂၀၁၆ရက်စွဲပါ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း ဒုတိယအကြိမ် အသင်းဝင်များစုံညီတွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၃၀**

မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း၊ ဒုတိယအကြိမ်အသင်းဝင်များ စုံညီတွေ့ဆုံပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။




ရှေးဦးစွာ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့အားကစားသမား လက်ရွေးစင်ဟောင်းများအသင်းသို့ အလှူငွေများ လှူဒါန်းရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အလှူငွေစုစုပေါင်း ငွေကျပ် သိန်း ၁၃၀ ကို ပေးအပ်ရာ မြန်မာ့အားကစားသမားလက်ရွေးစင် ဟောင်းများအသင်းဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ နာယက ဦးသက်ဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်နှင့် အတွင်းရေးမှူး ဦးစိုးသိန်းတို့က လက်ခံယူခဲ့ကြသည်။

မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်က အမျိုးသားစာကြည့်တိုက်နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ နှစ်ပတ်လည်မဂ္ဂဇင်းများကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ညွှန်ကြားရေးမှူး ဒေါ်ယုယုတင်နှင့် အမျိုးသားစာကြည့်တိုက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမြင့် တို့ထံသို့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်းရှိ အိမ်ရာကြီး ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေး ကြီးကြပ်(၂) ဦးအောင်မျိုးသည် တာဝန်ဖြင့် ရုံးဒေါင့်တိုက်နယ် ကျန်းမာရေးဌာနမှ အိမ်ရာကြီး ကျန်းမာရေးဌာနသို့ နှစ်ယောက်စီး မော်တော်ဘုတ်အသေးစားဖြင့် မောင်းနှင်လာစဉ် ရုံးဒေါင့်ချောင်းအတွင်း စပါးတင်ရေယာဉ်နှင့်တိုက်မိပြီး ကွယ်လွန်သွားခဲ့ရာ ကွယ်လွန်သူ၏ဇနီးဖြစ်သူ မချိုဝေလွင်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထောက်ပံ့သော ငွေကျပ် ၁၀ သိန်းကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့် ပေးအပ်စဉ်**

သပြေထွန်း

# ကျေးလက်အဆောက်အအုံအတွက် အလှူငွေပေးအပ်

**မြစ်ငယ် ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကမ်ဘဲ့ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံနှင့် မြေဖို့လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် Aung Kanbo Trading Co., Ltd. မှ လှူဒါန်းသည့် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို အမရပူရမြို့နယ် ကမ်ဘဲ့ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါအလှူငွေပေးအပ်ပွဲတွင် Aung Kanbo Trading Co., Ltd. မှ ဦးအောင်အောင်၊ ဒေါ်နန်းရွှေဟန်တို့က ပေးအပ်လှူဒါန်းသော ငွေကျပ် သိန်းတစ်ရာကို ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ကမ်ဘဲ့ကျေးရွာ ရပ်မိရပ်ဖတစ်ဦးကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ပြုလုပ်

**ပင်လောင်း ဇန်နဝါရီ ၃၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၁၇ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် TownShip Sport Development Program(TSDP)အရကျင်းပပြုလုပ်သော မြို့နယ်အုပ်ချုပ်ရေး ဖလားဘောလုံးအဖွဲ့က ပိုက်ကျော်ခြင်း၊ ဘိလိယက်၊ စားပွဲတင်တင်းနစ်၊ မီနီမာရသွန် အပါအဝင် အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီးဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးငြိမ်းထွေးက (TSDP) အားကစားပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ပင်လောင်းမြို့နယ် (TSDP)အားကစားပြိုင်ပွဲအတွက် အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေကျပ်သိန်း ၅၀ ပေးအပ်ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ အားကစားမှူးတို့က လက်ခံကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## မီးလောင်မှုဖြစ်ပွားလျှင်

(၁) မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

(၂) မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

(၃) အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်းတွင် D.C.P (Dry Chemical Powder Extingulsher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**

# ကန့်ကြီးထောင့်၌ သုံးထပ်သံဃာ့ဆေးရုံ ဖွင့်ပွဲကျင်းပ

**ကန့်ကြီးထောင့် ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်၌ ၂၅ ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဆောက်လုပ်သော သုံးထပ်သံဃာ့ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် ကျင်းပခဲ့ရာ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ကုန်းသာဆရာတော်နှင့် စင်ကာပူနိုင်ငံ ဝရဓာတုရတနာရာမ ဓာတ်တော် တိုက်ဆရာတော် ဘုမိထေရဝံသ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးသန့်တို့က ဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ဆေးရုံမှာ အလျား ၁၆ ပေ၊ အနံ ၅၇ ပေ၊ သုံးထပ် RC အဆောက်အအုံဖြစ်ပြီး မတည်အလှူရှင်ဖြစ်သည့် ကန့်ကြီးထောင့်မြို့ မင်းကုန်းပိုင်းလမ်းမှ ဒေါ်ကြင်အေးနှင့်မိသားစုတို့က အလှူတော်ငွေကျပ်သိန်း ၆၀၀နှင့် မြို့နယ်တွင်းရှိ စေတနာရှင် ပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ စေတနာရှင်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နန်းထိုက်(မြန်/ဆက်)**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇန်နဝါရီ ၁၅ ရက်မှ ၂၃ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

***ဇန်နဝါရီ ၂၈ ရက်မှအဆက်***

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၃၁ | နိုင်မျိုးသစ္စာ(နမ္မတူ) | ရန့်မပြယ်သည့် ပန်းစံပယ်လူငယ်ဝတ္ထုတိုများ | ၂၀၀၀ိ/- မျိုးဆက်သစ်စာပေ |
| ၃၂ | ရန်အောင်(ဆေး-၁) | အချစ်ဦးပေမဲ့ ဒုတိယလူ | ၃၀၀၀ိ/- မွန်မြတ်စေတနာစာပေ |
| ၃၃ | ပန်းဆက်လမ်းစာတည်းအဖွဲ့ | နတ်သမီးပုံပြင်များ (အင်္ဂလိပ်-မြန်မာ) | ၁၈၀၀ိ/- ပန်းဆက်လမ်းစာပေ |
| ၃၄ | ပန်းဆက်လမ်းစာတည်းအဖွဲ့ | ထာဝရမရိုးနိုင်သော ပုံပြင်များ | ၁၈၀၀ိ/- ပန်းဆက်လမ်းစာပေ |
| ၃၅ | | စတုတ္ထတန်း (English Workbook) | ၁၅၀၀ိ/- စာပေလောက(၆) |
| ၃၆ | ပြည့်ကျော်ကျော် | မူကြိုအရွယ်ကလေးငယ်များအတွက် မြန်မာအက္ခရာရေးနည်း | ၃၀၀၀ိ/- KKH Publishing House |
| ၃၇ | ဒေါက်တာခင်လှလှ | အနာဂတ်အတွက်သောတရောင်နီစာစုများ | ၂၀၀၀ိ/- MMA Publishing House |
| ၃၈ | ဒေါက်တာအရှင်လာဘသာမိ | အပြစ်တင်စကားမပြောပါနဲ့လားနှင့် အခြားဓမ္မစာစုများ | ၁၅၀၀ိ/- ဆန်းစသော်တာစာပေ |
| ၃၉ | မောင်တင့်ဇော်(ကနေဒါ) | တစ်လှမ်းချက်တက်ကမ်းလင့်လက် (တိုးတက်ကြီးပွားရေး ရသစာစုများ) | ၃၀၀၀ိ/- ဇင်ရတနာစောစာပေ |
| ၄၀ | ဆရာညွှန့်ဝေမိုး | တက္ကသိုလ်ဝင်အင်္ဂလိပ်စာထိပ်တန်းအက်ဆေးနှင့် ပေးစာများ | ၃၆၀၀ိ/- Power Books Publication |
| ၄၁ | ရွှေသဥ္ဇာ | ဟိုလောင်းပန်းပွင့်ဘယ်ဂုဏ်နှင့် ဝင့်မတုံး | ၂၀၀၀ိ/- Wisdom House စာပေ |
| ၄၂ | ယုဒါ | ရသဖန်တီးမှုအနုပညာ (ဝတ္ထုရေးသူတစ်ဦး၏ အတွေ့အကြုံမျှဝေခြင်း) | ၂၀၀၀ိ/- Wisdom House စာပေ |
| ၄၃ | ပန်းချီအောင်ကြောင်းဖြာ | ငရဲကြီးရှစ်ထပ်(မဟာရောရုဝငရဲ) | ၁၂၀၀ိ/- နဂါးပျံစာပေ |
| ၄၄ | ပန်းချီအောင်ကြောင်းဖြာ | ဘုရားလောင်း ဘဝဖြစ်စဉ်များ (ဘုရားလောင်း ဖွတ်မင်းနှင့်သီလပျက်ရသေ့) | ၁၂၀၀ိ/- နဂါးပျံစာပေ |
| ၄၅ | ဒေါက်တာလွဏ်းဆွေ | ရသစုံမဂ္ဂဇင်း | ၂၅၀၀ိ/- ဆန်းစသော်တာစာပေ |
| ၄၆ | ခင်စောတင့် | ဟန်ဆယ်နှင့် ဂရိတာတို့၏ ဖြစ်ရပ်မှန်ဇာတ်လမ်း | ၄၀၀၀ိ/- ကျော်မွေးစာပေ |
| ၄၇ | စလင်း-ဦးအောင်သိန်း | မမှားသောရှေ့နေနှင့်သိထားရမည့်ဆုံးဖြတ်ချက်များ | ၁၂၀၀ိ/- ဖြိုးစာပေ |
| ၄၈ | မင်္ဂလာထွန်း(ကျောက်မဲ) | အကြော်တွေဝယ်ကြပါအုံးခင်ဗျာနှင့် အခြားဝတ္ထုတိုများ | ၁၀၀၀ိ/- ရိုးမချယ်ရီစာပေ |
| ၄၉ | နေမျိုးကျော်စိုး(ဥပဒေ) | ပြည်သူ့အကျိုးပြု ဒီမိုကရေစီဆောင်းပါးများ စုစည်းမှု(အမှတ် -၄) | ၂၅၀၀ိ/- သင်းစာပေ |
| ၅၀ | ပီမိုးနင်း | လူပျိုအပျိုလမ်းညွှန် | ၁၅၀၀ိ/- မိုးကျော်စာပေ |
| ၅၁ | နတ်ရွာမိုး | အဖိုးမဖြတ်နိုင်တဲ့အဖွား | ၁၉၀၀ိ/- အောင်မြင်စာပေ |
| ၅၂ | မင်းထက်မောင် | စိတ်ကူးတည့်ရာအချိုးအကွေ့ကဗျာများ | ၁၅၀၀ိ/- ရှုဝံစာပေ |
| ၅၃ | မင်းထက်မောင်နှင့် မိုးဦးဆွေညိန်း | ကဗျာ (၅၀) သို့မဟုတ် ဥယျာဉ်မှူးတို့ ချစ်ရသောပန်းများ | ၂၀၀၀ိ/- ရှုဝံစာပေ |
| ၅၄ | ခင်ခင်ဝင်း | ရေဆန်လမ်းမှအိမ်အပြန် | ၃၅၀၀ိ/- ရှုဝံစာပေ |
| ၅၅ | ဒေါ်ခင်ဝင်းမြင့် | ၁၉၁၇ ခုနှစ် ၊ ယစ်မျိုးအက်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆၆ အရပြင်ဆင်ပြီး)နှင့် ၁၉၁၇ ခုနှစ် ၊ ယစ်မျိုးနည်းဥပဒေ | ၄၀၀၀ိ/- ရှုတိုင်းယဉ်စာပေ |
| ၅၆ | စိုးစိုး(အင်္ဂပူ) | အိုင်းစတိုင်းအလွန်စကြဝဠာ | ၂၅၀၀ိ/- Knowledge Bridge Publishing House |
| ၅၇ | ပါရဂူ | နေရဋ္ဌရာနှင့် အခြားဝတ္ထုတိုများ | ၂၅၀၀ိ/- စာပေခရီးသွားစာပေ |

***ဆက်လက်ဖော်ပြပါမည်***

# Rater ရွက်လှေများ ထာဝရရှိနေမယ်

**ကေခိုင်ဝတ်မှုန်**

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ဟာ လှပတဲ့နေ့လေး တစ်နေ့ဖြစ်ခဲ့ပြီး အလွန်သာယာပျော်ရွှင်ဖွယ်ရာကောင်းတဲ့ ရွက်လွှင့်ပွဲသဘင်တစ်ခုကိုလည်း ကျင်းပနိုင်ခဲ့တဲ့နေ့ ဖြစ်ခဲ့ပါတယ်။ အဲဒီနေ့က အင်းလျားကန်မှာရှိတဲ့ ရန်ကုန်ရွက်လှေအသင်း (Yangon Sailing Club) တည်နေရာမှာ ရွက်လှေအသင်းဝင်တွေဖြစ်ကြတဲ့ ဂန္ထဝင်ရေတာ ရွက်လှေစီးသူအားလုံး ပြန်လည်တွေ့ဆုံခဲ့ကြပါတယ်။ ဒီနောက်မှာတော့ ရွက်လှေအသင်းရဲ့ ဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်ပါဝင်တဲ့ Rater လှေစီတန်းရွက်လွှင့်ပွဲကို ကျင်းပခဲ့ကြပါတယ်။

ဒါဟာ အင်းလျားကန်အတွင်း ပထမဆုံးပြုလုပ်နိုင်ခဲ့တဲ့ ပွဲတစ်ပွဲဖြစ်ပြီး ဒီအထိမ်းအမှတ်ပွဲရဲ့ခေါင်းစဉ်ကို ထာဝရ Rater နေ့ " Rater Stay Day" လို့ အမည်ပေးခဲ့ကြပါတယ်။ ဒီအထိမ်းအမှတ်ပွဲနဲ့ ပတ်သက်ပြီး ရန်ကုန်ရွက်လှေအသင်း (သို့မဟုတ်) Rater ရွက်လှေများနဲ့ အကျွမ်းတဝင်မရှိသော စာဖတ်သူတွေအတွက်တော့ " Rater Stay " ဆိုတဲ့ စကားစုအပေါ် နားလည်မှုလွဲကောင်းလွဲနိုင်ပါတယ်။ ဒါ့ကြောင့် Rater ရွက်လှေတွေနဲ့ပတ်သက်တဲ့ ရာဇဝင်သမိုင်းအကျဉ်းကို အနည်းငယ်ရှင်းပြလိုပါတယ်။

ရန်ကုန်ရွက်လှေအသင်းဟာ မြန်မာနိုင်ငံ ရန်ကုန်မြို့တော်ရဲ့ အထင်ကရ နေရာတစ်ခုဖြစ်တဲ့ အင်းလျားကန်ဘေးမှာတည်ရှိပါတယ်။ ပါးစပ်ရာဇဝင်အရတော့ ဒီရွက်လှေအသင်းကို ၁၉၂၄ ခုနှစ်မှာ Mr. D. F. Thomas ရဲ့ အင်းလျားလမ်း နေအိမ်မှာ တွေ့ဆုံခဲ့ကြတဲ့ရွက်လွှင့်ခြင်းနဲ့ လူမှုပေါင်းသင်းဆက်ဆံရေးကိုနှစ်ခြိုက်ကြသော ရွက်လှေကို အထူးစိတ်ပါဝင်စားကြသော လူတစ်စုက စတင်ခဲ့ကြတာလို့ သိရပါတယ်။

နောက်ပိုင်းရွက်လှေစီးခြင်း(သို့မဟုတ်) ရွက်လွှင့်ခြင်း တဖြည်းဖြည်းခေတ်စားလာတဲ့အခါမှာ လက်ရှိအသင်းတည်ရှိနေတဲ့ မြေနေရာကို ရယူခဲ့ကြပြီး အသင်းကိုတော့ ၁၉၂၅ ခုနှစ်မှာ တရားဝင်စတင်ဖွဲ့စည်းတည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံကို ဂျပန်တွေသိမ်းပိုက်ထားခဲ့တဲ့အချိန်ကာလကလွဲလို့ ကျန်တဲ့အချိန်တိုင်းမှာ ရွက်လှေအသင်းဟာ တက်တက်ကြွကြွနဲ့ လှုပ်ရှားမှုတွေအတော်လေးရှိခဲ့တယ်လို့ ဆိုပါတယ်။

၁၉၄၀ ပြည့်နှစ်အရောက်မှာတော့ ရွက်လှေအသင်းမှာ ရေတာရွက်လှေအစင်း နှစ်ဆယ်အပြင် အလျားတစ်ဆယ်ပေနဲ့ အလျားတစ်ဆယ့်ငါးပေရှိတဲ့ ဒင်ဂီ (Dinghy) ရွက်လှေစင်းရေအတော်များများရှိလာပါပြီ။ အဲ့ဒီ Rater ရွက်လှေတွေဟာ ရွက်လှေအသင်းစည်းလုံးညီညွတ်မှုအတွက် အမာခံကျောရိုးတစ်ခုဖြစ်ခဲ့ပြီး ယနေ့တိုင်လည်း အရေးပါနေဆဲပဲလို့ သိရပါတယ်။

Rater ရွက်လှေတွေကို ၁၉၆၁ ခုနှစ်အထိ သက်ဆိုင်ရာပိုင်ရှင်အသီးသီးက ပိုင်ဆိုင်ခဲ့ပြီး ပိုင်ရှင်တွေကိုယ်တိုင်ကပဲ လှေတွေကိုပြင်ဆင်ခြင်း၊ အလှတန်ဆာ ဆင်ခြင်းပြုလုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ နောက်ပိုင်းမှာတော့ ရေတာလှေတွေအားလုံးကို ရွက်လှေအသင်းကဝယ်ယူခဲ့ပြီး အတွေ့အကြုံရင့်ရွက်လှေသမားကြီးတွေကို နှစ်စဉ် ကြေးပေးဆောင်စေပြီး ငှားရမ်းခဲ့တယ်လို့ သိရပါတယ်။ ရေတာရွက်လှေတွေ နာမည်ရလာတဲ့ အကြောင်းအရင်းက Linton Hope ဒီဇိုင်းထုတ်ခဲ့တဲ့ Half Rater တွေ အခြေခံထားလို့ဖြစ်ပါတယ်။ တချို့ကလည်း Royal Thames Half -Rater လို့လည်း ခေါ်ကြပါတယ်။ ဒါပေမယ့် ရေတာရွက်လှေတွေဟာ Thames Half-Rater ရွက်လှေတွေနဲ့ သိပ်မတူပါဘူး။ ပထမဆုံးရေတာ ရွက်လှေကို Mr. H.C.Tower ဆိုသူအတွက် တည်ဆောက်ပေးခဲ့တာဖြစ်ပြီး Black Cap လို့ အမည်ပေးခဲ့ပါတယ်။ “Black Cap Rater”လို့လည်း လူသိများခဲ့ကြပါတယ်။ နောက်ပိုင်း အဲဒီလှေဒီဇိုင်းကိုမှီထားတဲ့ လှေရှစ်စင်းကို India နိုင်ငံ Cochin မြို့ကနေ စင်းလုံးလိုက်ဝယ်ယူပြီး မြန်မာနိုင်ငံသို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီနောက်မှာတော့ ရွက်လှေအသင်းကို ပိုပြီးလူသိများလာတာနဲ့အမျှ ရွက်လှေတွေကိုလည်း မြန်မာနိုင်ငံအတွင်း ရန်ကုန်မြို့ Monkey Point နေရာမှာပဲ တည်ဆောက်ခဲ့ကြပါတော့တယ်။

ဒုတိယကမ္ဘာစစ်ကာလမှာတော့ ရွက်လှေပိုင်ရှင်တွေဟာ ရေတာရွက်လှေတွေကို အင်းလျားကန်ထဲမှာ မြှုပ်ထားခဲ့ကြပြီး စစ်ပြီးတဲ့နောက်မှ ပြန်လည်ဖော်ယူခဲ့ကြပါတယ်။ ရွက်လှေပေါင်း ဆယ့်နှစ်စင်းကို ပြန်လည်ဆယ်ယူနိုင်ခဲ့ပြီး အချို့လှေတွေက ပြင်မရအောင် အခြေအနေတော်တော်ဆိုးနေခဲ့ပြီဖြစ်ပါတယ်။ တစ်ချိန်ထဲမှာ ဗုံးကြဲမီးလောင်ဒဏ်ကြောင့် ရွက်လှေအသင်းအဆောက်အအုံဆိုတာလည်း မရှိတော့ပါဘူး။

ဒါကြောင့် ၁၉၄၅ ခုနှစ် ဇွန်လ အရောက်မှာတော့ အသင်းဝင်ဟောင်းတွေ အားလုံးစုဝေးပြီး အဆောက်အအုံပြန်လည်တည်ဆောက်ဖို့ ရွက်လှေတွေပြန်ပြင်ဖို့၊ ဆွေးနွေးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ အားလုံးက အသင်းအဆောက်အအုံဆောက်ဖို့၊ လှေတွေပြင်ဖို့ကို စိတ်အားထက်သန်စွာနဲ့ ထောက်ခံမှုပြုခဲ့ကြပါတယ်။ ဒါကြောင့် အသင်းအဆောက်အအုံကို ချက်ချင်းပြန်လည်တည်ဆောက်ခဲ့သလို တစ်ဖက်မှာ အသင်းစည်းမျဉ်းမူကြမ်းကိုလည်း ရေးဆွဲခဲ့ကြပါတယ်။

၁၉၄၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့အရောက်မှာတော့ အစည်းအဝေးတစ်ရပ်ခေါ်ယူပြီး အဲ့ဒီစည်းမျဉ်းနဲ့ လုပ်ထုံးလုပ်နည်းတွေကို အတည်ပြုခဲ့ကြတာဖြစ်ပါတယ်။ ဒီစည်းမျဉ်းနဲ့ လုပ်ထုံးလုပ်နည်းတွေဟာ အနည်းငယ်သောပြင်ဆင်မှုတွေမှအပ ယနေ့တိုင်အသက်ဝင်နေဆဲပါပဲ။

အဲ့ဒီနောက်အင်္ဂလိပ်ဗိုလ်ချုပ် Symes ကို အသင်းဥက္ကဋ္ဌအဖြစ်ခန့်အပ်ခဲ့ပြီး Mr.Peter Waine ကိုတော့ ရွက်လှေများ တာဝန်ခံ (Captain of Boats)အဖြစ် ခန့်အပ်ခဲ့ကြပါတယ်။ သူရဲ့တာဝန်က ရွက်လှေတွေအားလုံးကိုပြင်ဆင်ပြီး ပြိုင်ပွဲဝင်လှေပုံစံဖြစ်အောင် လုပ်ဖို့ဖြစ်ပါတယ်။ ဒီလိုတာဝန်တွေကိုစွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် Mr. Peter Waine ကို ဆုချီးမြှင့်တဲ့အနေနဲ့ သူအင်္ဂလန်ကို အပြီးပြန်ရတော့မယ့်အချိန်မှာအသင်းရဲ့ရာသက်ပန်အသင်းဝင် Honorary Life Member ဖြစ်ခွင့်ကိုပါ ပေးအပ်ခဲ့ပါတယ်။ Peter အနေနဲ့ ရေတာရွက်လှေတွေနဲ့ပတ်သက်လို့ အလွန်စိတ်အားထက်သန်တာကြောင့် အင်္ဂလန်ပြန်ရောက်တာနဲ့ အထက်မှာ ဖော်ပြခဲ့တဲ့ Black Cap ရေတာရွက်လှေကို လိုက်လံရှာဖွေခဲ့ပါတယ်။



နောက်ဆုံးရွက်လှေကို ရှာတွေ့ခဲ့အခါမှာ လှေရဲ့အခြေအနေက တော်တော်လေးဆိုးနေပါပြီ။ ဒါကြောင့် အဲ့ဒီလှေကို ကိုယ်ပိုင်ငွေနဲ့ သေချာစွာပြန်လည်ပြင်ဆင်ခဲ့ပါတယ်။ ပြီးတဲ့အခါ အဲ့ဒီလှေနဲ့ အင်္ဂလန်ကမ်းခြေတစ်ကြောသာမက ပင်လယ်ထဲအထိပါ ရွက်လွှင့်ခဲ့ပါတယ်။ ၁၉၈၃ ခုနှစ် ရောက်တဲ့အခါမှာတော့ Peter အနေနဲ့ ရွက်လွှင့်ခြင်းကနေ အနားယူခဲ့ပြီး Greenwich မြို့မှာရှိတဲ့ နာမည်ကြီးရေကြောင်း ပြတိုက်မှာ အဲ့ဒီလှေကို လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။ ရန်ကုန်ရွက်လှေ အသင်းဟာ ရွက်လွှင့်ဖို့တစ်ခုထဲအတွက်ကိုပဲ စည်းရုံးဖော်ဆောင်ခဲ့တဲ့ အသင်းမဟုတ်ပါဘူး။ အသင်းဝင်တွေရဲ့ မိသားစုတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေအတွက် လူမှုဆက်ဆံရေးပိုင်းမှာ စုစည်းဆောင်ရွက်ရာ အသင်းအဖွဲ့တစ်ခု၊ နေရာတစ်ခုအဖြစ် ပုံဖော်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ယနေ့အချိန်ထိလည်း ဒီအစဉ်အလာကို ထိန်းသိမ်းထားနိုင်ဆဲပါ။

ရွက်လှေအသင်းဟာ ဒေသအတွင်းနဲ့ နိုင်ငံတကာ ရွက်လှေပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်တဲ့ အစဉ်အလာလည်း ရှိခဲ့ဖူးတဲ့အသင်းပါ။ ၁၉၅၀ နှင့် ၁၉၆၀ ပြည့်နှစ်များအတွင်း အထူးသဖြင့် ၁၉၅၆ ခုနှစ် ဩစတြေးလျနိုင်ငံ Melbourne မြို့မှာကျင်းပခဲ့တဲ့အိုလံပစ်ပြိုင်ပွဲ၊ ၁၉၆၀ ပြည့်နှစ် အီတလီနိုင်ငံ ရောမမြို့မှာ ကျင်းပခဲ့တဲ့ အိုလံပစ်ပြိုင်ပွဲစတာတွေမှာ နိုင်ငံတကာနဲ့ယှဉ်ပြီး အစွမ်းပြနိုင်ခဲ့ပါတယ်။ အဲ့ဒီ ပြိုင်ပွဲနှစ်ခုလုံးမှာ မြန်မာရွက်လှေအသင်းခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သူကတော့ ရေတပ်ဒုတိယဗိုလ်မှူးကြီးခင်ဖေကြီးဖြစ်ပြီး အသင်းရဲ့ပထမဆုံးသော မြန်မာလူမျိုးအသင်းဥက္ကဋ္ဌအဖြစ်ပါ မှတ်တမ်းဝင်ခဲ့ပါတယ်။

ဒ့ါအပြင် ဒုတိယအကြိမ် SEAP အားကစားပြိုင်ပွဲကြီးမှာ မြန်မာနိုင်ငံအနေနဲ့ရွက်လှေကို အားကစားနည်းတစ်ခုအနေနဲ့ မြန်မာနိုင်ငံ ငပလီကမ်းခြေမှာ ကျင်းပပြုလုပ်နိုင်ခဲ့ပြန်ပါတယ်။ အဲ့ဒီအချိန်က ရွက်လှေအားကစားကို မြန်မာနိုင်ငံအနေနဲ့ SEAP အားကစားပွဲမှာပထမဆုံး မိတ်ဆက်ပေးခဲ့တဲ့နိုင်ငံဖြစ်ခဲ့ပြီး Half-Rater ရွက်လှေပြိုင်ပွဲအတွင်း မြန်မာအနေနဲ့ ရွှေတံဆိပ်နှစ်ခုရတဲ့အထိ စွမ်းဆောင်နိုင်ခဲ့တယ်လို့ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

၂၀၁၃ ခုနှစ်မှာ မြန်မာကအိမ်ရှင်အဖြစ် လက်ခံကျင်းပသော (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲကြီးမှာတော့ ရွက်လှေအားကစားနည်း ပြိုင်ပွဲတွေကို အနောက်ဘက်ကမ်းရိုးတန်းက ငွေဆောင်လို့ခေါ်တဲ့ ရွက်လှေအသင်းသစ် Ngwe Saung Yacht Club & Resort နေရာမှာကျင်းပခဲ့ကြပါတယ်။ တကယ်တော့ နှစ်များစွာကြာ ညောင်းလာခဲ့တာနှင့်အမျှ ဂန္ထဝင်သစ်သားရွက်လှေတွေဟာ တစ်စတစ်စ ပျောက်ဆုံးလာခဲ့ပြီး ဒုတိယအကြိမ် SEAP အားကစားပြိုင်ပွဲနောက်ပိုင်းမှာတော့ ဘယ်လိုရေတာရွက်လှေမျိုးတွေမှ နိုင်ငံတကာပြိုင်ပွဲတွေမှာ ပါဝင်ခြင်းမရှိကြတော့ပါဘူး။ ဒါကြောင့် ရေတာရွက်လှေအမျိုးအစား လှေတွေနဲ့ ပြိုင်ပွဲတွေကို အမှတ်ရနေစေဖို့အတွက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူက ၎င်းကိုယ်တိုင်လည်း ရွက်လှေများ ငှားရမ်းပြိုင်ပွဲဝင်သူ၊ ရာသက်ပန်အသင်းဝင်ဖြစ်သူတစ်ဦးအနေနဲ့ ဒုတိယအကြိမ် SEAP အားကစားပြိုင်ပွဲမှာ ပါဝင်ခဲ့သော ရွက်လှေအားကစားသမားအားလုံး နိုင်ငံအားလုံးကို ဆက်သွယ်ပြီး ရေတာရွက်လှေတွေကို ပြန်လည်စုစည်းရွက်လွှင့်မယ့်ပွဲတစ်ပွဲမှာ ပါဝင်ယှဉ်ပြိုင်လိုကြခြင်း ရှိ/မရှိစုံစမ်းမေးမြန်းခဲ့ပါတယ်။

ဒီနောက်မှာတော့ နိုင်ငံတိုင်းက ရွက်လှေအားကစားသမားတွေနဲ့ သဘော တူညီမှုရရှိခဲ့အတွက် အဲ့ဒီအထိမ်းအမှတ်ရွက်လွှင့်ပွဲကို ကျင်းပနိုင်ဖို့အတွက် ရန်ကုန်ရွက်လှေအသင်းရဲ့ရွက်လှေအလုပ်ရုံမှာ ရေတာရွက်လှေအသစ်တွေကို ပြန်လည်တည်ဆောက်ခဲ့ကြပါတယ်။ အလွန်လှပပြီး လိုက်လျောညီထွေပြုပြင်ထားတဲ့ ရေတာရွက်လှေတွေကို တစ်ဖန်ပြန်ပွဲလယ်တင့်စေဖို့ရာ မူလရွက်လှေကိုယ်ထည် ပုံစံအပေါ် မှီကိုးပြီး တစ်စင်းနဲ့တစ်စင်း ကွဲပြားမှုလုံးဝမရှိတဲ့ One Design လို့ခေါ်တဲ့ ရွက်လှေတွေ တည်ဆောက်ခဲ့ကြပါတယ်။ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်တွေနဲ့အတူ ရွက်လွှင့်သမားတွေ အသက်ဘေးအန္တရာယ်မရှိရဖို့နဲ့ လှေပင်လယ်ပြင်မှာ မမြုပ်ဘဲ ဖော့အားတိုးမြှင့်အောင် ပြုပြင်ပြောင်းလဲတည်ဆောက်မှုတွေလုပ်ခဲ့ရပါတယ်။

ဒီလိုကြိုးပမ်းဆောင်ရွက်မှုတွေအပြီးမှာတော့ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်အနေနဲ့ နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရွက်လှေအသင်းမှာ ရေတာရွက်လှေအမျိုးအစားနဲ့ဆိုင်တဲ့ သမိုင်းအစဉ်အလာရှိခဲ့ပြီး ဒီရွက်လှေအမျိုးအစားကို အထူးတန်ဖိုးထားမြတ်နိုးခဲ့ကြတာပါ။ ဒါကြောင့်လည်း ယခုလို ရေတာရွက်လှေများ ရှိနေမယ်ဆိုတဲ့ အထိမ်းအမှတ်နေ့ Rater Stay နေ့ဆိုပြီး ဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ ဘာကြောင့် ဒီအမည်ပေးခဲ့ရတယ်ဆိုတာကလည်း ရှင်းပါတယ်။ ဒါက ဘယ်လိုအချိန်မှာပဲဖြစ်ဖြစ် ရေတာရွက်လှေတွေ ထာဝရရှိနေမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲဖြစ်ပါတယ်။ အင်္ဂလိပ်လူမျိုးတွေလာတယ်။ သူတို့ပြန်သွားကြရတယ်။ ဒါပေမယ့် ရေတာရွက်လှေတွေကတော့ ကျန်နေရှိနေဆဲပါပဲ။ ရွက်လှေအသင်းဥက္ကဋ္ဌတွေကသာ အပြောင်းအလဲဖြစ်ပေမယ့်လည်း ရေတာရွက်လှေတွေကတော့ ကျန်နေရှိဆဲပဲ။ ရွက်လှေအသင်းကို Member တွေဝင်ကြ၊ ထွက်ကြတယ်။ ရေတာရွက်လှေတွေကတော့ ရှိမြဲအတိုင်းပါပဲ။

တကယ်ကိုပဲ ရေတာရွက်လှေဟာ တစ်နှစ်တာအတွင်း အကြိမ်ပေါင်းများစွာ ရွက်လွှင့်ပေးကြရပါတယ်။ ရွက်လှေပြိုင်ပွဲတွေ စီကာစဉ်ကာရှိနေပြီး လစဉ် စိန်ခေါ်ရွက်လွှင့်ပြိုင်ပွဲတွေ၊ ဆုဖလားလုပြိုင်ပွဲတွေ၊ လပြည့်နေ့ပြိုင်ရတဲ့ရွက်လွှင့်ပြိုင်ပွဲတွေလည်းရှိပါတယ်။ လပြည့်ညမှာ လရောင်နဲ့ ရွက်လွှင့်ပြိုင်ရတဲ့ပွဲမျိုးဖြစ်ပြီး ရံဖန်ရံခါ ရွက်လွှင့်သမားတွေရဲ့ မိသားစုနဲ့ အခြားအဖွဲ့ဝင်တွေပါ ပါဝင်ကြတဲ့ပြိုင်ပွဲမျိုးလည်း ဖြစ်ပါတယ်။

တချို့ရွက်လှေသမားတွေကတော့ ပြိုင်ပွဲဆိုတဲ့စိတ်ဖိစီးမှုမရှိပဲ လှပတဲ့ကန်ကြီးကို ခံစားဖို့မိသားစုနဲ့အတူတူ သူတို့ကိုယ်တိုင် ရေတာရွက်လှေများထုတ်ပြီး ရွက်လွှင့်ကြတာမျိုးလည်း ရှိပါတယ်။ ဒါပေမယ့် ရွက်လှေသမားအချို့ဟာ ပြိုင်ပွဲနေ့တွေမှာ မအားတာမျိုး ဒါမှမဟုတ်အချို့လှေတွေက ဒေါက်တင်ဆေးသုတ်နေရတာမျိုးတွေလည်း ရှိတဲ့အတွက်၊ ရေတာရွက်လှေအားလုံးကိုတစ်ချိန်တည်းမှာ အတူတူရွက်လွှင့်ဖို့က မဖြစ်နိုင်သလောက်ပါဘဲ။ ဒါကြောင့် ရွက်လှေတွေကို ကောင်းမွန်စွာထိန်းသိမ်းထားနိုင်ခြင်းဟာလည်း ရွက်လွှင့်သမားကောင်းတစ်ယောက်အတွက် လိုအပ်တဲ့အရည်အချင်းတစ်ခုဖြစ်ပါတယ်။ အကျိုးဆက်အနေနဲ့ အသင်းရဲ့လှေများ တာဝန်ခံ Captain of Boats က အသင်းရဲ့အုပ်ချုပ်မှု ကော်မတီထံ ခွင့်ပြုချက်တောင်းခံပြီး ရေတာရွက်လှေသမားများ အားလုံး မဖြစ်မနေရွက်လွှင့်ရမယ့် ရွက်လွှင့်နေ့တစ်နေ့ကို စီစဉ်ပေးရန် တောင်းဆိုခဲ့ပါတယ်။

အကြောင်းရင်းက ၁၉၂၄ ခုနှစ်ကတည်းကစပြီး ရေတာရွက်လှေအမျိုးအစားတွေကို ရှင်သန်အောင် အင်တိုက်အားတိုက် ကြိုးပမ်းကြခဲ့တဲ့ ရေတာရွက်လှေသမားများအားလုံးကို ဂုဏ်ပြုတဲ့အနေနဲ့ ပြုလုပ်လိုခြင်းပဲဖြစ်ပါတယ်။ သို့သော်လည်း ပြိုင်ပွဲဆိုတာက အဆုံးသတ်မှာ ဆုပေးပြီး နိဂုံးချုပ်ရတာလွယ်ပါတယ်။ ဒါပေမယ့် ပြိုင်ပွဲကြောင့် စိတ်ဖိစီးမှုတွေရှိနေတဲ့အခါ ရွက်လွှင့်သမားဟောင်းကြီးတွေကို ပြန်လည် အမှတ်ရမိစေမယ့်အချိန်မရှိသလောက်ဖြစ်ပါလိမ့်မယ်။

ဒ့ါအပြင် ကိုယ့်စိတ်နဲ့ကိုယ် ရွက်လွှင့်နေကြတဲ့သူတွေဟာလည်း ရည်ရွယ်ချက်ကို သတိရကောင်းရချင်မှရကြပါလိမ့်မယ်။ ဒါကြောင့် ရေတာရွက်လှေတွေအတွက် အထိမ်းအမှတ်နေ့မှာတော့ ရွက်လှေတွေကို “အစီအစဉ်အလိုက်” Fleet Parade စီတန်းရွက်လွှင့်သလိုမျိုး ရွက်လွှင့်ကြဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

အသင်းဥက္ကဋ္ဌ ခေါင်းဆောင်က ရွက်လှေနံပါတ်(၁) YSC-1 နဲ့ရေတာ ရွက်လှေစုကို ဦးဆောင်ရပြီး အခြားရေတာ ရွက်လွှင့်သမားတွေ အားလုံးက သူတို့ရဲ့ နံပါတ်စဉ်အတိုင်း လှေနှစ်စင်းစောခွာပြီး ရွက်လွှင့်ကြရတာမို့ ရေတာရွက်လှေတန်းကြီးအဖြစ် စီတန်းရွက်လွှင့်ခဲ့ကြတာပါ။ ရေတာရွက်လှေဆိုတာ လေအလျင်နဲ့သာ ရွက်လွှင့်ရတာဖြစ်ပြီး ကားတွေမှာလို ဘရိတ်မပါတဲ့အတွက် စီတန်းထားတဲ့ အစဉ်အတိုင်း ရွက်လွှင့်ဖို့ဆိုတာ အမှန်တကယ် မလွယ်လှဘဲ ကျွမ်းကျင်မှုရှိဖို့လိုပါတယ်။ ဒ့ါအပြင် အင်လျားကန်ပတ်ပတ်လည်မှာ အဆောက်အအုံအမြင့်ကြီးတွေ ပေါ်ထွက်လာနေတာကြောင့် လေစီးကြောင်းကို အတော်လေးသက်ရောက်မှုရှိပါတယ်။ ရွက်လှေအဖွဲ့ခေါင်းဆောင်ရဲ့ ရွက်လှေ Demonstrate ပြတဲ့ လေစီးကြောင်း ဦးတည်ရာက အတန်းနောက်ဆုံးမှာရှိနေတဲ့ လှေကရမယ့် လေစီးကြောင်း ဦးတည်ဖက်နဲ့ မတူနိုင်ပါဘူး။ ဒ့ါကြောင့် ရွက်လွှင့်သမားတွေအတွက် ၎င်းတို့တည်နေရာကို ထိန်းထားဖို့ဆိုတာဟာ အချိန်တိုင်း စိန်ခေါ်မှုတစ်ရပ်လိုပါပဲ။

ဒီလိုလုပ်ဆောင်တာဟာ ပထမဆုံးအကြိမ်ဖြစ်ပေမယ့် အားလုံးအတွက် အောင်မြင်မှုတစ်ရပ်လို့ ဆိုရပါလိမ့်မယ်။ နောက်ဆုံးမှာ အစဉ်အလာအတိုင်း စီတန်းရွက်လွှင့်ပွဲကို အဆုံးသတ်ဖို့ ရွက်လွှင့်သမားများအားလုံးဟာ အသင်းဥက္ကဋ္ဌလှေကို ဖြတ်ကျော်သွားကြဖို့ပါပဲ။ ဒီအလေ့အထဟာ သမိုင်းဝင်ရွက်လှေတွေကို ရွက်လွှင့်ဆဲဖြစ်တဲ့ အချို့ရွက်လှေအသင်းတွေမှာ ပြုလုပ်ဆဲအစဉ်အလာတစ်ရပ် ဖြစ်ပါတယ်။ အသင်းရဲ့ ဥက္ကဋ္ဌ Commodore ရဲ့ လှေကို ကမ်းကပ်လိုက်ချိန်မှာ အခြားရွက်လှေတွေက အစဉ်လိုက် တစ်စင်းချင်းဖြတ်ကျော်ပြီး ဂုဏ်ပြုပေးကြရမှာဖြစ်ပါတယ်။ ဂုဏ်ပြုရာမှာ ကိုယ်ပိုင်နည်းလမ်းအမျိုးမျိုးနဲ့ ဂုဏ်ပြုပေးနိုင်ပါတယ်။ ဦးညွှတ်အလေးပြုခြင်း၊ ဦးထုပ်ကို ဝှေ့ယမ်းပြခြင်း၊ ဒါမှမဟုတ် ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌလို့ပဲ ပြောတာမျိုးလုပ်နိုင်ပါတယ်။ ဖြတ်ကျော်ဂုဏ်ပြုမှု ပြီးတဲ့နောက် ရေတာရွက်လှေရွက်လွှင့်သမားတွေ အားလုံးဟာ အသင်းမှာစုဝေးပြီး " Bar Sailing" ဆိုတဲ့ အစီအစဉ်ကို စတင်ခဲ့ပါတော့တယ်။ ဒီအခေါ်အဝေါ်က ရွက်လွှင့်ဖို့ကြောက်တဲ့အသင်းဝင်တွေ ဒါမှမဟုတ် ကျန်းမာရေးကြောင့် (ဒါမှမဟုတ်) အခြားပုဂ္ဂိုလ်ရေးအကြောင်းရင်းများကြောင့် ရွက်လွှင့်ခြင်းမပြုတဲ့ အသင်းဝင်တွေအတွက် တီထွင်ထားတဲ့အခေါ်အဝေါ်လေးပဲဖြစ်ပါတယ်။ ယခင်ရွက်လွှင့်သမားဟောင်းကြီးများကိုလည်း ဖိတ်ကြားခဲ့ပြီး အဖျော်ယမကာများကို အားလုံးစုစည်းသောက်သုံးခဲ့ကြသလို YSC ရွက်လှေဌာနကနေ ပြင်ဆင်ပေးတဲ့ စားသောက်စရာများအတွက်လည်း ကျေးဇူးတင်ကြရမှာပါ။ ရွက်လွှင့်သမားတွေအားလုံးကတော့ ဒီအထိမ်းအမှတ်မျိုးကို နောင်နှစ်တွေမှာလည်း ဆက်လက်လုပ်ဆောင်သွားဖို့နဲ့ အသင်းရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ ရေတာရွက်လှေတွေကို ထိန်းသိမ်းထားနိုင်ဖို့အတွက်လည်း အစဉ်အလာတစ်ရပ် ဖြစ်လာမှာဖြစ်ကြောင်းကို တစ်ညီတစ်ညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့ကြပါတော့တယ်။

ဇန်နဝါရီ ၁၅ ရက်နေ့တွင် Rater Stay (ရေတာလှေများ ထာဝရရှိနေမယ်) အစီအစဉ်ဖြင့် ၁၉၂၄ ခုနှစ်ကတည်းမှစ၍ ရေတာရွက်လှေအမျိုးအစားကို ရှင်သန်နေစေအောင် စစ်မှန်သောမေတ္တာဖြင့် ကြိုးပမ်းဆောင်ရွက် ထိန်းသိမ်းခဲ့သည့် သက်ရှိထင်ရှားရှိဆဲ ရွက်လွှင့်သမားများအားလုံးနှင့် ဆုံးပါးသွားပြီဖြစ်သော ရွက်လွှင့်သမားများအားလုံးကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါတယ်။

(အသင်း၏ လှေများတာဝန်ခံ Captain Holger Rolf နှင့် နှစ် ၂၀ ကြာအသင်းဝင် Bo Colomby တို့ ရေးသားထားသော RATER STAY DAY အင်္ဂလိပ်ဘာသာ ဆောင်းပါးကို MPRL E&P Group of Companies၊ Communications Team မှ မြန်မာဘာသာသို့ ဆီလျော်အောင် ဘာသာပြန်ဆိုဖော်ပြခြင်း ဖြစ်ပါသည်)

# နိုင်ငံတကာမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ လူမှုအကျိုးပြု အစီအစဉ်များဆောင်ရွက်



မြန်မာဝိုင်အမ်စီအေအသင်းနှင့် နိုင်ငံတကာ ဝိုင်အမ်စီအေအသင်းများပူးပေါင်းဆက်သွယ်၍ ဟောင်ကောင်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံရှိ ဝိုင်အမ်စီအေနေ့ကလေးထိန်းကျောင်းနှင့် ဒေသများရှိ အဆောက်အအုံများကို လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြစဉ်

**ရန်ကုန် ဇန်နဝါရီ ၃၀**

မြန်မာဝိုင်အမ်စီအေအသင်းနှင့် နိုင်ငံတကာ ဝိုင်အမ်စီအေအသင်းများ လူမှုအကျိုးပြုချစ်ကြည်ရေးအစီအစဉ်အဖြစ် နိုင်ငံတကာမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသားများ၊ ဝိုင်အမ်စီအေနေ့ ကလေးထိန်းကျောင်းများမှ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအား တွေ့ဆုံ၍ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းအစီအစဉ်အရ မြန်မာဝိုင်အမ်စီအေ၏ ဦးဆောင်မှုဖြင့် ဇန်နဝါရီလ ပထမပတ်က ဟောင်ကောင်သိပ္ပံနှင့် နည်းပညာတက္ကသိုလ်မှ အုပ်ချုပ်သူ Ms. Hody chung နှင့် ကျောင်းသား ကျောင်းသူ ၁၈ ဦး၊ ဇန်နဝါရီလဒုတိယပတ်က ဟောင်ကောင်ဝိုင်အမ်စီအေမှ အုပ်ချုပ်သူ Mr.Tong Chit Kit ခေါင်းဆောင်သည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၂၂ ဦးတို့သည် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာပံ့ပိုးကူညီမှုနှင့် မြန်မာဝိုင်အမ်စီအေမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ပါဝင်မှုဖြင့် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ တတိယတန်းကျောင်းသား ကျောင်းသူ ၁၀၀ တို့နှင့်တွေ့ဆုံကာ အားကစားအစီအစဉ်များ၊ အင်္ဂလိပ်စာသင်ကြားခြင်းနှင့် ဆေးသုတ်ခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး ပြုလုပ်ခြင်း၊ နေပြည်တော် ဝိုင်အမ်စီအေနေ့ကလေးထိန်းကျောင်းဆောင် ဆေးသုတ်ပေးခြင်း၊ ကလေးများ အိပ်စက်အနားယူနိုင်ရန် ကွပ်ပျစ်များ ဆောက်လုပ်ပေးခြင်း၊ ရှမ်းပြည်နယ်ပင်လောင်းမြို့နယ်တောင်ကျရွာတွင် ကျောင်းသားကျောင်းသူများအား အင်္ဂလိပ်စာသင်ပေးခြင်း၊ အားကစားအစီအစဉ်ပြုလုပ်ခြင်းနှင့် ကျောင်းဆောင်ဆေးသုတ်ပေးခြင်း၊ တောင်ငူ ဝိုင်အမ်စီအေခြံဝင်းများမြေဖို့ခြင်း၊ အဆောက်အအုံဆေးသုတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးရေး အစီအစဉ်အရ တက္ကသိုလ်ကျောင်းသားကျောင်းသူများသည် နှစ်နိုင်ငံရိုးရာယဉ်ကျေးမှုဖလှယ်ခြင်း၊ ရွှေတိဂုံစေတီတော်၊ ကန်တော်ကြီးပန်းဥယျာဉ်၊ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်တို့ကို သွားရောက်လေ့လာကာ လှိုင်သာယာမြို့နယ်ရှိ သက်ကြီးရွယ်အိုများနေထိုင်သည့်အိမ်လေးလုံးတို့ကို ပြုပြင်မွမ်းမံပေးခြင်းများ ဆောင်ရွက်ကြသည်။

အလားတူ မြန်မာဝိုင်အမ်စီအေအသင်းက အခြားနိုင်ငံတကာ ဝိုင်အမ်စီအေအသင်းများနှင့် ပူးပေါင်းဆက်သွယ်ပြီး မကြာမီ စင်ကာပူ၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့မှ တက္ကသိုလ်ကျောင်းသားကျောင်းသူများသည် မြန်မာနိုင်ငံဝိုင်အမ်စီအေအသင်း ကူညီမှုဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျောင်းသားကျောင်းသူများ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ချစ်ကြည်ရေးခရီးစဉ်အဖြစ်လာရောက်ပြီး လူမှုရေးအကျိုးပြုလုပ်ငန်းများ ဆက်လက်ဆောင် ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ **ကိုလတ်(သတင်းစဉ်)**

# ခွင့်ပြုချက်မရှိဘဲ သောက်ရေသန့်ထုတ်လုပ်လျှင် တရားစွဲဆိုအရေးယူမည်

**ရန်ကုန် ဇန်နဝါရီ ၃၀**



မြန်မာနိုင်ငံတွင် သောက်ရေသန့်ထုတ်လုပ်ရောင်းချမှုမှာ မြို့ပြများသာမက ကျေးလက်များအထိ ပျံ့နှံ့လာပြီဖြစ်ရာ သောက်ရေသန့်များ ထုတ်လုပ်ရာတွင် တရားဝင်ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်ပါက တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က ပြောသည်။

“နိုင်ငံတော်အစိုးရအနေနဲ့ အစားအသောက်နဲ့ ဆေးဝါးတွေ ထုတ်လုပ်ရာမှာ ကြော်ငြာတွေသာ တွေ့ရတယ်။ အရေးယူမှုတွေမရှိဘူးလားဆိုတဲ့ အမိန့်ညွှန်ကြားချက်တွေ ထွက်လာပါတယ်။ ဒီအတွက် သောက်ရေသန့်များထုတ်လုပ်ရာမှာ ထုတ်လုပ်ခွင့်မရှိဘဲ ထုတ်လုပ်မယ်ဆိုရင် တရားစွဲဆိုပါမယ်။ ပြစ်ဒဏ်ချတာကတော့ တရားရုံးကချပါလိမ့်မယ်။ တရားစွဲတာက အခုမှမဟုတ်ပါဘူး။ အခုပိုပြီး တရားစွဲဆိုသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အစားအသောက်တွေအရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ဖို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်” ဟု ၎င်းက ဇန်နဝါရီ ၂၈ ရက်က ရန်ကုန်မြို့ မင်းကျောင်းလမ်းရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ ရန်ကုန်၌ ပြုလုပ်သော သောက်ရေသန့် လုပ်ငန်းရှင်များအား အသိပညာပေးတွေ့ဆုံပွဲ အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အရေးယူမှုအပိုင်းကို တင်းကျပ်စွာလုပ်ဆောင်သွားမည်ဖြစ်သော်လည်း အခြားတစ်ဖက်တွင် ရေသန့်လုပ်ငန်းရှင်များအား လုပ်သာကိုင်သာရှိစေရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အဏုဇီဝစံသတ်မှတ်ချက်တစ်ခုဖြစ်သည့် Standard Plate Count ကို မူလက ၁၀၀ သတ်မှတ်ထားရာမှ ယနေ့မှစ၍ ၅၀၀ အထိ လျှော့ချသတ်မှတ်လိုက်ပြီဖြစ်ကြောင်းလည်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောပြသည်။

အဆိုပါ စံသတ်မှတ်ချက်သည် ရေသန့်၏အရည်အသွေးကို တိုင်းတာစစ်ဆေးသည့်သတ်မှတ်ချက်တစ်ခုဖြစ်ကြောင်း၊ အချို့သောရေသန့်လုပ်ငန်းများသည် စစ်ဆေးမှုသုံးလေးကြိမ်လုပ်သည့်တိုင်အောင် စစ်ဆေးမှုအောင်မြင်ခြင်းမရှိကြောင်း၊ ယင်းစံသတ်မှတ်ချက်နှင့်ကိုက်ညီမှ သာလျှင် ရေသန့်ထုတ်လုပ်ခွင့်ရှိကြောင်း သိရသည်။

သောက်ရေသန့်များ ထုတ်လုပ်ရာတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ထောက်ခံချက်ရှိသော၊ လုပ်ငန်းလိုင်စင်ရှိသော၊ သက်တမ်းရှိသောလုပ်ငန်းသာ ထုတ်လုပ်ခွင့်ရှိကြောင်း၊ ယနေ့အထိ ထောက်ခံချက်ပေးထားသော လုပ်ငန်းပေါင်း ၉၇၄ ခုရှိသွားပြီဖြစ်ကြောင်း၊ ထောက်ခံချက်ပေးထားသော သောက်ရေသန့်လုပ်ငန်းတစ်ခုအနေဖြင့် နှစ်နှစ်တစ်ကြိမ်သက်တမ်းတိုးရမည် ဖြစ်ကြောင်း၊ သက်တမ်းတိုးစစ်ဆေးဆဲကာလတွင် ထုတ်လုပ်ခွင့်မရှိကြောင်း သိရသည်။

သောက်ရေသန့်များ ထုတ်လုပ်ရာတွင် ကမ္ဘာ့အဆင့်စံသတ်မှတ်ချက်မမီသေးသည့်တိုင် အာဆီယံအဆင့်သတ်မှတ်ချက်များနှင့်အညီ တဖြည်းဖြည်း စစ်ဆေးကြပ်မတ်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ကျောက်စီနံရံကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း ၅၀ ရာနှုန်း ဆောင်ရွက်ပြီးစီး

**တနင်္သာရီ ဇန်နဝါရီ ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ရေအရင်းမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၉)မှ ကြီးမှူး၍ တနင်္သာရီမြို့အဝင်မျက်နှာစာ မြစ်ကမ်းပါးရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းကို မြစ်ကမ်းပါးတစ်လျှောက်တွင် နေထိုင်နေကြသည့် ဒေသခံပြည်သူများ၏ နေအိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် တနင်္သာရီမြို့၏ ရှေးဟောင်းမြို့ရိုးများကိုလည်း ကြိုတင်ကာကွယ်မှုပြုနိုင်ရန်အတွက် ရည်ရွယ်၍ ယင်းဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ (ရေဘက်/မြို့ပြ) ဦးနောင်နောင်ဇော်လေးဦးဆောင်၍ နိုဝင်ဘာ ၂၇ ရက်မှစ၍ ချောင်းကြီးရပ်ကွက်-ရွှေလိပ်ပြာ ကမ်းနားလမ်းတစ်လျှောက်တွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းသည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၆သန်း ဖြင့် ဆောင်ရွက်သော ဘိုးပိုင်အခြေပြု ကျောက်စီ မြေထိန်းနံရံအမျိုးအစား အလျား ၃၄၀ပေ ဖြစ်ပြီး လက်ရှိအခြေအနေတွင် ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး(ရေဘက်/မြို့ပြ) ဦးမြတ်ခိုင်၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ သိရသည်။

**နန်းသာရီ-ထိန်ဝင်း**



# မျက်စိဝေဒနာရှင်များအား သီတဂူလှူဆန်းယဉ်စက္ခုဒါန မျက်စိဆေးရုံတွင် အခမဲ့စမ်းသပ်စစ်ဆေးကုသပေး

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား မော်လမြိုင်ကျွန်းမြို့ ပစ္စိမာရုံစာသင်တိုက်သီတဂူလှူဆန်းယဉ်စက္ခုဒါနမျက်စိဆေးရုံတွင် ဇန်နဝါရီ ၂၈ ရက်မှစတင်ပြီး အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့ရာ မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်ပေါင်း ၃၅၀ လာရောက်စမ်းသပ် စစ်ဆေးကုသမှုခံယူကြသည်။

အဆိုပါမျက်စိဝေဒနာရှင်များအား မျက်စိအထူးကုဆရာဝန်ဒေါက်တာမြမြစိုးနှင့် ဒေါက်တာနီနီဝင်းတို့က မျက်စိဝေဒနာရှင်များအား တစ်ဦးချင်းစမ်းသပ်စစ်ဆေးကုသပေးကြသည်။

ယင်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ဇန်နဝါရီ ၂၉ ရက် နံနက် ၇ နာရီတွင် ဆက်လက်ကုသပေးခဲ့ရာ မျက်စိကုသ မည့်လူပေါင်း ၃၅ ဦးနှင့် မျက်မှန်တပ်ဆင်ပေးရမည့်လူ ၂၀၀ ရှိကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# ဘိုစားပဲနှင့် ဘိုမပဲ ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ရေးဆောင်ရွက်

**ဂန့်ဂေါ ဇန်နဝါရီ ၃၀**

ဂန့်ဂေါမြို့နယ်တွင် ဘိုစားပဲနှင့် ဘိုမပဲကို ကျယ်ပြန့်စွာစိုက်ပျိုးရေးနှင့် မျိုးကောင်းမျိုးသန့်များရရှိနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် နယ်မြေတွင် မျိုးပွား၊ မျိုးသန့်စံပြစိုက်ခင်းကို စိုက်ပျိုးထားသည်။

ဘိုစားပဲနှင့် ဘိုမပဲမှာ အိမ်ရှင်မများ နှစ်သက်သည့် ဟင်းလျာသီးနှံဖြစ်ကာ အထူးနာမည်ရ သီးနှံဖြစ်ကြောင်းနှင့်ဒေသတွင် တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ ပေါက်စျေးရှိသဖြင့် တောင်သူများအနေဖြင့်လည်း စိုက်ပျိုးပါက တွက်ခြေကိုက်သီးနှံဖြစ်သည်ဟု ဆိုသည်။

လာမည့်စိုက်ပျိုးရာသီတွင် တောင်သူများကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရန်အတွက် ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် ကွင်းအမှတ် ၁၆၁ တွင် ဘိုစားပဲနှင့် ဘိုမပဲ စံပြကွက်ကို ရေဆင်းစပ်မျိုး (၁) နေကြာနှင့် သီးညှပ်အဖြစ် စိုက်ပျိုးထားခြင်းဖြစ်ကာ အပင်ဖြစ်ထွန်းကြောင်းနှင့် တောင်သူများလည်း စိတ်ဝင်စားမှုရှိကြောင်း သိရသည်။ **(၁၀၁)**


## မီးဖိုမီးအသုံးပြုလျှင်

(၁) လူစောင့်ထားပါ။ (၂)လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။ (၃) မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။ (၄) မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများ ထားပါ။ (၅) ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

# သံဖြူဇရပ်နှင့် သမိုင်းပုံရိပ်များ

မောင်သာ(ရှေးဟောင်းသုတေသန)




သဘာဝကျောက်ဂူများကိုလေ့လာရန် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ ထွက်ခွာလာခဲ့သည့် ရန်ကုန်တက္ကသိုလ်မှ ရှေးဟောင်းသုတေသနပညာ ဝါသနာရှင်များနှင့်အတူ အဖွဲ့ဝင်တစ်ဦးအဖြစ် ကျွန်တော်လိုက်ပါလာခဲ့သည်။ ရှေးဟောင်းသုတေသနပညာဌာန ကထိက စာရေးဆရာအိမ်မွန် (DTSM)၏ ကျုံကဒတ်ကျေးရွာရှိနေအိမ်တွင် နားခိုခဲ့ပြီးနောက် သံဖြူဇရပ်မြို့သို့ရောက်ရှိခိုက် စိတ်ဝင်စားဖွယ်နေရာများကို လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။ မြန်မာနိုင်ငံအောက်ပိုင်း မွန်ပြည်နယ်ရှိ သံဖြူဇရပ်မြို့သည် ဂျပန်ခေတ်အတွင်း ဖောက်လုပ်ခဲ့သည့် သေမင်းတမန် ရထားလမ်းကြောင့် ထင်ရှားသည့် သမိုင်းဝင်နေရာတစ်ခုဖြစ် လာခဲ့သည်။ လှပသော စက်စဲကမ်းခြေ၊ ကျိုက္ခမိကမ်းခြေ၊ ကျိုက္ခမိဘုရားနှင့် မဟာမိတ်စစ်သင်္ချိုင်းတို့သည် သံဖြူဇရပ် မြို့နယ် အနီးဝန်းကျင်၌ တည်ရှိနေကြပြီး ရှေးဟောင်းသုတေသန ဝါသနာရှင်များက သံဖြူဇရပ်ကို ဝါခရုမြို့ဟောင်းနှင့် တွဲစပ်သိရှိကြသည်။

**သံဖြူဇရပ်မြို့**

သံဖြူဇရပ်မြို့သည် ရန်ကုန်-ထားဝယ် မီးရထားလမ်း၊ ရန်ကုန်-ကော့သောင်း မော်တော်ကားလမ်းနှင့် မော်လမြိုင်-ကျိုက္ခမိ မော်တော်ကားလမ်းတို့ ဆုံသည့်နေရာတွင်တည်ရှိပြီး မော်လမြိုင်မြို့မှ တောင်ဘက်သို့ မိုင် ၄၀ ကွာဝေး၍ ရေးမြို့မှ မြောက်ဘက်သို့ ၅၇ မိုင် ကွာဝေးသည်။ သံဖြူဇရပ်သည် မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်တစ်ခုဖြစ်ပြီး ယခင်က ကျိုက္ခမိလက်အောက်ခံ ရွာကြီးတစ်ရွာဖြစ်သော်လည်း မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် နယ်ပိုင်ရုံးစိုက်သည့် မြို့တစ်မြို့ ဖြစ်လာခဲ့သည်။ မွန်တိုင်းရင်းသားများက သံဖြူဇရပ်ကို ဇြပ်ဗုဟု ခေါ်ကြပြီး ဇရပ်ဖြူဟု အဓိပ္ပာယ်ရသည်။

ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားကြသည့် ကျိုက္ခမိသည် သံဖြူဇရပ်မြို့မှ အနောက်မြောက်ဘက် ၁၅ မိုင် အကွာတွင် တည်ရှိပြီး မူလက မွန်တိုင်းရင်းသားများ အခြေချနေထိုင်ခဲ့သည့် ပင်လယ်ကမ်းခြေ တံငါရွာငယ် ဖြစ်ခဲ့သည်။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ(၁၈၂၄-၁၈၂၆)အပြီးတွင် ဗြိတိသျှတို့က အောက်မြန်မာနိုင်ငံ ရခိုင်နှင့် တနင်္သာရီကို သိမ်းယူပြီးနောက် ကျိုက္ခမိမြို့ကိုတည်ထောင်ခဲ့ကာ Amherst ဟု အမည်ပြောင်းခဲ့ပြီး စစ်ဌာနချုပ်တစ်ခု အခြေစိုက်ခဲ့သည်။

သံဖြူဇရပ်မြို့ကို ကုန်းမြင့်မြေပြင်ပေါ်တွင် တည်ထားပြီး မြို့ပတ်လည်ကို ရော်ဘာခြံများက ဝန်းရံလျက်ရှိသည်။ မြို့နယ်အတွင်း မွန်တိုင်းရင်းသားများ အများဆုံးနေထိုင်ကြပြီး ဒေသနေပြည်သူအများစုသည် ရော်ဘာစိုက်ပျိုးရေး၊ ဆန်စပါးစိုက်ပျိုးရေး၊ ဆားလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းစသည်တို့ဖြင့် အသက်မွေးမြူကြသည်။ သံဖြူဇရပ်မြို့နယ်သည် ၃၂၇ စတုရန်းမိုင်ကျယ်ဝန်း၍ အရှေ့ဘက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ်၊ အနောက်ဘက်တွင် ကျိုက္ခမိ၊ တောင်ဘက်တွင် ရေးမြို့နယ်နှင့် မြောက်ဘက်တွင် မုဒုံမြို့နယ်တို့နှင့် ထိစပ်နေပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၁၇၀၄၈၀ နေထိုင်လျက်ရှိသည်။ သံဖြူဇရပ်မြို့၏ မြေပုံအညွှန်းသည် မြောက်လတ္တီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၁၅ ဒီဂရီ ၃၈ မိနစ် ဖြစ်သည်။

ယခု သံဖြူဇရပ်မြို့လယ် နာရီစင်နှင့်ကပ်လျက် မြေကွက်ငယ်တွင် ရှစ်မြှောင့်ပုံ ပန္နက်တည်ထားသည့် သွပ်နှစ်ဆင့်မိုးဇရပ်တစ်ဆောင်ကို မြင်တွေ့ကြရသည်။ ယင်းနေရာသည် ယခင်က မော်လမြိုင်-ထားဝယ် ကြေးနန်းလမ်းဘေးဖြစ်ခဲ့ပြီး လွန်ခဲ့သော နှစ် ၁၀၀ ကျော် (၁၉၀၀ ပြည့်နှစ်ဝန်းကျင်)က ယင်းနေရာ၌ သွပ်မိုးဇရပ်တစ်ဆောင်ရှိခဲ့သည်။ ၁၉၀၀ ပြည့်နှစ်များတွင် ယခု သံဖြူဇရပ်မြို့နေရာ၌ လူနေအိမ်ခြေများ တည်ထောင်ခဲ့စဉ် သွပ်အဖြူရောင်မိုးထားသောဇရပ်ကို အကြောင်းပြု၍ သံဖြူဇရပ်ဟု အမည်တွင်ခဲ့သည်။ ဝါခရုမြို့ဟောင်းသို့သွားသည့် လမ်းတွင်လည်း သံဖြူဇရပ်မြို့၏ မူလဇရပ်တစ်ဆောင်ရှိခဲ့သည်ဟု ဆိုကြပြီး ယခုအခါ၌ မြို့ဟောင်းအဝင်လမ်းထိပ်၌ အုတ်ဇရပ်တစ်ခုကို မြင်တွေ့နိုင်ပေသည်။

**မဟာမိတ်စစ်သင်္ချိုင်း**

သံဖြူဇရပ်မြို့ရှိ မဟာမိတ်စစ်သင်္ချိုင်းသည် ပြည်ပခရီးသွားများ အများဆုံးလာရောက်ကြသည့် ခရီးသွားနယ်မြေတစ်ခုအဖြစ် ထင်ရှားပြီး အထိမ်းအမှတ်အုတ်ဂူငယ် ၃၇၇၁ ခုရှိသည်။

ကမ္ဘာစစ်ကြီးနှစ်ခုအတွင်း စစ်သည်များနှင့် ပြည်သူများသည် စစ်ဘေးစစ်ဒဏ်များကြောင့် သေကြေပျက်စီးခဲ့ကြသဖြင့် စစ်ပွဲများပြီးဆုံးပြီးနောက် ဗြိတိသျှနှင့် မဟာမိတ်နိုင်ငံများသည် နိုင်ငံအသီးသီးတွင် မဟာမိတ်စစ်သင်္ချိုင်းများကို တည်ဆောက်ဖွင့်လှစ်ခဲ့ကြသည်။ စစ်ပွဲများအတွင်း ကျဆုံးခဲ့သည့်စစ်သည်များ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် ဆွေမျိုးသားချင်းများသည် စစ်သင်္ချိုင်းများသို့လာရောက်၍ အထိမ်းအမှတ်အုတ်ဂူများ၌ မိမိတို့ကိုးကွယ်ရာ ဘာသာထုံးတမ်းများအတိုင်း ဂါရဝပြုနိုင်ကြပေသည်။

ဗြိတိသျှတို့သည် မြန်မာနိုင်ငံအတွင်း အဓိက မဟာမိတ်စစ်သင်္ချိုင်းသုံးခု ဖွင့်လှစ်ခဲ့ရာ ရန်ကုန်မြို့တွင် နှစ်ခုနှင့် သံဖြူဇရပ်မြို့တွင် တစ်ခုတည်ရှိသည်။ ယင်းတို့အနက် ၁၉၅၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ထောက်ကြန့်စစ်သင်္ချိုင်းသည် အကြီးဆုံးဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် တည်ရှိသည်။ ထောက်ကြန့်စစ်သင်္ချိုင်း၌ ပထမနှင့် ဒုတိယကမ္ဘာစစ်ပွဲများအတွင်း မြန်မာနိုင်ငံ နေရာဒေသအသီးသီးတွင် ကျဆုံးခဲ့သည့် မဟာမိတ်စစ်သည် ၆၃၇၄ ဦး၏ အထိမ်းအမှတ်ဂူငယ်များ ထားရှိသည်။

ဗြိတိသျှတို့သည် ဂျပန်များလက်မှ ရန်ကုန်မြို့ကို ပြန်လည်သိမ်းပိုက်ပြီးနောက် ၁၉၄၅ ခုနှစ် မေလတွင် စမ်းချောင်းမြို့နယ် ဟံသာဝတီအဝိုင်းအနီးရှိမြေကွက်ကို ရန်ကုန်စစ်သင်္ချိုင်းအဖြစ် အသုံးပြုခဲ့သည်။ ရန်ကုန်မြို့နှင့် အနီးဝန်းကျင်ဒေသများတွင် ကျဆုံးခဲ့သည့် မဟာမိတ်စစ်သည်များနှင့် ရန်ကုန်ထောင်အတွင်း ကွယ်လွန်ခဲ့သည့် မဟာမိတ်စစ်သုံ့ပန်းများကို ယင်းနေရာ၌မြှုပ်နှံခဲ့သည်။ စစ်ပြီးဆုံးချိန်တွင် ယင်းနေရာကို ရန်ကုန်စစ်သင်္ချိုင်းဟု အမည်ပေးလျက် အထိမ်းအမှတ်ဂူ ၁၃၈၁ ခု ထားရှိခဲ့သည်။

သံဖြူဇရပ်စစ်သင်္ချိုင်းသည် ၂၅ ဧကကျော် ကျယ်ဝန်းပြီး ဒုတိယကမ္ဘာစစ်ပွဲကာလအတွင်းက သေမင်းတမန်ရထားလမ်းဟု ထင်ရှားခဲ့သည့် မြန်မာ-ထိုင်း မီးရထားလမ်းဖောက်လုပ်ရေးတွင် သေဆုံးခဲ့သည့် မဟာမိတ်စစ်သုံ့ပန်းများ၏ အထိမ်းအမှတ်အုတ်ဂူများ ထားရှိသည်။ မဟာမိတ်စစ်သည် ၃၁၄၉ ဦးနှင့် ဒတ်ချ်စစ်သည် ၆၂၁ ဦးတို့၏ အထိမ်းအမှတ်ဂူများတည်ရှိသည့် သံဖြူဇရပ်စစ်သင်္ချိုင်းကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘုရင်ခံဆာဟူးဘရန့်တို့က ဖွင့်လှစ်ပေးခဲ့သည်။

သံဖြူဇရပ်စစ်သင်္ချိုင်းသည် လှပအေးချမ်းသည့်အသွင်ကို ဆောင်နေသော်လည်း စစ်၏အနိဋ္ဌာရုံတစ်ရပ်အဖြစ် နိုင်ငံများအကြား ရန်မီးတောက်လောင်ခဲ့မှု ရလဒ်ဆိုးတစ်ခုကို သက်သေပြလျက်ရှိနေပေသည်။

**သေမင်းတမန်ရထားလမ်းပြတိုက်**

သံဖြူဇရပ်မြို့တွင် မြန်မာ-ထိုင်း သေမင်းတမန်ရထားလမ်းပြတိုက်အသစ်ကို ၂၀၁၆ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ပြတိုက်ကို နှစ်ထပ်ဆောက်လုပ်ထားပြီး ပြတိုက်အဝင်တွင် မီးရထားလမ်းဖောက်လုပ်ခဲ့စဉ်က ချွေးတပ်သားများနှင့် မဟာမိတ် စစ်သုံ့ပန်းများ ပင်ပန်းဆင်းရဲကြီးစွာ အလုပ်လုပ်ကိုင်ခဲ့ကြရပုံများကို ရုပ်တုများ ထုလုပ်ပြသထားသည်။ ပြတိုက်အတွင်း၌ ရှားပါးမှတ်တမ်းဓာတ်ပုံများ၊ ချွေးတပ်သားများနှင့် မဟာမိတ်စစ်သုံ့ပန်းများ၏ အသုံးအဆောင်များ၊ အဝတ်အစားများ၊ ချွေးတပ်စခန်းအတွင်း ချွေးတပ်သားများ နေထိုင်ခဲ့ရသည့် တဲပုံစံများကို ဆောက်လုပ်ပြသထားသည်။ သေမင်းတမန်ရထားလမ်းတွင် ပထမဆုံး ပြေးဆွဲခဲ့သည့် မီးရထားစက်ခေါင်းကိုလည်း မြင်တွေ့ကြရသည်။

ဂျပန်နိုင်ငံသည် အရှေ့တောင်အာရှကို အင်အားလွှမ်းမိုးနိုင်ရေးအတွက် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံနယ်စပ်ကို ဖြတ်ကျော်လျက် မိုင် ၂၅၀ ကျော်ရှည်လျားသည့် မီးရထားလမ်းတစ်ခုကို ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ် နိုဝင်ဘာလတွင် ဖောက်လုပ်ခဲ့သည်။ မီးရထားလမ်းကို သံဖြူဇရပ်မြို့မှ စတင်ခဲ့ပြီး ၁၉၄၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ပြီးစီးခဲ့ရာ မြန်မာနိုင်ငံဘက်ခြမ်းတွင် မိုင် ၇၀ ကျော် ရှည်လျားသည်။

ရထားလမ်းဖောက်လုပ်ခဲ့စဉ် မြန်မာပြည်သူများနှင့် စစ်သုံ့ပန်းများ၏ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသဖြင့် သေမင်းတမန်ရထားလမ်းဟု ထင်ရှားခဲ့သည်။ သံဖြူဇရပ်မြို့မှ ဘုရားသုံးဆူနယ်စပ် တောင်ကြားကို ဖြတ်သန်းလျက် ထိုင်းနိုင်ငံ ဗန်ပေါင်းရှိ ဗန်ကောက်-စင်ကာပူ မီးရထားလမ်းနှင့်ချိတ်ဆက်ရန် ရည်ရွယ်သည့် မီးရထားလမ်းကို ဖောက်လုပ်ခဲ့စဉ် အစာအာဟာရမပြည့်စုံမှု၊ ရာသီဥတုဆိုးရွားမှု၊ ကျန်းမာရေးစောင့်ရှောက်မှု မရရှိမှု၊ ဖက်ဆစ်များ၏ ညှဉ်းပန်းမှုစသည့် အကြောင်းများစွာကြောင့် မြန်မာတိုင်းရင်းသား ၈၀၀၀၀ ကျော်နှင့် မဟာမိတ်တပ်သား ၁၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြရသည်။ မြန်မာနိုင်ငံ ဒေသအသီးသီးမှ ကျန်းမာသန်စွမ်းသော အမျိုးသားများကို မရရသည့်နည်းဖြင့် စုဆောင်းခဲ့သဖြင့် ချွေးတပ်ဆွဲသည်ဟု ထင်ရှားခဲ့ပြီး မီးရထားလမ်းဖောက်လုပ်ရေး ဆောင်ရွက်ခဲ့ရာတွင် မြန်မာနိုင်ငံသားများ၏ အသက်သွေးချွေးများစွာ ဆုံးရှုံးခဲ့ရသည်။ သေမင်းတမန်ရထားလမ်းစတင်ခဲ့သည့်နေရာတွင် အထိမ်းအမှတ်ကျောက်စာတိုင်ကို စိုက်ထူထားသည်။

ဂျပန်များစစ်ရှုံးချိန်တွင် မီးရထားလမ်းကို အသုံးမပြုတော့ဘဲ ရထားလမ်းပိုင်းအစိတ်အပိုင်းအချို့ကို ဖြုတ်ယူသွားသည်ဟု ဆိုကြသည်။ သေမင်းတမန် မီးရထားလမ်း ဖောက်လုပ်ရာတွင် မဟာမိတ်စစ်သုံ့ပန်း ၆၁၀၀၀ အလုပ်လုပ်ခဲ့ရကာ ၁၂၃၉၉ ဦး သေဆုံးခဲ့သည်။ မီးရထားလမ်းဖောက်လုပ်ခဲ့ရသည့် မြန်မာတိုင်းရင်းသားများအပါအဝင် အာရှတိုင်းရင်းသား ၂၇၀၀၀၀ အနက် ၉၀၀၀၀ ကျော် သေဆုံးခဲ့ကြရကြောင်း ထိုင်း-မြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်းတွင် ဖော်ပြထားသည်။ ရထားလမ်း မိုင် ၂၆၀ ခန့်ရှိရာ တစ်မိုင်လျှင် မဟာမိတ်စစ်သုံ့ပန်း ၄၇ ဦးနှင့် အာရှတိုက်သား ချွေးတပ်အလုပ်သမား ၃၄၆ ဦး သေဆုံးခဲ့ရကြောင်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း ပြုစုခဲ့သူ စာရေးဆရာ လင်းယုန်သစ်လွင်က ရေးသားထားသည်။

**ဝါခရု မြို့ဟောင်း**

လေ့လာရေးအဖွဲ့သည် ကျုံကဒတ်ကျေးရွာမှ ဝါခရုမြို့ဟောင်းသို့ လာခဲ့ကြရာ မြို့ဟောင်းဝင်ပေါက်တွင် ၁၉၉၃ ခုနှစ်က စိုက်ထူထားသည့် အုတ်မုခ်ဦးပေါက်ကို တွေ့ရှိကြရသည်။ မုခ်ဦးတွင် ဝါခရုမြို့ဟောင်းဟု မြန်မာ၊ မွန် နှစ်ဘာသာဖြင့် ရေးထိုးထားသည်။

ဝါခရုသည် မုတ္တမ ၃၂ မြို့စာရင်းဝင် မြို့ဟောင်းတစ်ခုဖြစ်ပြီး သံဖြူဇရပ်မြို့နယ်အတွင်း ကျိုက္ခမိမြို့၏ အရှေ့မြောက် ၁၀ မိုင်အကွာတွင်တည်ရှိကာ မုဒုံမြို့မှ တောင်ဘက်စူးစူးသို့ ၁၈ မိုင်ကွာဝေးသည်။ မြို့ဟောင်းသို့ဝင်ပေါက်တွင် မပျက်မစီး ပကတိနီးပါးအတိုင်း ရှိနေသည့် အမြင့် ၁၅ ပေမှ ပေ ၂၀ အတွင်းရှိသော ဝါခရုမြို့ရိုးဟောင်းကို မြင်တွေ့ကြရသည်။ မြို့သည် မှန်ကူကွက်(နန္ဒင်းမကင်း)ပုံစံရှိသော်လည်း မြို့ဟောင်း၏ ထောင့်ချိုးများသည် ချွန်ထက်နေခြင်းမရှိဘဲ ကွေးဝိုင်းနေကြသည်။ မြို့ဟောင်းအကျယ်အဝန်းသည် ၆၅ ဧကရှိ၍ မြို့ရိုးပတ်လည်အလျားသည် ၂ ကီလိုမီတာ(၁ ဒသမ ၂၄ မိုင်)ရှိသည်။

မြို့ဟောင်း၏အရှေ့ဘက်တွင် စီးဆင်းနေသည့် ဝါခရုချောင်းသို့ ပုဇွန်စိမ်းချောင်းငယ်က လာရောက်ပေါင်းစည်းသည့်နေရာမှ ဝါခရုချောင်းဝဲဘက်ကမ်းတွင် ဝါခရုမြို့ဟောင်းကို တည်ထားသည်။ ယင်းနေရာသည် မြို့ဟောင်း၏ အနိမ့်ဆုံးနေရာဖြစ်ပြီး မြေပြင်အနေအထားသည် အနောက်တောင်ဘက်မှ အရှေ့မြောက်ဘက်သို့ ဆင်ခြေလျောနိမ့်ဆင်းနေသည်။ မြို့ဟောင်း၏ အမြင့်ဆုံးအပိုင်းဖြစ်သည့် အနောက်တောင်ဘက်တွင် ကုန်းတစ်ခုရှိပြီး ယင်းကုန်းကို မြို့ရိုးအဖြစ် တစ်ပါတည်း ဖွဲ့စည်းထားသည်။

မြို့ဟောင်းအတွင်း အနောက်မြောက်ထောင့်ရှိ ကုန်းမြင့်နေရာတွင် မြို့ဟောင်းနှင့်အတူ တည်ထားခဲ့ကြောင်း ယူဆနိုင်ဖွယ်ရှိသည့် စေတီတစ်ဆူရှိသည်။သို့သော် စေတီတော်အား ပြုပြင်မှုများဆောင်ရွက်ထားသဖြင့် မည်သည့်ခေတ်ကတည်ခဲ့ကြောင်း ခန့်မှန်းရန် မလွယ်ကူတော့ပါချေ။ စေတီ၏ အောက်ခံ ခုံလုံးမှ အင်္ဂတေများကွာကျနေသည့် နေရာများတွင် ဂဝံအုတ်များကို မြင်တွေ့ကြရသည်။ မြို့ဟောင်းအတွင်း သမိုင်းဝင်ဘုရားနှစ်ဆူ ရှိသည့်အနက် ကျန်တစ်ဆူကို မြို့ဟောင်း မြောက်ဘက် မြေပြန့်နေရာတွင် ဂဝံကျောက်များဖြင့် တည်ထားခဲ့သည်ဟု ဆိုပေသည်။

ယခင်က ဝါခရုမြို့ဟောင်းအတွင်း ဂဝံယဉ်ကျေးမှု အထောက်အထားတစ်ရပ်ဖြစ်သည့် ဂဝံဖြင့်ပြုလုပ်ထားသော ထီးတော်ဟောင်းတစ်ခု ထိန်းသိမ်းထားကြောင်း ကြားခဲ့ရသော်လည်း ကျွန်တော်တို့ရောက်ရှိချိန်တွင် မတွေ့ရှိခဲ့ရပါချေ။

အစဉ်အဆက် နှုတ်ပြောစကားများအရ ဂဒူးအကြီးအကဲတစ်ဦးက ဝါခရုကို သက္ကရာဇ် ၅၀၀ ပြည့်နှစ်အတွင်း တည်ခဲ့သည်ဟု ဆိုကြသော်လည်း သာသနာသက္ကရာဇ်၊ မြန်မာသက္ကရာဇ်၊ မဟာသက္ကရာဇ် စသည်ဖြင့် ရှင်းလင်းမှုမရှိချေ။ သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက ဝါခရုကို ခရစ်နှစ် ၁၁၃၈ ခုနှစ်တွင် တည်ထားခဲ့ပြီး ခရစ်နှစ် ၁၄၀၄ ခုနှစ်တွင် မွန်ဧကရာဇ် ရာဇာဓိရာဇ်(ခရစ်နှစ် ၁၃၈၅-၁၄၂၃)က ပြန်လည်ပြင်ဆင်ခဲ့ကာ မုတ္တမ ၃၂ မြို့ စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ကြောင်း ရှေးမြန်မာမြို့တော်များစာအုပ်တွင် ရေးသားခဲ့သည်။

ဆရာကြီးဦးအောင်မြင့်ကလည်း ဝါခရုမြို့ဟောင်းသည် အရွယ်အားဖြင့် မကြီးမားလှသော်လည်း တည်ဆောက်မှုထုထည်ကောင်း၍ ခိုင်ခံ့ပြီး မြို့ဟောင်းအတွင်းတည်ခဲ့သည့် ဘုရားစေတီနှင့် အခြားအဆောက်အအုံပျက်များကို ဂဝံကျောက်များဖြင့် တည်ဆောက်ခဲ့ကြောင်း ရေးသားခဲ့သည်။ ဝါခရုသည် ပင်လယ်ကမ်းခြေနှင့် ငါးမိုင်မျှသာကွာဝေးပြီး သံဖြူဇရပ်မြို့၏ မြောက်ဘက်တွင် တည်ရှိနေကာ မြို့ပြတိုးချဲ့မှုများ ထွန်းကားလာချိန်တွင် မြို့ပြ၊ ကျေးရွာ အိမ်ခြေများနှင့် နီးကပ်လာခဲ့ပေသည်။ ဝါခရုမြို့ဟောင်းအတွင်း ရှေးဟောင်းသုတေသနဦးစီးဌာနက ၂၀၀၁ ခုနှစ်တွင် တူးဖော်မှုများဆောင်ရွက်ခဲ့သည့် ကုန်းနေရာအား မြင်တွေ့နိုင်ပေသည်။

ယခုအချိန်တွင် ပြည်တွင်း ပြည်ပ ခရီးသွားများသည် ရှေးဟောင်းနှင့် ခေတ်သစ်သမိုင်းများနှင့် ဆက်စပ်နေသည့် သံဖြူဇရပ်မြို့နှင့် လှပသော ပင်လယ်ကမ်းခြေများသို့ နေ့စဉ်နီးပါး လာရောက်လည်ပတ်လျက်ရှိနေကြသည်။ မွန်ဒေသ ဝါခရုမြို့ဟောင်းအပြင် ဒုတိယကမ္ဘာစစ်ဆိုင်ရာ သမိုင်းအထောက်အထားများ ကျန်ရှိနေသည့် သံဖြူဇရပ်သည် ခရီးသွားလုပ်ငန်းတိုးတက်လာမှုနှင့်အတူ နှစ်ပေါင်းများစွာ ဆက်လက် ရှင်သန်ဖွံ့ဖြိုးနေဦးမည် ဖြစ်ပေသည်။




**ကိုးကား**

(၁) မြန်မာ့ရှေးဟောင်းမြို့တော်များ (ဦးအောင်မြင့်)
(၂) ထိုင်းမြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း (လင်းယုန်သစ်လွင်)
(၃) မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၃)

# အင်တာမီလန်တို့ ခြေကုန်ဖွင့်ကျော်ဖြတ်ရမယ့် ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ ဖေဖော်ဝါရီ ၁ ရက်မှာတော့ အီတလီမြေမှာ ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်ပွဲစဉ်ကစားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်မှာ အင်တာမီလန်က လာဇီယိုနဲ့ ဆုံတွေ့ရမှာဖြစ်ပြီး ပွဲမချောင်သလို ရိုးမားတို့ကလည်း ဆီစီနာတို့နဲ့ ရင်ဆိုင်ရမှာမို့ စိတ်မသက်သာစရာဖြစ်နေပါတယ်။ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ရေး အပြိုင်ကြိုးစားကြမယ့် အင်တာမီလန်နဲ့ ရိုးမားတို့ရဲ့ အားကုန်သွန်ကစားမှုတွေကို စောင့်ကြည့်အားပေးရဦးမှာ ဖြစ်ပါတယ်။



**အင်တာမီလန်နှင့် လာဇီယို**


ခြေစွမ်းပြပြီး နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ အင်တာမီလန်တို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ ရှစ်ပွဲဆက်တိုက်မှာ နိုင်ပွဲတွေချည်းရယူနေပါတယ်။ အင်တာမီလန်တို့ကတိုက်စစ်မှူးတွေ အဆုံးသတ်ဂိုးသွင်းမှု မသေချာပေမယ့် ရလဒ်ကောင်းအောင်ကြိုးစားအားထုတ်နေတာမို့ ပွဲတိုင်းအောင်ပွဲခံလာတာဖြစ်ပါတယ်။ ဒါ့အပြင်ခံစစ်ပိုင်းမှာလည်း ပြန်လည်ပြုပြင်မှုတွေပြုလုပ်ခဲ့လို့ အမှားအယွင်းနည်းပြီး သိပ်သည်း ကျစ်လျစ်ခဲ့တာကြောင့် ပေးဂိုးလည်း နည်းနေပါတယ်။ အင်တာမီလန်ရဲ့ကွင်းလယ်ကစားအားကလည်း တစ်ပွဲထက်တစ်ပွဲလုပ်အားနှုန်းကောင်းလာတာမို့ အပေါ်အောက်ဟန်ချက်ညီအောင် မောင်းနှင်အားတက်လာတာကြောင့် ပွဲတိုင်းမှာ နိုင်ပွဲတွေရခဲ့တာဖြစ်ပါတယ်။ လာဇီယိုတို့ကလည်း ခြေစွမ်းပိုင်း မတည်ငြိမ်ပေမယ့် တချို့ပွဲတွေမှာ အံ့အားသင့်စရာကောင်းအောင် အရှိန်အဟုန်နဲ့ တိုက်စစ်ဆင်ကစားနိုင်တာမို့ အင်တာမီလန်တို့ ပေါ့ဆဆကစားလို့မရနိုင်ပါဘူး။ လာဇီယိုတိုက်စစ်မှူးတွေဟာ ထိန်းချုပ်ရခက်ခဲတဲ့ အစုအဖွဲ့လိုက်တိုက်စစ်ဆင်မှုမှာ အားကောင်းတာမို့ အင်တာမီလန် ခံစစ်အားနည်းမှုကို ဖော်ထုတ်အသုံးချသွားနိုင်ပါတယ်။ လာဇီယိုရဲ့အားနည်းချက်က တိုက်စစ်မှူးတွေ ဟန်ချက်မညီတာပါပဲ။ ဖန်တီးပေးလိုက်တဲ့ ဂိုးသွင်းခွင့်အခွင့်အရေးကောင်းတွေကို ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်တတ်တာမို့ ထင်တိုင်းပေါက်ဖို့ ခက်ခဲပါလိမ့်မယ်။ အင်တာမီလန်နဲ့ လာဇီယိုတို့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၂ ရက်က ပွဲရလဒ်ကိုကြည့်ရင်တော့ အင်တာမီလန်တို့က သုံးဂိုးပြတ် နိုင်ထားခဲ့ပါတယ်။ အခုပွဲမှာလည်း အင်တာမီလန်ရဲ့အိမ်ကွင်းဖြစ်တာမို့ ဂိုးပြတ်သွင်းနိုင်ရေးအတွက် အိမ်ရှင်တို့ ကြိုးစားစွမ်းဆောင်သွားမယ်လို့ ယုံကြည်နေပါတယ်။

**ရိုးမားနှင့် ဆီစီနာ**

အီတာလီယာဖလား ကွာတားဖိုင်နယ်မှာ ပွဲချောင်တယ်လို့ သတ်မှတ်ခံရတဲ့ ရိုးမားတို့ကတော့ လက်တွေ့မှာ ရလဒ်ကောင်းအောင် လက်ရှိခြေစွမ်းနဲ့ ရုန်းကန်ရဖို့ ရှိနေပါတယ်။ ရိုးမားရဲ့ လတ်တလောခြေစွမ်းကိုကြည့်ရင် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ သုံးပွဲရှုံးထားတာကြောင့် အားရစရာမရှိတာတော့ အမှန်ပါပဲ။ ရိုးမားဟာ အသင်းလိုက်ကစားအားကောင်းပြီး စွမ်းဆောင်မှုမြင့်မားတဲ့ အသင်းဖြစ်တာမို့ ဒီပွဲမှာ အကောင်းဆုံးရလဒ်ထွက်ပေါ်ဖို့ ကစားသမားအခင်းအကျင်းကအစ သေသေချာချာပြင်ဆင်လာပါလိမ့်မယ်။ ရိုးမားရဲ့ တိုက်စစ်က အခုတလောပွဲစဉ်တွေမှာ ထက်မြက်မှုမရှိတာမို့ အခုပွဲမှာ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်တဲ့ခြေစွမ်းရှိကြောင်း ပြသဖို့လိုအပ်နေပြီဖြစ်ပါတယ်။ ဆီစီနာတို့ကတော့ အီတလီစီးရီးဘီမှာတောင် တန်းဆင်းဇုန်ထဲကျရောက်နေတာမို့ ရိုးမားလိုအသင်းကို ခြေရည်တူကစားဖို့တောင် အခက်အခဲရှိပါလိမ့်မယ်။ ဒါပေမယ့် ဆီစီနာရဲ့ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲရလဒ်က ရှုံးပွဲမရှိခဲ့တာမို့ ရိုးမားတို့ လျှော့တွက်ရင် ခံစားသွားရနိုင်ပါတယ်။ ဆီစီနာတို့ကတော့ ဒီပွဲမှာ အဝေးကွင်းလည်းဖြစ်နေတာမို့ ခံစစ်ကို လုံအောင်ပြင်ဆင်ပြီး ရိုးမားကွင်းကို ချီတက်လာပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ် ကိုပါအီတာလီယာဖလားကို မျှော်မှန်းနေတဲ့ ရိုးမားဟာ ဒီပွဲရလဒ်ကို ဂိုးပြတ်သွင်းပြီး ပုံဖော်ဖို့ပဲ ကြိုးစားမယ်ဆိုတာ ယုံကြည်မှုပေးရမှာ ဖြစ်ပါတယ်။ ။

❍ မိုးမြင့်လင်းလက် ❍

# မန်ယူနဲ့ အာဆင်နယ် အပြိုင်ခေါ်ယူမယ့် အက်သလက်တီကိုတိုက်စစ်မှူး ဂရေ့စ်မန်း



အက်သလက်တီကို အသင်းရဲ့တိုက်စစ်မှူး ဂရေ့စ်မန်းကို မန်ယူနဲ့ အာဆင်နယ်တို့က ပေါင် ၈၅ သန်းနဲ့ အပြိုင်ခေါ်ယူသွားဖို့ စီစဉ်နေပါတယ်။ မန်ယူကတော့ ဂရေ့စ်မန်းကို အရခေါ်ယူသွားဖို့ မျှော်လင့်ထားပါတယ်။ အာဆင်နယ်ကတော့ ယူရို ၂၀၁၆ အပြီးတုန်းက တိုက်စစ်မှူး ဂရေ့စ်မန်းကို စာချုပ်ဖို့ ကြိုးစားရာမှာ အောင်မြင်မှုမရခဲ့ပါဘူး။ သို့ပေမယ့် နည်းပြဝင်းဂါးကတော့ အဲဒီကစားသမားကို ခေါ်ယူဖို့ မန်ယူနည်းပြ မော်ရင်ဟိုကို စိန်ခေါ်လိမ့်မယ်ဖြစ်ပါတယ်။

အာဆင်နယ်အနေနဲ့ တိုက်စစ်မှူး ဂရေ့စ်မန်းကိုရဖို့ ဆက်လက်ကြိုးစားမယ့် အနေအထားရှိပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ တိုက်စစ်မှူး ဂရေ့စ်မန်းကို ၂၀၂၀ ခုနှစ်အထိ စာချုပ်မယ့် အနေအထားရှိပါတယ်။ တိုက်စစ်မှူး ဂရေ့စ်မန်းဟာ ဥရောပထိပ်သီးကလပ်တွေ တော်တော်များများ စိတ်ဝင်စားနေတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ သူဟာ နွေရာသီက အကောင်းဆုံး ဘောလုံးသမားအဖြစ် မဲပေး ရွေးချယ်ရာမှာ မက်ဆီနဲ့ စီရော်နယ်ဒိုတို့ပြီးလျှင် တတိယ အကောင်းဆုံးဘောလုံးသမားအဖြစ် သတ်မှတ်ခံထားခြင်းခံရသူလည်း ဖြစ်ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိတဲ့ အက်သလက်တီကို တိုက်စစ်မှူး ဂရေ့စ်မန်းဟာ တစ်ပတ်လုပ်ခလစာ ပေါင် ၂၅၀၀၀၀ အထိရဖို့ မျှော်လင့်ထားသူလည်း ဖြစ်ပါတယ်။

▲ ကောင်းမြတ်သူ-စုစည်းသည်။ ▲



# မန်စီးတီးနဲ့အတူ ခြေစွမ်းပြလာတဲ့ တိုက်စစ်မှူး ဂါဘရီရယ်ဂျီးဆက်

မန်စီးတီးက ခရစ္စတယ်ပဲလေ့စ်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့ အက်ဖ်အေဖလားပွဲမှာ တိုက်စစ်မှူးသစ်ဖြစ်တဲ့ ဂါဘရီရယ်ဂျီးဆက်ဟာ ခြေစွမ်းပြကစားလာတာ တွေ့ရပါတယ်။ သူဟာ ဩဂုတ်လက ပါမီရာအသင်းမှ ပေါင် ၂၇ သန်းနဲ့ ပြောင်းရွှေ့လာသူဖြစ်ပါတယ်။ မန်စီးတီးအသင်းမှာ တိုက်စစ်မှူးဟောင်းတွေများနေတဲ့အတွက် ခြေစွမ်းပြခွင့်မရခဲ့ပါဘူး။ ယခုလဆန်းမှစပြီး မန်စီးတီးရဲ့ တိုက်စစ်မှူးသစ်အဖြစ် စတင်ပါဝင်ကစားခွင့်ရခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့ အပတ်ကလည်း စပါးနဲ့ ကစားတဲ့ပွဲမှာ စတင်ကစားခဲ့ပါတယ်။ ခရစ္စတယ်ပဲလေ့စ်နဲ့ ကစားတဲ့ ပွဲမှာတော့ အချိန်ပြည့် ပါဝင်ကစားခဲ့ပါတယ်။ သူဟာ တိုက်စစ်မှူး စတာလင်း ဂိုးသွင်းနိုင်အောင်လည်း ဂိုးပေါက် ဖန်တီးပေးနိုင်ခဲ့ပါတယ်။ အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ ဂျီးဆက်ဟာ တိုက်စစ်မှူးနေရာမှာ သာမက ကွင်းလယ်ကစားသမားနေရာမှာလည်း ကစားနိုင်သူဖြစ်ပါတယ်။ သူဟာ လာမယ့်ပွဲတွေမှာ စတာလင်း၊ အဂူရိုတို့လိုနာမည်ကြီး တိုက်စစ်မှူးတွေနဲ့အတူ ပွဲထွက် ခြေစွမ်းပြကစားဖွယ် ရှိနေပါတယ်။

# ကျူပီအာက ခေါ်ယူခဲ့တဲ့ မန်ယူကွင်းလယ်ကစားသမား ဆီယန်ဂရော့စ်

ကျူပီအာဟာ မန်ယူကွင်းလယ်ကစားသမား ဆီယန်ဂရော့စ်အား ပြောင်းရွှေ့ကြေးထုတ်ဖော်ကြေညာခြင်းမရှိဘဲ ခေါ်ယူလိုက်ပါတယ်။ အသက် ၂၁ နှစ် ကွင်းလယ်ကစားသမား ဂရော့စ်အား သုံးနှစ်ခွဲ စာချုပ်နဲ့ ကျူပီအာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။ မန်ယူက ဘရိုက်တန်အသင်းကို အငှားချထားရာမှ ကျူပီအာအသင်းက ခေါ်ယူခဲ့တာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဂရော့စ်ဟာ ၂၀၁၂ ခုနှစ်ကတည်းက မန်ယူအသင်းမှာ အရန်ကစားသမားအဖြစ် ကစားခဲ့သူဖြစ်ပါတယ်။ ဂရော့စ်အား ခေါ်ယူခဲ့တဲ့အတွက် အသင်းကို အကောင်းဆုံးဖြစ်လာအောင် ကစားပေးနိုင်မယ်လို့ ယုံကြည်မိကြောင်း ကျူပီအာနည်းပြ ဟော်လိုဝေးက ဆိုပါတယ်။ သူဟာ အသက်အရွယ်ငယ်ပေမယ့် အရည်အချင်းပြည့်ဝတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ကျူပီအာအသင်းနဲ့ အတူ အကောင်းဆုံး ကစားသမားတစ်ဦးဖြစ်လာဖို့ မျှော်လင့်ထားပါတယ်။ ဂရော့စ်ဟာ ၂၀၁၂ ခုနှစ်က အိတ်စတာဘက်အသင်းမှ ပြောင်းရွှေ့လာတဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။ မန်ယူအသင်းမှာ နာမည်ရ ကစားသမားမဟုတ်သော်လည်း အရည်အချင်းရှိတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။

# လာမည့်မိုးရာသီတွင် ဒီရေတော အပင်သစ်များ ထပ်မံစိုက်ပျိုးမည်

**ရေး ဇန်နဝါရီ ၃၀**

မွန်ပြည်နယ် ရေးမြို့နယ် အံ့ဒင်ကျေးရွာအုပ်စု ရေပေါ်သောင်ရှိ ဒေသခံပြည်သူအစုအဖွဲ့အပိုင် ဒီရေတော၌ ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်းက သစ်တောဦးစီးဌာနနှင့် ဒေသခံ ပြည်သူများ ပူးပေါင်းစိုက်ပျိုးမှုများကြောင့် ဧက ၁၉၀ ကျော်တွင် ဒီရေတောစိုက်ပင်ပေါင်း ၆၀၀၀ ကျော် ရှိနေသည့်အပြင် လာမည့်မိုးရာသီကာလတွင်လည်း အပင်သစ်များ ထပ်မံစိုက်ပျိုးသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

"လက်ရှိမှာ ဒီရေတောကိုမှီခိုနေသော ရေသတ္တဝါမျိုးစိတ်တွေက ပုံမှန်အနေအထားမှာ တွေ့ရပါတယ်။ ပူပြင်းခြောက်သွေ့တဲ့အခါ ဒီရေတောပင် စိုက်ပျိုးခြင်းကို ခေတ္တရပ်ဆိုင်းထားပါမယ်။ လာမယ့်မိုးရာသီရောက်ရင် ယခင်စိုက်ဧက ၁၉၀ ကျော်ထဲမှ ကျန်ရှိနေတဲ့ မြေလွတ်ထဲမှာ ဒီရေတော သစ်ပင်အသစ်တွေ ထပ်မံစိုက်ပျိုးသွားပါမယ်။ ကျွဲ၊ နွားများမဝင်နိုင်ရန်နှင့် သေသွားတဲ့အပင်တွေနေရာမှာ အစားထိုးပင်များကို စိုက်ပျိုးထိန်းသိမ်းသွားပါမယ်"ဟု ဒီရေတောများကို ထိန်းသိမ်းစောင့်ရှောက်ကူညီပေးနေသူ အံ့ဒင်ဒေသခံ မိနီမာဦးက ပြောသည်။



ဒီရေတောတွင် စိုက်ပျိုးမည့် ပျိုးပင်များ

လက်ရှိအချိန်တွင် ဒေသခံလူငယ်များအနေဖြင့် အဆိုပါ ဒီရေတောစိုက်ခင်းများသို့ လတိုင်း တစ်လလျှင် တစ်ကြိမ် သွားရောက်ကာ စိုက်ပျိုးထားသောအပင်များ ရှင်သန်သည့်အခြေအနေနှင့် ရေသတ္တဝါမျိုးစိတ်များကို မှတ်တမ်းပြုစုလျက်ရှိကြောင်း သိရသည်။ ရေသတ္တဝါမျိုးစိတ်များကို မှတ်တမ်းပြုရာတွင် ခရု၊ ကဏန်း၊ အသေးစားငါးမျိုးစိတ်များကို အများဆုံးတွေ့ရှိပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ချိတ်ဆက်ကာ တရားဝင်ခွင့်ပြုချက်လက်မှတ်ဖြင့် ပုံမှန်ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အံ့ဒင်ကျေးရွာအုပ်စု၌ ဒီရေသစ်တောများ စိုက်ပျိုးခြင်း မပြုမီ ယခင်အချိန်က လယ်ယာမြေများသို့ ပင်လယ်ရေငန်ဝင်ရောက်ကာ လယ်ယာမြေပျက်စီးမှုဒဏ်ကို ခံစားခဲ့ရကြောင်း၊ ယခု ဒီရေတောသစ်ပင်များ စိုက်ပျိုးလာသည့်အခါ သဘာဝပတ်ဝန်းကျင်ကို ပိုမိုထိန်းသိမ်းလာနိုင်သလို ရေဘေးနှင့် လေဘေးဒဏ်များကိုပိုမိုကာကွယ်နိုင်သည့်အပြင် ရေနေသတ္တဝါ မျိုးစိတ်များကိုလည်း ပိုမိုထိန်းသိမ်းနိုင်၍ ရေနေသတ္တဝါများ မျိုးစိတ်များ ပိုမိုပွားများလာစေမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

# စာအုပ်ဈေးရောင်းပွဲတော်၊ မြန်မာ့ရိုးရာ မုန့်ရောင်းပွဲနှင့် စာပေဟောပြောပွဲ ကျင်းပလျက်ရှိ

**ဖျာပုံ ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စာပေဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ဖျာပုံမြို့ အထက(၁) ကျောင်းရှေ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ပြီး စာပေဟောပြောပွဲနှင့်အတူ စာအုပ်ဈေးရောင်းပွဲတော်နှင့် မြန်မာ့ရိုးရာ မုန့်ရောင်းပွဲများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၃၀ ရက် နေ့လယ်ပိုင်းတွင် အလယ်တန်း ကျောင်းသူ ကျောင်းသားများအား စာရေးဆရာအောင်စိုးသူက ဟောပြောခဲ့ပြီး ညပိုင်းတွင် စာချစ်သူပရိသတ်များကို စာရေးဆရာ အောင်စိုးသူ၊ မောင်စိန်စင်း(ပုတီကုန်း)နှင့် မသီတာ(စမ်းချောင်း)တို့က ဟောပြောခဲ့သည်။ ၃၁ ရက် နေ့လယ်ပိုင်းတွင် အလယ်တန်းကျောင်းသား ကျောင်းသူများအား ဆရာကောင်းသန့်က ဟောပြောမည်ဖြစ်ပြီး ညပိုင်းတွင် ဆရာကောင်းသန့်၊ ဒေါက်တာ ခင်မောင်ညိုနှင့် ဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ)တို့က ဟောပြောမည်ဖြစ်ကာ ဖေဖော်ဝါရီ ၁ ရက် နေ့လယ်ပိုင်းတွင် အထက်တန်း ကျောင်းသား ကျောင်းသူများကို ဦးဘုန်း(ဓာတု)က ဟောပြောမည်ဖြစ်ပြီး ညပိုင်းတွင် ဦးဘုန်း(ဓာတု)၊ ညီမင်းညိုနှင့် နုနုရည်(အင်းဝ)တို့က ဟောပြောကြမည်ဖြစ်သည်။ စာပေဟောပြောပွဲနှင့်အတူ စာပေချစ်သူများအတွက် ရန်ကုန်မြို့ရှိ စာအုပ်တိုက်များက စာအုပ်များကို အထူးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ် သည့်အပြင် မြန်မာ့ရိုးရာမုန့်မျိုးစုံကို ရောင်းချမည့် ဈေးရောင်းပွဲလည်း ပါဝင်ကာ ဖေဖော်ဝါရီ ၄ ရက်တွင် အထက(၁)မှ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# သီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကျင်းပ



**ငါးသိုင်းချောင်း ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်းမှ ဒေသခံတောင်သူများ၏ သီးနှံအထွက်နှုန်း တိုးတက်မြင့်မားစေရေးအတွက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ရေကြည်မြို့နယ် ဒေါင့်ကြီးဘက်ကျေးရွာ ရွှေကျောင်းဓမ္မာရုံ၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိန်မောင်မြင့်က ဒေသခံတောင်သူများ၏ စိုက်ပျိုးသီးနှံအလိုက် အထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်သင့်သည့် နည်းပညာအချက်အလက်များကို ဆွေးနွေးခဲ့ပြီး ဒေသခံ ကိုင်းသီးနှံစိုက်တောင်သူ ဦးရဲဝင်းက သီးနှံအထွက်တိုးရေးအတွက် အော်ဂဲနစ်စိုက်ပျိုးရေး ဆေးသုံးစွဲမှုအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးပြီး ဒေသခံတောင်သူများက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ငါးသိုင်းချောင်းမြို့ စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အေးအေးကျော်နှင့် ဝန်ထမ်းများ၊ ငဝန်မြစ်ကမ်းတစ်လျှောက်ရှိ ဒေါင့်ကြီးဘက်နှင့် သောင်ကြီးကျေးရွာအုပ်စုများမှ စပါးနှင့်ကိုင်းသီးနှံစိုက် တောင်သူများ တက်ရောက်ဆွေးနွေးခဲ့သည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## သတင်းတိုများ

### သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းကို မြို့နယ်ပြန်/ဆက်ဦးစီးဌာနရုံး၌ ဇန်နဝါရီ ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လွင်ဦးက အမှာစကားပြောကြားပြီး သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ သင်တန်းသို့ ချောင်းငယ်ရပ်ကွက်မှ သင်တန်းသူ ၂၁ ဦး တက်ရောက်ကြပြီး ဇန်နဝါရီ ၂၈ မှ ဖေဖော်ဝါရီ ၁ ရက်အထိ သင်တန်းကာလ ငါးရက်အတွင်း သစ်သီးမျိုးစုံမှ ယိုထိုးနည်း၊ သစ်သီးဂျယ်လီပြုလုပ်နည်းများကို နည်းပြဆရာမ ဒေါ်အေးမော်နှင့် ဒေါ်လှဋ္ဌေးရီတို့က သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။
**နန်းသာရီ-ထိန်ဝင်း (ပြန်/ဆက်)**

### ပြည်သူ့စာကြည့်တိုက်၌ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

ဟားခါးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရန်၊ အပြောအဆိုနှင့် နှုတ်မှုရေးရာစွမ်းရည်များမြင့်မားလာစေရန်နှင့် ကလေးများစာပေနှင့် ရင်းနှီးပြီး စာဖတ်ဝါသနာပါလာစေရန် ရည်ရွယ်၍ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။ ခရိုင် ပြန်/ဆက်ဦးစီးမှူးဒေါ်ပုမ်ခန့်နွမ်က ပြိုင်ပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်နှင့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများ စတင်ကျင်းပခဲ့ရာ ဟားခါးမြို့ပေါ်ရှိ အခြေခံပညာကျောင်း ခြောက်ကျောင်းမှ ကျောင်း သားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ပြည်နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးခမ်လျန်ဆုမ်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။
**(ခရိုင် ပြန်/ဆက်)**

### ခေါက်ဆွဲပြုလုပ်နည်းသင်တန်း အခမဲ့ဖွင့်လှစ်ပို့ချ

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး ခေါက်ဆွဲလုပ်နည်းသင်တန်းကို ဇန်နဝါရီ ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။ ဒေသခံ ပြည်သူများ၏ မိသားစုကျန်းမာရေးအတွက်သော်လည်းကောင်း၊ သန့်ရှင်းလတ်ဆတ်သောခေါက်ဆွဲကို ကိုယ်တိုင်ပြုလုပ် ရောင်းချနိုင်ရန် ရည်ရွယ်၍လည်းကောင်း၊ အိမ်ရှင်မများအတွက် အကျိုးရှိစေရန် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြို့နယ်ပြန်/ဆက်ဦးစီးမှူးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဒေါ်ဖြူဖြူအောင်က ခေါက်ဆွဲပြုလုပ်နည်းပညာနှင့် ဆီချက်ခေါက်ဆွဲပြုလုပ်နည်းများကို အဆင့်ဆင့် လက်တွေ့ပြသခဲ့သည်။ သင်တန်းသို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဘူးသီးတောင် အမျိုးသမီးကွန်ရက်အဖွဲ့ဝင်များ၊ ကျောင်းဆရာမများ၊ အိမ်ရှင်မများနှင့် ဝါသနာရှင်လူငယ်များ တက်ရောက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပြင်ထဲကြိုးဝိုင်းမှ တရားမဝင်သစ်ထုတ်လုပ်မှုများကို အရေးယူမည်

**ဝန်းသို ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် နန်းခမ်းပြင်ထဲ သစ်တောကြိုးဝိုင်းအတွင်း တရားမဝင် တောလွှဝိုင်းစက်များ တည်ထောင်ကာ သစ်ထုတ်လုပ်ငန်းလုပ်ကိုင်နေကြသူများကို ဇန်နဝါရီလကုန်ပိုင်းမှစ၍ သက်ဆိုင်ရာက ဝင်ရောက်ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း သိရသည်။

"နန်းခမ်းပြင်ထဲ သစ်တောကြိုးဝိုင်း ပြင်ထဲကြိုးဝိုင်းထဲမှာရှိတဲ့ တရားမဝင် လုပ်ကိုင်နေကြတဲ့ တောလွှဝိုင်းစက်တွေကို မနက်ဖန်ဆို ကျွန်တော်တို့ ဝင်ရောက်ဖမ်းဆီးပြီး သစ်တောဥပဒေနဲ့အညီ အရေးယူတော့မှာဖြစ်ပါတယ်"ဟု ဝန်းသိုမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်တစ်ဦးက ဇန်နဝါရီ ၂၈ ရက်က ပြောသည်။

နန်းခမ်းပြင်ထဲ သစ်တောကြိုးဝိုင်းသည် မန္တလေး-မြစ်ကြီးနား ရထားလမ်း၏အရှေ့ဘက် ကသာခရိုင်အတွင်း တည်ရှိကာ အင်းတော်မြို့နယ်၊ ထီးချိုင့်မြို့နယ်နှင့် ဝန်းသိုမြို့နယ် သုံးခုနှင့် ထိစပ်လျက်ရှိပြီး တရားမဝင် တောလွှဝိုင်းစက်များမှာ ဝန်းသိုမြို့နယ်အတွင်း အများဆုံး လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"လွှဝိုင်းစက်တွေက အတော်လေးရှိပါတယ်။ ပြင်ထဲကြိုးဝိုင်းထဲမှာရှိတဲ့ ကျောက်စားပွဲတောဘက်မှာလည်း လုပ်နေကြတယ်။ နောက်ပြီး တူးလမ်းဘေးမှာတွေလည်း ရှိတယ်။ အောင်းပင်ချောင်းဘက်မှာလည်း ရှိတယ်။ သကိုင်းချောင်းဘက်မှာလည်း ရှိကြပါတယ်"ဟု သက္ကယ်ကျင်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ယခုအခါတွင် မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ သဘာဝပတ်ဝန်းကျင်မပျက်စီးအောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသလို ဝန်းသိုမြို့နယ် ပြင်ထဲကြိုးဝိုင်းထဲတွင်လည်း တရားမဝင်တောလွှဝိုင်းစက် အများအပြားဖြင့် သစ်ခုတ်ယူထုတ်လုပ်နေမှုများကြောင့် သဘာဝပတ်ဝန်းကျင်မပျက်စီးအောင် အဆိုပါ တောလွှဝိုင်းစက်များကို ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း သိရသည်။
**သန်းမောင်လေး**

# နည်းပညာတက္ကသိုလ်(စစ်တွေ) အာစရိယပူဇော်ပွဲနှင့် မောင်/မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၃၀**

နည်းပညာတက္ကသိုလ်(စစ်တွေ) ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အာစရိယပူဇော်ပွဲနှင့် မောင်/မယ်သစ်လွင်ကြိုဆိုပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို စိုင်းဒြားရခိုင်မင်္ဂလာစည်တော်တီး၍ မင်္ဂလာရတုဖြင့်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများက ဆရာ ဆရာမများအား ကန်တော့ခဲ့ကြသည်။ ထို့နောက် နည်းပညာတက္ကသိုလ်(စစ်တွေ)ကျောင်းအုပ်ကြီး ဒေါက်တာ ကျော်လှိုင်ဦးနှင့် ဆရာဦးဇော်ရှိန်းတို့က ဆုံးမသြဝါဒစကားပြောကြားကြသည်။ ယင်းနောက် 5BE ကျောင်းသား ကျောင်းသူများကိုယ်စား မောင်ကျော်နိုင်ဌေးကလည်းကောင်း၊ ပထမနှစ်ကျောင်းသား ကျောင်းသူများကိုယ်စား 1BE မှ မောင်မြတ်သွင်ဇော်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ယိမ်းအက များဖြင့် ကပြဖျော်ဖြေကြပြီး အင်္ဂလိပ်ဘာသာစကား စွမ်းရည်ပြိုင်ပွဲနှင့် အထိမ်းအမှတ်နေ့များတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ခဲ့သည်။ ယင်းနောက် နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများက တစ်ခန်းရပ်ပြဇာတ်ဖြင့် ဖျော်ဖြေခြင်း၊ Fashion Show ဖြင့် ဖျော်ဖြေခြင်းနှင့် နည်းပညာတက္ကသိုလ်၏ King & Queenနှင့် Prince & Princess တို့ကိုရွေးချယ်ကာ ကံစမ်းမဲဖြင့် ကံထူးရှင်များ ရွေးချယ်ခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## တီဘီရောဂါရှာဖွေကုသခြင်း ကွင်းဆင်းဆောင်ရွက်

**ကျောက်ထု ဇန်နဝါရီ ၃၀**
အထက်မြန်မာပြည် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့၊ မကွေးတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့် ဂန့်ဂေါခရိုင် ကျောက်ထုမြို့ တိုက်နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်းကာ ကျောက်ထုမြို့မှ ဒေသခံပြည်သူများအား တီဘီရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ဆေးကုသပေးခြင်းများကို ဇန်နဝါရီ ၂၇ ရက်က ဂုံဘိုရပ်ကွက် ဘုန်းတော်ကြီးကျောင်းတွင် အခြေပြု၍ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဆရာဝန်ကြီး ဒေါက်တာတင်မောင်ဆွေ ဦးဆောင်၍ အဖွဲ့ဝင် ၁၆ ဦးတို့ ပါဝင်သောအဖွဲ့များက ကွင်းဆင်းစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးကြခြင်းဖြစ်ကာ တီဘီရောဂါဝေဒနာရှင် ၉၅ ဦးအား ဆေးဝါးများအခမဲ့ ပေးဝေကုသပေးကာ အထွေထွေရောဂါများအတွက်ပါ ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တီဘီရောဂါရှာဖွေခြင်းနှင့် ကုသခြင်း ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ကျောက်ထုမြို့တိုက်နယ်ဆေးရုံဆရာဝန် ဒေါက်တာအေးချမ်းကျော်နှင့် ကျန်းမာရေးဌာနဝန်ထမ်းများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြပြီး သင့်ပတ်ဝန်းကျင်ရှိ တီဘီရောဂါလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြသည်။ အဆိုပါ ကွင်းဆင်းအဖွဲ့သည် ကျောက်ထုမြို့ဒေသအတွင်းရှိ မိအယ်ကျေးရွာနှင့် ပုံတောင်ပုံညာဒေသရှိ တပြင်းကျေးရွာများသို့လည်း ဆက်လက်သွားရောက်ပြီး တီဘီရောဂါ ရှာဖွေကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၀၁)**



## အသေးစားဆိုလာလျှပ်စစ်ဖြင့် ရွာလုံးကျွတ်မီးလင်းရေး ဆောင်ရွက်မည်

**ဟသ်ာတ ဇန်နဝါရီ ၃၀**
ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)အရ ဆောင်ရွက်သော အသေးစားဆိုလာလျှပ်စစ်မီးလင်းရေးလုပ်ငန်း(Solar Mini Grid System)ဖြင့် ဟသ်ာတမြို့နယ် ရေလယ်သောင်ကျွန်းကျေးရွာ၌ ရွာလုံးကျွတ်မီးလင်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)အရ ဟသ်ာတမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် Mega Global Green Automation ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ အသေးစား ဆိုလာလျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ရေလယ်သောင်ကျွန်းကျေးရွာ မီးလင်းရေးလုပ်ငန်းသည် ဟသ်ာတမြို့နယ်၌ ကနဦးဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်က ၆၀ ရာခိုင်နှုန်းနှင့် ကုမ္ပဏီနှင့် ပြည်သူတို့က ၂၀ ရာခိုင်နှုန်းစီ ထည့်ဝင်ကာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသန့်ဇော်လွင်ထံမှ သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**



ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်ရှိ အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကလောမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမောင်မောင်သန်းက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောစဉ် (မြို့နယ် ပြန်/ဆက်)

## မုံရွာနှင့် ရွှေဘိုတွင် အငှားအိမ်ရာလျှောက်လွှာများ စတင်ရောင်းချ



မုံရွာမြို့ မြို့သစ်ရပ်ကွက်၌ တည်ဆောက်ပြီးစီးနေသော ၁၂ ခန်းတွဲ ငါးထပ် အိမ်ရာနှစ်လုံး

**မုံရွာ ဇန်နဝါရီ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက မုံရွာမြို့နယ်နှင့် ရွှေဘိုမြို့နယ်များ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၂၀၀၀ ဖြင့် စတင်အကောင်အထည်ဖော်ခဲ့သော ပြည်သူ့အငှားအိမ်ရာ ၁၂ ခန်းတွဲ ငါးထပ် အဆောက်အအုံလေးလုံး အခန်းပေါင်း ၂၄၀ ကို ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ မြေအကျယ် ၁ ဒသမ ၅ ဧကတွင် ၁၂ ခန်းတွဲ ငါးထပ် အဆောက်အအုံနှစ်လုံး အခန်းပေါင်း ၁၂၀ နှင့် ရွှေဘိုမြို့ မင်းကျောင်းကျေးရွာအုပ်စုရှိ မြေအကျယ် ၈ ဒသမ ၈၈ ဧကပေါ်တွင် ၁၂ ခန်းတွဲ ငါးထပ် အဆောက်အအုံနှစ်လုံး အခန်းပေါင်း ၁၂၀ ဖြင့် စုစုပေါင်း အခန်း ၂၄၀ တည်ဆောက်ခဲ့ခြင်းဖြစ်ကာ အိမ်ရာတစ်ခန်းချင်းစီသည် ၃၂၄ စတုရန်းပေ အကျယ်ရှိကြောင်း သိရသည်။

အိမ်ရာအခန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အိမ်ရာပိုင်မရှိသော အခြေခံလူတန်းစားများ၊ အလယ်အလတ် လူတန်းစားများ၊ တိုင်းဒေသကြီးအတွင်း အခြေချနေထိုင်ကြမည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ငှားရမ်းနေရာချထားပေးသွားမည်ဖြစ်ရာ အိမ်ရာငှားရမ်းလိုသူများအတွက် လျှောက်လွှာများကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ ၁၂ ရက်ကြာ ရောင်းချပေးသွားမည်ဖြစ်သည်။

လျှောက်လွှာပုံစံများကို မုံရွာမြို့အတွက် တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင်လည်းကောင်း၊ ရွှေဘိုမြို့အတွက် ရွှေဘိုမြို့နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနရုံးတွင်လည်းကောင်း ရောင်းချသွားမည်ဖြစ်ပြီး ရောင်းချပြီးသော လျှောက်လွှာများကို နှစ်ပတ်အတွင်း ဖေဖော်ဝါရီ ၂၄ ရက်နောက်ဆုံးထား၍ ပြန်လည်အပ်နှံပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာသော အငှားလျှောက်လွှာများကို တိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် လျှောက်လွှာစည်းကမ်းချက်များနှင့် အညီ စိစစ်၍ ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် ရွေးချယ်ခြင်း၊ ဘုတ်အဖွဲ့ဖြင့် ရွေးချယ်ခြင်း၊ အခန်းနေရာချထားခြင်း၊ စာချုပ်ချုပ်ဆိုခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ နေထိုင်ခွင့်ရသော ပြည်သူများသည် အိမ်လခတစ်လလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ငှားရမ်းနေထိုင်ခွင့်ရမည်ဖြစ်ပြီး အိမ်လခများကို သက်ဆိုင်ရာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနသို့ လစဉ်ပုံမှန် ပေးသွင်းရမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရွှေဝင်းထံမှ သိရသည်။ **သန်းလင်းဦး(မုံရွာကိုယ်ပွား)**

## ပြည်သူ ၅၅၀၀ ကျော်အား ယာဉ်မောင်းလိုင်စင်များ ကွင်းဆင်းပြုလုပ်ပေး

**တာချီလိတ် ဇန်နဝါရီ ၃၀**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့ရှိ ဒေသခံပြည်သူများအား ယာဉ်မောင်းလိုင်စင်များကို ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ကွင်းဆင်းပြုလုပ်ပေးခဲ့ရာ ပြည်သူ ၅၅၉၀ အား ယာဉ်မောင်းလိုင်စင်များ စိစစ်ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လိုင်စင်များ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဦးသောင်းမြင့်၊ စစ်ဆေးရေးမှူး-၂ ဦးစိုင်းဆမ်တစ်နှင့် တာဝန်ရှိသူများက မိုင်းယောင်းမြို့နယ်ရှိ ဟောင်ကြန့်ကျေးရွာအုပ်စု၊ ဝမ်ကောင်းကျေးရွာအုပ်စု၊ ဝမ်မန်းကျေးရွာအုပ်စု၊ ဝမ်တပ်ကျေးရွာအုပ်စု၊ ဝမ်ဘိုး ကျေးရွာအုပ်စုများသို့လည်းကောင်း၊ မြို့ပေါ်ရပ်ကွက် ကိုးခုသို့လည်းကောင်း ကွင်းဆင်း၍ ဒေသခံပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို သိရှိလိုက်နာစေရန် သင်တန်းပို့ချပြီးမှ ယာဉ်မောင်းနှင်မှုကို စိစစ်ကာ လိုင်စင်များပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**



လိုင်စင်လာရောက် ပြုလုပ်သူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဟောပြောစဉ်

## စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ တတိယအကြိမ် အစည်းအဝေးပြုလုပ်

**ဟသ်ာတ ဇန်နဝါရီ ၃၀**
ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ တတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကြည်ဟန်က လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်နှင့် ခရိုင်အတွင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနများမှ ဦးစီးမှူးများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြပြီး ခရိုင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ပြန်လည်ဖြေကြားခဲ့သည်။

ဆွေးနွေးပွဲသို့ ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဟသ်ာတခရိုင်အတွင်းရှိ ဟသ်ာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာနှင့် ဇလွန် မြို့နယ်များမှ စားသုံးသူရေးရာဦးစီးဌာနမှူးများနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကာ တိုင်းဒေသကြီးနှင့် အထက်ဌာနများ၏ လမ်းညွှန်ချက်များအတိုင်း ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကောင်အထည်ဖော်နိုင်ရေးအတွက် အစည်းအဝေးပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ကမ္ဘာ့ကုန်သည်ကြီးများညီလာခံ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံ စီးပွားရေးအခွင့်အလမ်းကောင်းများ ပိုမိုရရှိလာစေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ တရုတ်သံရုံးတို့၏ညွှန်ကြားမှုဖြင့် ယခုနှစ် စက်တင်ဘာလတွင် (၁၄)ကြိမ်မြောက် ကမ္ဘာ့ကုန်သည်ကြီးများညီလာခံကို မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးမြင့်ရွှေက ပြောကြားသည်။

"ဒီညီလာခံကြီးကို အောင်မြင်စွာ ကျင်းပသွားနိုင်ဖို့အတွက် မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းရဲ့ဦးဆောင်မှုနဲ့ မြန်မာနိုင်ငံရှိ အသင်းအဖွဲ့များနှင့်ပူးပေါင်းကာ လုပ်ငန်းရပ်တိုင်း အင်တိုက်အားတိုက် ပြင်ဆင်လုပ်ဆောင်နေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းက ကမ္ဘာတစ်ဝန်းရှိ တရုတ်ကုန်သည်ကြီးတွေကို မြန်မာနိုင်ငံရဲ့ စီးပွားရေးပွင့်လင်းလာမှုကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ကုန်သည်ကြီးများညီလာခံကို ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံအတွက် ကောင်းမွန်တဲ့ စီးပွားရေးအခွင့်အလမ်းများ ရရှိလာမှာဖြစ်ပါတယ်" ဟု ဦးမြင့်ရွှေက တရုတ်နှစ်သစ်ကူးအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းနှင့် ကမ္ဘာ့ကုန်သည်များအသင်း၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း၊ စက်ရုံအလုပ်ရုံလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ ကုန်သည်များလာရောက် ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ (၁၄)ကြိမ်မြောက် ကမ္ဘာ့ကုန်သည်များညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ ကမ္ဘာ့ကုန်သည်များညီလာခံသို့ ကမ္ဘာတစ်ဝန်းမှ ကုန်သည်ကြီးများ အပါအဝင် လူပေါင်း ၃၀၀၀ ခန့် လာရောက်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ မြန်မာနိုင်ငံဖွား တရုတ်လူမျိုးများ၏ ကြိုးပမ်းအားထုတ်မှုဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းကောင်းများ တိုးတက်လာစေရန် မျှော်လင့်ထားကြောင်း သိရသည်။

၁၉၀၉ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းအပြင် ယခုအခါ မြန်မာနိုင်ငံ၌ မြန်မာနိုင်ငံ တရုတ်အမျိုးသား ကုသိုလ်ဖြစ်အသင်း၊ မြန်မာနိုင်ငံ ဖူးကျင့်တရုတ်အမျိုးသားအဖွဲ့ချုပ်၊ ရန်ကုန်ယူနန်အသင်းနှင့် မြန်မာနိုင်ငံ ကွမ်ကျိုးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဟူ၍ အသင်းအဖွဲ့များတည်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**



**ဇန်နဝါရီ ၂၈ ရက် နံနက်က ခရိုင်ရုံးမှူးခင်းအကူဌာနစိတ်မှ တာဝန်ခံအရာရှိ ရဲအုပ်ဝင်းသမိန် နှင့်တပ်ဖွဲ့ဝင်များသည် ရွာစဉ်လှည့်ကင်းနှင့် နယ်မြေကွင်းဆင်းရဲလုပ်ငန်းများ ဆောင်ရွက်ရင်း ရမည်းသင်းမြို့နယ် ပဲ့ဆည်ကျေးရွာသို့ ရောက်ခိုက် တောင်သူ ဦးဇော်လင်း၊ ဦးဝင်းစိန်တို့၏ ဝါစိုက်ခင်းတွင် ပြည်သူများနှင့်အတူ ဝါဆွတ်(ဝါကောက်) ကူညီဆောင်ရွက်ပေးစဉ်**
အတ်ကလေး ရမည်းသင်း

## ယာဉ်မောင်းသူများလိုက်နာရန် အသိပေးနှိုးဆော်ချက်

၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် (အမြန်လမ်းမကြီး အပါအဝင်) ယာဉ်မတော်တဆမှုစုစုပေါင်း ၁၇၃၈၄ မှုဖြစ်ပွားကာ ဒဏ်ရာရရှိသူ ၂၇၇၆၃ ဦး၊ သေဆုံးသူ ၄၈၈၇ ဦးရှိခဲ့သည်။ ဖြစ်ပွားမှုများတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ ၂၀၁၇ ခုနှစ်တွင် လမ်းအသုံးပြုသွားလာကြသည့် မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များကို တိကျစွာ လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ အရက်သောက်စားခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲပြီး ယာဉ်မောင်းနှင်ခြင်းမပြုရ။
၂။ အရှိန်ပြင်းမောင်းနှင်ခြင်း မပြုရ။
၃။ ယာဉ်ကြောပြောင်းပြန် မောင်းနှင်စီးနင်းခြင်းမပြုရ။
၄။ မီးနီဖြတ်မောင်းနှင်ခြင်းမပြုရ။
၅။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် သတ်မှတ်ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၆။ ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းမပြောရ။
၇။ မော်တော်ဆိုင်ကယ်အား နှစ်ဦးထက်ပိုစီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း မပြုရ။
၈။ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ခါးပတ် (Seat Belt) ကို တပ်ဆင်ထားရမည်။
၉။ ဖျက်သိမ်းထားသော ယာဉ်အို/ ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## (၁၁၄) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် (၂)(၄) ရပ်ကွက်ရှိ အောင်မြေလောကသွန်းဘုရားကြီး၏ (၁၁၄) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၁ ရက်ထိ ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၂၆ ရက် ညက ဘုရားဖူးလာသူများ၊ ဈေးသည်၊ ဈေးဝယ်များ၊ ပျော်ပွဲ ရွှင်ပွဲ လာရောက်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

**ကိုကျော်(သုံးခွ)**

# မိုင်းဆတ်၌ ရေအားလျှပ်စစ်ဓာတ် အချိန်ပြည့်ရရန်နှင့် မီးပြတ်တောက်မှုမရှိစေရန် ဓာတ်အားခ တိုးမြှင့်ကောက်ခံမည်

**မိုင်းဆတ် ဇန်နဝါရီ ၃၀**

မကြာမီကျရောက်လာမည့် နွေရာသီရေနည်းကာလအတွင်း မီးပြတ်တောက်မှုမဖြစ်စေရေးနှင့် အချိန်ပြည့်လျှပ်စစ်မီးရရှိရေးအတွက် မိုင်းဆတ်မြို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသော လွယ်ဆမ်ဆုံကုမ္ပဏီက ဖေဖော်ဝါရီ ၁ ရက်တွင် ဓာတ်အားခတိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

လွယ်ဆမ်ဆုံကုမ္ပဏီမှ မိုးရာသီတွင် အချိန်ပြည့်မီးပေးနိုင်သော်လည်း နွေရာသီရေနည်းကာလတွင် အချိန်ပြည့်မီးပေးရန် အခက်အခဲရှိသဖြင့် နေ့စဉ် လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေးအတွက် ဒီဇယ်စက် နှစ်လုံးဖြင့် မောင်းနှင်ရမည်ဖြစ်ပြီး ယခင်မီးစက်ကြီးတစ်လုံးရှိပြီးဖြစ်၍ တစ်လုံး ထပ်မံဝယ်ယူရမည်ဖြစ်သည်။ မီးစက်တစ်လုံးလျှင် တစ်နာရီမောင်းနှင်ပါက ဆီ ၁၅ ဂါလန်မှ ဂါလန် ၂၀ ကြား ကုန်ကျမည်ဖြစ်သည်။

နောက်ဆုံးညှိနှိုင်းအစည်းအဝေးအရ လက်လုပ်လက်စား ပြည်သူအများစု နေထိုင်သည့် မယ်ဆွမ်တောင်ရပ်ကွက်၌ ဓာတ်အားခတိုးမြှင့်ပေးနိုင်မည့် ပြည်သူဦးရေ နည်းပါးသောကြောင့် ယခင်တစ်ယူနစ် ၃၅ ကျပ်နှုန်းဖြင့် ရေအားဖြင့်ထုတ်လုပ်သော မီးအားဆက်လက်ပေးသွားမည်ဖြစ်ပြီး ဓာတ်အားခ တစ်ယူနစ်လျှင် ၈၅ ကျပ်နှုန်းဖြင့် တိုးမြှင့်ပေးဆောင်မည့်ရပ်ကွက်များအား နွေရာသီကာလတွင် ရေအားလျှပ်စစ်နှင့် ဒီဇယ်မီးစက်မှထုတ်လုပ်သော မီးတို့ဖြင့် တစ်နေ့ ၁၂ နာရီ မီးပေးနိုင်မည်ဖြစ်ပြီး တစ်ယူနစ်လျှင် ၈၅ ကျပ်နှုန်းဖြင့် ဖေဖော်ဝါရီ တစ်ရက်နေ့မှစတင်၍ သုံးစွဲမည့်ယူနစ်အပေါ် တိုးမြှင့်ကောက်ခံမည်ဖြစ်သည်။

မိုင်းဆတ်မြို့နယ်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသော လွယ်ဆမ်ဆုံကုမ္ပဏီက မကြာမီကျရောက်လာမည့် နွေရာသီရေနည်းကာလအတွင်း မီးပြတ်တောက်မှုမဖြစ်စေရေးနှင့် အချိန်ပြည့်လျှပ်စစ်မီးရရှိရေးအတွက် ဓာတ်အားခတိုးမြှင့်ကောက်ခံရေး ညှိနှိုင်းအစည်းအဝေးကို လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ တပ်ဘက်မှ တာဝန်ခံအရာရှိများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများနှင့် မိုင်းဆတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သီရိရတနာခန်းမ၌ လေးကြိမ်တိုင်တိုင် မြို့မီးလင်းရေးလုပ်ငန်းများဆွေးနွေးခဲ့ပြီး ကုမ္ပဏီအနေဖြင့် တစ်နှစ်ပတ်လုံး ရေအားရရှိရေးအတွက် ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်ကာ ၂၀၁၉ ခုနှစ်မှစ၍ တစ်နှစ်ပတ်လုံး ၂၄ နာရီ မီးလင်းရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူထံမှ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကရုဏာရှင်အသင်း စေတနာအခမဲ့ဆေးခန်း၌ လာရောက်ဆေးကုသသူ များပြားလာ

**ချောင်းဆုံ ဇန်နဝါရီ ၃၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ အများပြည်သူများ ကျန်းမာရေးအဆင်ပြေစေရန်အတွက် ကမာမိုကျေးရွာအုပ်စုရှိ ကရုဏာရှင်အသင်း စေတနာအခမဲ့ ဆေးခန်းသို့ ရောဂါဝေဒနာ လာရောက်ကုသသူများ ယခင်နှစ်ထက်ပိုမိုများပြားလာကြောင်း ကရုဏာရှင်အသင်းတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ဆေးခန်းကိုတော့ ၂၀၁၁ ခုနှစ်က စတင်တည်ထောင်တာဖြစ်ပြီး အရင်က လူနာ ၅၀ လောက်နဲ့စတင်ပြီး လုပ်ခဲ့တာပါ။ နောက်ရေရှည်တည်တံ့နိုင်ဖို့အတွက် ကိုယ့်အားကိုယ်ကိုး ကံစမ်းမဲတွေ ရောင်းပြီး အလှူရှင်တွေနဲ့ပူးပေါင်းရင်းနဲ့ အခမဲ့ဆေးခန်းတည်ထောင်ဖြစ်သွားတာပါ။ အရင်တစ်ပတ်ကဆိုရင် လူနာ ၁၅၀ နဲ့ ၁၇၀ ကြားမှာ ရှိပါတယ်။ ဆရာဝန်တွေကလည်း စေတနာရှေ့ထားပြီး လာရောက်ကုသပေးပါတယ်"ဟု ၎င်းက ပြောကြားသည်။

အဆိုပါဆေးခန်းကို အပတ်စဉ် စနေနေ့တိုင်း နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအထိဖွင့်လှစ်ပြီး စေတနာရှင်ဒေါက်တာများဖြစ်သည့် ဒေါက်တာဝင်းကျော်၊ ဒေါက်တာ အိအိစိုး၊ ဒေါက်တာ ကြည်ကြည်အေး၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများဖြင့် လူနာများအား အလှည့်ကျပုံမှန်ဆေးစစ်ခြင်းများ၊ ကျန်းမာရေးအခြေအနေကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

"ဆရာမရဲ့လူနာတွေက ဆီးချိုဝေဒနာတွေများတယ်။ ဆီးချိုရောဂါက ဆေးကို ပုံမှန်စစ်ပေးရတယ်။ ဆေးကပြတ်သွားရင် ရောဂါက နောက်တစ်ပတ်ဆိုပိုဆိုးသွားနိုင်တယ်။ ဒီလိုဝေဒနာမျိုးရှိတဲ့ လူနာတွေကို ကုသပေးချင်လို့ အပတ်တိုင်းဆေးခန်းကို ဖွင့်နိုင်အောင် ကြိုးစားပြီးလာတာပါ"ဟု ဒေါက်တာ ကြည်ကြည်အေးက ပြောကြားသည်။

အဆိုပါအခမဲ့ဆေးခန်း တည်တံ့ရန်အတွက် ငွေပဒေသာ၊ ဆေးပဒေသာ အဖြစ်စေတနာကြေးအဖြစ် ထည့်ဝင်သူများရှိကာ ဆေးဝယ်ယူမှုမှာ တစ်လလျှင် လေးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

**ထူးအိမ် (ပြန်/ဆက်)**





**ကူးစက်ရောဂါသင့် နာဂဒေသရှိ ကလေးငယ်များ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ဇန်နဝါရီ ၂၈ ရက်က မေတ္တာသင်္ဂဟအဖွဲ့(ရန်ကုန်- မန္တလေး) က အလှူငွေကျပ် သိန်း ၃၀ လှူဒါန်းခဲ့စဉ်**
ကျော်မြင့်သန်း(လမ်းမတော်)

## ပုံပြင်၊ ကဗျာ၊ သီချင်းရွတ်ဆိုပြိုင်ပွဲ ကျင်းပနိုင်ရေးလေ့ကျင့်

**တောင်တွင်းကြီး ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန တောင်ပြင်(၂) စံပြမူလတန်းကြိုကျောင်းမှ ရင်သွေးငယ် ကျောင်းသား ကျောင်းသူလေးများအား ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံဒုတိယအကြိမ် အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ပုံပြင်၊ ကဗျာ၊ သီချင်းရွတ်ဆိုပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# ကယားပြည်နယ်တွင် လယ်ယာမြေများအဆင့်မြှင့်တင်ပြုပြင်ရန် သမဝါယမချေးငွေထုတ်ချေး

**လွိုင်ကော် ဇန်နဝါရီ ၃၀**

ကယားပြည်နယ်အတွင်း မြို့နယ်ငါးမြို့နယ်တို့တွင် လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းခြောက်သင်းတို့မှ အသင်းသားတောင်သူ ၁၁၄ ဦးတို့၏ အဆိုပြုတင်ပြတောင်းခံချက်အရ လယ်ယာမြေ ၂၆၉ ဧကအတွက် လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ရေး ချေးငွေကျပ် ၈၀၇ သိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက ဇန်နဝါရီလ ပထမပတ်က ထုတ်ချေးပေးပြီး လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်အလိုက် လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ရေးထုတ်ချေးငွေများကို လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဘော်လခဲမြို့နယ်နှင့် ဖားဆောင်းမြို့နယ်တို့မှ အသင်းသားများအား ထုတ်ချေးပေးခဲ့ပြီး လယ်ယာမြေအဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများကို မတ်လကုန်ပိုင်းတွင် ပြီးစီးအောင်ဆောင်ရွက်ရန် လျာထားသတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါ လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ရေးအတွက် ချေးငွေများကိုထုတ်ချေးရာတွင် ချေးငွေ သက်တမ်းကာလသုံးနှစ်အတွင်း ခြောက်လလျှင်တစ်ကြိမ် အရစ်ကျအရင်း၊ အတိုးဆပ်စနစ်ဖြင့် ခြောက်ကြိမ်ပေးဆပ်ရမည်ဖြစ်ကာ အတိုးနှုန်းမှာ တစ်ကျပ်ခွဲဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်ယာခင်းမှာ ပြောင်းစိုက်ပါတယ်။ ယာခင်းထဲမှာရှိတဲ့ ကျောက်တုံးတွေ ဖယ်ရှားပြီး မြေပြင်ထားလိုက်ရင် နောင်နှစ်တွေမှာ ထွန်စက်ကိုအသုံးပြုပြီး ထွန်ယက်လို့ရပါပြီ။ အရင်ကတော့ ပေါက်ပြားသုံးပြီး စိုက်ပျိုးခဲ့ရတာပါ။ ချေးငွေက ခြောက်လတစ်ကြိမ် အရစ်ကျနဲ့ သုံးနှစ်ဆပ်ဆိုတော့ အခက်အခဲမရှိပါဘူး" ဟု ဖရူဆိုမြို့နယ် ကုန်းမြင့်သာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ဦးတိုပီးယာက ပြောသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



# ပညာရေးဝန်ကြီးဌာနသို့ စာအုပ်များ ကူညီထောက်ပံ့

**ရန်ကုန် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသို့ ရာသီဥတုပြောင်းလဲမှုအပေါ် ကလေးများ ဗဟုသုတရရှိရေး နိုင်ငံတစ်ဝန်း အခြေခံကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းများရှိကျောင်းသားများအတွက် Bayer က ဇန်နဝါရီလ တတိယပတ်က ပညာရေးဝန်ကြီးဌာနသို့ စာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ အခု Bayer က လှူဒါန်းတဲ့ စာအုပ်တွေကတော့ နိုင်ငံတစ်ဝန်း အခြေခံပညာထက်တန်းကျောင်းတွေမှာသင်ကြားနေတဲ့ ကလေးတွေ ရာသီဥတုပြောင်းလဲမှုနဲ့ပတ်သက်ပြီး ဗဟုသုတရရှိစေဖို့လှူဒါန်းတာဖြစ်ပါတယ်။ ဒါပထမဦးဆုံးအကြိမ်ပါ။ ဒီလှူဒါန်းမှုဟာလူမှုလှုပ်ရှားမှုဖြစ်ပြီးတော့ ကလေးတွေ သိပ္ပံပညာရေးနဲ့ ပတ်ဝန်းကျင် ဆိုင်ရာ နယ်ပယ်တွေမှာ ကျောင်းသားတွေ ဗဟုသုတရပြီး အသိအမြင်ကြွယ်ဝစေဖို့ ကူညီထောက်ပံ့တာဖြစ်ပါတယ်"ဟု Bayer မှ မန်နေဂျာ ဒေါ်မေသက်ထားက ပြောသည်။

ယခုလှူဒါန်းသည့် ကလေးများအတွက် စာအုပ်ပေါင်း ၅၀၀၀ ကို ပညာရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲထံ မြန်မာနိုင်ငံဌာနခွဲမန်နေဂျာ Ms. SiripornSae Lim က ကူညီထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်သည်။ Bayer မှ ယခုလှူဒါန်းသည့် စာအုပ်များသည် ရာသီဥတုပြောင်းလဲမှုအပေါ် အသုံးဝင်သော ပစ္စည်းများအဖြေပေးခြင်းနှင့် စိတ်ဝင်စားဖွယ်ကောင်းပြီး ပျော်ရွှင်ခြင်းကို ကြိုတင်စီမံထားရန် စသည့်ဗဟုသုတဖြစ်စေမည့် အချက်များပါဝင်ကြောင်း သိရသည်။

**မင်းခေတ်၊ ဓာတ်ပုံ-မိုးမခ**

# ရေကြည်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားများတည်ဆောက်

**ရေကြည် ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်အသုတ်မြို့နှင့် အခြားဒေသများသို့ ကူးသန်းသွားလာ ရောင်းဝယ်ရာတွင် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်သဖြင့် အခက်အခဲများစွာကြုံတွေ့နေရသော ရေနက်ကွင်း အတွင်း တည်ရှိနေသည့် ကျေးရွာများအတွက် ခြောက်မိုင်ရှည်ပြီး အကျယ် ၁၈ ပေ၊ အမြင့်ရှိ ရေအတိမ်အနက်အလိုက် ခြောက်ပေမှ ရှစ်ပေအထိမြင့်သော မြေသားလမ်းမကြီးနှင့် အောက်အင်းရွာတွင် အသုတ်ချောင်းမကြီးအား အရှည်ပေ ၂၂၀ ရှိသော သံကူကွန်ကရစ်တံတားကြီးတစ်စင်းတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေကြည်မြို့နယ်)မှ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"ကျွန်တော်တို့ ဒေသက သုံးရာသီလုံး အလွန်အသွားအလာ ခက်ခဲပါတယ်။ ဒါကြောင့် လူမှုဒုက္ခအမျိုးမျိုးတွေ့ကြုံခဲ့ရသလို ဧပေါင်းများစွာ ထွက်ရှိတဲ့ စပါးဈေးဆိုရင်လည်း အလွန်ဈေးနှိမ်ခံကြရပါတယ်။ အခုလိုလမ်းကြီးတွေပေါ်လာပြီး တံတားကြီးတွေ တည်ဆောက်ပေးတဲ့အတွက် အလွန်ဝမ်းသာရပါတယ်" ဟု ဒေသခံများက ပြောသည်။

ယင်းတံတားကြီးနှင့် လမ်းမကြီးပြီးစီးပါက ရေကြည်မြို့နယ် အသုတ်ဒေသရှိ ရေနက်ကွင်းကျေးရွာ အများစုနှင့် သာပေါင်းမြို့နယ် အရှေ့ခြမ်းကျေးရွာတချို့မှ ဒေသခံပြည်သူများအတွက် ပုသိမ်-မုံရွာလမ်းမကြီးရှိရာ အသုတ်မြို့မှတစ်ဆင့် ဒေသအသီးသီးသို့ နွေ၊ မိုး၊ ဆောင်းအလွယ်တကူ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်ကျောင်းသားများအား အခမဲ့သင်ကြားပေး

**မော်လမြိုင် ဇန်နဝါရီ ၃၀**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက်ကော်ရပ်ကွက်ရှိ အထကကျောင်း ရွှေရတုခန်းမနှင့် သမ္ဗုဒ္ဓဌာနဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံတို့၌ ဇန်နဝါရီ ၂၆ ရက်က ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်နှင့် သထုံမြို့နယ် NLD ပါတီပညာရေးကွန်ရက်အဖွဲ့တို့မှ ကြီးမှူး၍ ၂၀၁၆-၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်အလိုက်သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ယင်းသို့ သင်ကြားပို့ချရာတွင် ရန်ကုန်မြို့မှ ပုဂ္ဂလိကကျူရှင်ဆရာ ဦးဘုန်းပွင့် အပါအဝင် ခုနစ်ဦးတို့က ဘာသာရပ်အလိုက် သင်ကြားပို့ချပြီး သုဝဏ္ဏဝတီမြို့ရှိ အထက်တန်းကျောင်းရှစ်ကျောင်းမှ ကျောင်းသားကျောင်းသူ ၁၀၀၀ ခန့် တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# မြွေဆိပ်ဖြေဆေးကို အေးခဲခြောက်အဖြစ် ထုတ်လုပ်နိုင်တော့မည်

**ရန်ကုန် ဇန်နဝါရီ ၃၀**

မြွေဆိပ်ဖြေဆေးကို အရည်အဖြစ် ထုတ်လုပ်နေရာမှ သယ်ယူရန်လွယ်ကူသော အေးခဲခြောက်အဖြစ် ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဒုတိယစက်ရုံမှူး(ထုတ်လုပ်) ဦးဝင်းဌေးက ပြောသည်။

"ကျွန်တော်တို့ ဆေးဝါးစက်ရုံအင်းစိန်(ယခင် BPI) မှ မြွေဆိပ်ဖြေဆေးကို သယ်ယူရလွယ်ကူပြီး အေးခဲခြောက်အဖြစ် ထုတ်လုပ်သွားဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။ အေးခဲခြောက်အဖြစ် ထုတ်လုပ်သွားနိုင်မယ်ဆိုရင် အခန်းအပူချိန်မှာ ထားရမယ်။ ရေခဲနဲ့ သယ်စရာမလိုတဲ့ အားသာချက်တွေ ရှိလာမယ်။ အေးခဲခြောက်အဖြစ် ထုတ်လုပ်ဖို့ လုပ်နေပါပြီ။ ထုတ်လုပ်နိုင်တဲ့ အဆင့်ကိုလည်း ရောက်ရှိနေပါပြီ။ အခဲအဖြစ် စမ်းသပ်ထုတ်လုပ်အောင်မြင်ပြီးဖြစ်ပါတယ်။ အမြောက်အမြား ထုတ်လုပ်ခဲ့ခြင်းသာမရှိခဲ့တာပါ" ဟု ဦးဝင်းဌေးက တပ်မတော်ခန်းမ၌ စက်မှုဝန်ကြီးဌာနမှပြုလုပ်သည့် နိုင်ငံတကာနည်းပညာပြပွဲတွင် ပြောကြားသည်။

ယခုအခါ ဆေးဝါးစက်ရုံ(အင်းစိန်)တွင် မြွေဆိပ်ဖြေဆေးစက်ရုံဖွင့်လှစ်မှုမှာ ခြောက်လကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍ မကြာမီကာလအတွင်း မြွေဆိပ် ဖြေဆေးအေးခဲခြောက်အဖြစ် ထုတ်လုပ်ပေးနိုင်မည့် စက်ရုံသုံးခုကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယင်းစက်ရုံသစ်သုံးရုံ ဖွင့်လှစ်ပြီးပါက မြွေဆိပ်ဖြေဆေးကို အေးခဲခြောက်အဖြစ် ထုတ်လုပ်သွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးဝါးစက်ရုံမှ နှစ်စဉ်မြွေဆိပ်ဖြေဆေးကို ၂၀၀၀၀ ခန့်သာ ထုတ်လုပ်ရာမှ စက်ရုံသစ် ဖွင့်လှစ်ပြီးနောက် ယခုအခါ အလုံး ၈၀၀၀၀ မှ တစ်သိန်းအထိ ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြွေဆိပ်ဖြေဆေး၏ သက်တမ်းမှာ သုံးနှစ်သက်တမ်းဖြစ်ကြောင်း၊ ယခုထုတ်လုပ်ထားသော မြွေဆိပ်ဖြေဆေးမှာ ထိုးဆေးဖြစ်ပြီး သယ်ယူသိုလှောင်ရာတွင် ရေခဲအသုံးပြုနေရသည့်အတွက် သိုလှောင်ထိန်းသိမ်းရန် အခက်အခဲရှိနေကြောင်း၊ အေးခဲခြောက်အဖြစ် ထုတ်လုပ်ခြင်းအားဖြင့် အခန်းအပူချိန်တစ်ခုတည်းတွင်ထားပြီး ရေခဲအသုံးပြုရန်မလိုတော့၍ သယ်ယူမှုနှင့် သိုလှောင်ထိန်းသိမ်းမှုအပိုင်းတွင် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးဝါးစက်ရုံမှ နှစ်စဉ်မြွေကိုက်ခံရမှုအများဆုံးဖြစ်သည့် မြွေပွေး၊ မြွေဟောက်၊ ငန်းတော်ကျား အစရှိသော အဆိပ်ပြင်း မြွေအမျိုးအစားများအတွက် အများဆုံးအဆိပ်ဖြေဆေးများထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**



# ဒလမြို့၌ အများပြည်သူသုံး သောက်သုံးရေကန်ကို ခြံစည်းရိုးကာရံမည်

**ဒလ ဇန်နဝါရီ ၃၀**


ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့ ကမာကဆစ်ဈေးအနီးရှိ စက်မြေရပ်ကွက် အများပြည်သူသုံး သောက်သုံးရေကန်ကို Hello စက်သုံးဆီဆိုင်က ခြံစည်းရိုးကာရံလှူဒါန်းဆောင်ရွက်ပေးမည်ဟု သိရသည်။

အဆိုပါ ရေကန်၌ ဇန်နဝါရီ ၂၈ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ကျော်မင်းနိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်များ၊ ကမာကဆစ်ဈေးဝန်ထမ်းများ စုစုပေါင်း ၃၆ ဦးတို့သည် ရေကန်အတွင်းရှိ ဒိုက်များ၊ အမှိုက်များနှင့် မြက်ရိုင်းပင်များကို ခုတ်ထွင်းဆယ်ယူ၍ စုပေါင်းသန့်ရှင်းဆောင်ရွက်ကြသည်။

ကမာကဆစ်ဈေးတာဝန်ခံ ဦးဌေးဝင်းက "Hello စက်သုံးဆီဆိုင်ပိုင်ရှင် ဦးမိုးဆန်းက ဒီရေကန်ကို ကွန်ကရစ်တိုင်သံဆန်ခါတွေနဲ့ ခြံစည်းရိုးကာရံ လှူဒါန်းပေးမယ်"ဟု ပြောသည်။

အဆိုပါ သောက်သုံးရေကန်သည် အလျားပေ ၁၀၀၊ အနံပေ ၁၅၀၊ အမြင့် ၁၂ ပေရှိပြီး ကမာကဆစ်ဈေးသူဈေးသားများနှင့် အနီးပတ်ဝန်းကျင်မှ ရပ်ကွက်နေပြည်သူများ အဓိကထားအသုံးပြုနေရသော ရေကန်တစ်ကန်ဖြစ်သည်။ ဒလမြို့သည် ရန်ကုန်မြစ်တစ်ဖက်ကမ်းတွင် တည်ရှိပြီး မိုးရေခံ မြေသားရေကန်များကို အဓိကအားပြု၍ သောက်ရေသုံးရေများ အသုံးပြုနေရပြီး နွေရာသီရောက်တိုင်း သောက်ရေအတွက် အခက်တွေ့ရသောမြို့တစ်မြို့ဖြစ်သည်။

**သတင်း - သန်းဌေး(ဒလ)**
**ဓာတ်ပုံ-စန်းဝင္ဍာ**


KBZ BANK
STRENGTH OF MYANMAR
APPLY NOW
The New KBZ Visa Credit Card
KBZ BANK
Visa payWave
4216 8888 8888 8888
4216
VALID THRU 12/21
VISA
Platinum
Mee Mee
KBZ BANK
Visa payWave
4216 8888 8888 8888
4216
VALID THRU 12/21
VISA
MG MG
Experience the World of Privileges and Luxuries
KBZ Visa Platinum & Classic Credit Card
Call Center: +951 370320
Website : www.kbzbank.com Email : hotline.cards@kbzbank.com
Facebook : www.facebook.com/KBZCards



## ဝမ်းမြောက်ဝမ်းသာ ပီတိစကား

စက်မှုလက်မှုအထက်တန်းကျောင်း၊ အမှတ်(၂)၊ ရန်ကုန်(ဘောင်ဒရီ)၏ နာယကကျောင်းသားဟောင်းကြီးများဖြစ်သော ဦးစိန်ထွန်းမြင့်(V-71)၊ ဦးအေးကို(W-71)၊ ဦးမောင်သောင်း(E-74)၊ ဦးမင်းဟန်(BC-76)၊ ဦးမြင့်လွင်(R-80) တို့မှ နှစ်စဉ် အာစရိယပူဇော်ပွဲအပြီးတွင် ပြည်တွင်းပြည်ပသို့ အပန်းဖြေခရီးစဉ်များနှင့် ဘုရားဖူးခရီးစဉ်များကို ပို့ဆောင်ပေးခဲ့ကြရာ ယခု ၂၀၁၇နှစ်တွင်လည်း တတိယအကြိမ်မြောက် ပြည်ပခရီးစဉ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ်ကို ကုသိုလ်ယူ ပို့ဆောင်ပေးခဲ့ကြပါသည်။

ထိုသို့ နှစ်စဉ် ပြည်တွင်းပြည်ပ ခရီးစဉ်များကို ပို့ဆောင်ပေးခဲ့ကြသော နာယကကျောင်းသားဟောင်းကြီးများနှင့်တကွ ကျောင်းသားဟောင်း အားလုံး၏ ကျေးဇူးသိတတ်မှုနှင့် စေတနာကို ကန်တော့ခံဆရာကြီး၊ ဆရာမကြီးအားလုံးက အထူးပင် ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်လျှက် သာဓုအကြိမ်ကြိမ်ခေါ်မိပါသည်။

ကျောင်းသားဟောင်းတပည့်များ စီးပွါး ဥစ္စာ အစဉ်တိုးပွါး၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာလျှက် ဆရာကြီး၊ ဆရာမကြီးများကို ကုသိုလ်တရားဖြင့် ကျေးဇူးဆပ်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

ဆရာကြီး၊ ဆရာမကြီးများ

စက်မှုလက်မှုအထက်တန်းကျောင်း၊ အမှတ်(၂)၊ ရန်ကုန်(ဘောင်ဒရီ)။







အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးကိုနီ
**(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)**
**အသက်(၆၄)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ အင်းရွာနေ (ဦးစူလတန်)-ဒေါ်ခင်လှတို့၏တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးတင်ဖေ-ဒေါ်လှမြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ၄၂လမ်း၊ အမှတ်- ၁၃၈ (လေးလွှာ-ဝဲ)နေ ဒေါက်တာယဉ်နွယ်ခိုင်(လက်ထောက်ကထိက- ဆေးဝါးဗေဒဌာန၊ သူနာပြုတက္ကသိုလ်- ရန်ကုန်)၊ ဒေါက်တာအေးသီခိုင်(Lecturer, PTH,Basic Medical Science,IIUM)၊ကိုသန့်ဇင်ဦး(Software Engineer, Singapore)-ဒေါက်တာခိုင်ဇင်မင်း(Ph. D, Electronic Engineering YTU)တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်တင်အေး(တရားလွှတ်တော်ရှေ့နေ)၏ချစ်လှစွာသောခင်ပွန်း ဦးကိုနီ(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၊ စာရေးဆရာ မောင်ကိုနီ(တရားရုံးချုပ်ရှေ့နေ)သည် ၂၉-၁-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၅ နာရီ ၁၀ မိနစ်တွင် ရုတ်တရက် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀-၁-၂၀၁၇ရက် အစွရ်နမာဇ်အပြီး ညနေ ၄ နာရီခွဲတွင် ရေဝေးကဗရ်စတန်တွင် ပို့ဆောင်ဒါဖနဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကိုနီ (တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၊ (စာရေးဆရာ မောင်ကိုနီ-တရားရုံးချုပ်ရှေ့နေ)သည် ၂၉-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၅း၁၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

**မောင်သိန်းလွင်(ဆရာဦးသိန်းလွင်)၊**
**ဒေါက်တာခင်မောင်ညို၊**
**ကောင်းသန့်၊ မောင်သွေးသစ်**

ဝမ်းနည်းကြေကွဲခြင်း
## ဦးပေါ်ရှန်
**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့်ဇနီး ဒေါ်စန်းစန်းဝေတို့၏ဖခင် ဦးပေါ်ရှန်သည် ၂၉-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးစစ်နောင် (ငြိမ်း)
**စာတည်း၊ တာဝန်ခံအရာရှိ(ငြိမ်း)**
**OTS(93) မကွေးမြို့**
**အသက်(၄၉)နှစ်**

တမလွန်သို့ထွက်ခွာသွားသော ကိုစစ်နောင်ရေ.. သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှာ အတူလက်တွဲဆောင်ရွက်ခဲ့တဲ့အချိန်တွေမှာ သတိရစရာတွေ အများကြီးပါ… တို့တွေလည်း တစ်ချိန်ချိန်မှာ လိုက်လာခဲ့ရမှာပါ… ဒါပေမဲ့ အကြွေစောတော့ နှမြောမိပါတယ်… မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန်သောဘုံဘဝသို့ ရောက်ပါစေလို့ ဆုတောင်းလိုက်ပါတယ်…

**တာဝန်ခံအရာရှိများ**
**ဦးဇော်မင်း၊ ဦးရွှေကို၊ ဦးလှရွှေ၊ ဦးနိုင်ထွန်း၊ ဦးသန်းလင်းဦး၊ ဦးဇော်လွင်၊ ဦးကျော်လွင်ဦး၊ ဦးဇော်ဇင်ဆန်း၊ ဦးသိန်းစိုး၊ ဦးနိုင်ဝင်း၊ ဦးကျော်ထက်၊ ဦးဆန်းဝင်း၊ ဒေါ်ဝေမာချို၊ ဦးဆန်းထွန်း**

ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးစစ်နောင်(ငြိမ်း) OTS (93)
**စာတည်း၊ တာဝန်ခံအရာရှိ(ငြိမ်း)**
**ကိုယ်ပွားသတင်းစာတိုက်(မကွေး)**
**အသက်(၄၉)နှစ်**

ဒေါ်ဇာနည်မောင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်ဟိန်းကျော်၏ဖခင် ဗိုလ်ကြီးစစ်နောင်(ငြိမ်း)သည် ၂၉-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**OTS (93) မှ သူငယ်ချင်းများ**

## ဦးကိုကိုငယ်(ခ)အိနောင်
**[B.Sc (Zoo)]**
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၁၂၊ အခန်း ၁နေ(ဦးမောင်မောင်ကို)-ဒေါ်မြင့်မြင့်ဝင်းတို့၏သား၊ဦးမြင့်ကိုကို-ဒေါ်သန်းသန်းဝင်း၊ ဒေါက်တာခင်မောင်ကျော်-ဒေါ်ဖြူဖြူမြင့်တို့၏ညီ၊ ဗိုလ်မှူးအောင်မိုးလှိုင်(ငြိမ်း)-(ဒေါ်တင်တင်မိုး)၊ ဦးတင်မောင်လတ် - ဒေါ်တိုးတိုးဝင်းတို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး၊ မြေးတစ်ယောက်၏အဘိုးလေးသည် ၂၉-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၃း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၂-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစိန်မာဒင်
**(သံတွဲမြို့၊ ကင်းမော်ရွာ)**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဇလမ်း၊ အမှတ် ၄၁၄နေ (ဦးထွန်းကြယ် - ဒေါ်မဲ့မ)တို့၏သား၊ (ဒေါ်မနီ)၏ခင်ပွန်း၊ ဦးဝင်းကြိုင် (Director) (New World Shwe Pyi Tan Co.,Ltd.)-ဒေါ်အမာနီတို့၏ဖခင်၊ မခင်ရတနာကြိုင်၊ မောင်ကောင်းခန့်ဝင်း၊ မအိသဥ္ဇာကြိုင်၊ မဆုပြည့်စုံမိုးတို့၏အဘိုးသည် ၃၀-၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၅း၅၀နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**မဟာသဒ္ဓမ္မဇောတိကဓဇ**
# ဆရာမကြီး ဒေါ်မြသွင်
**အသက်(၉၂)နှစ်**

မော်လမြိုင်မြို့ ငန်းတေးရွာနေ (ဦးငွေဘင်-ဒေါ်အုန်းသင်)တို့၏သမီး၊ (ဦးစိန်ဖေ-ဒေါ်အေးသင်)တို့၏သမီးချွေးမ၊ (သဒ္ဓမ္မဇောတိကဓဇ ဝဏ္ဏကျော်ထင် ဆရာကြီးဦးချစ်တင်၊ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သာသနာရေးဦးစီးဌာန)၏ဇနီး၊ ဒေါ်တင်မြရီ-ဦးမျိုးညွန့်တို့၏မိခင်၊ ကျော်ကျော်-Juliana၊ ကလျာ-Neil၊ ဝဏ္ဏ-အိအိခိုင်၊ စန္ဒာ-Roy ၊ လင်း၊ နီလာတို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၄း၃၀နာရီတွင် UK နိုင်ငံရှိ International Meditation Centre ၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ဓမ္မယောဂီများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းရှိန် B.Com
**စက်မှု(၁)၊ ညွှန်မှူး(ငြိမ်း)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၀၆၊ A1 ခြံနေ(ဦးအောင်သာဦး-ဒေါ်အေးလှ)တို့၏သား၊ (ဦးသိန်းဇံ-ဒေါ်ခင်စိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၈)ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ်(၅၆)နေ ဒေါ်ခင်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်အံ့မင်းကို၏ချစ်လှစွာသောဖခင်၊ ဦးတင်အောင်-ဒေါ်ခင်သန်း၊ ဦးခင်မောင်ရွှေ-ဒေါ်အေးသောင်း၊ ဦးလှထွန်းဖြူ-ဒေါ်သိန်းရီ၊ ဦးချစ်သန်း၊ ဦးငွေလှိုင်-ဒေါ်ရီရီဝင်း၊ ဦးထင်ကျော်လင်း၊ ဒေါ်ခင်ယုမော်၊ ဒေါ်ယုယုလင်းတို့၏အစ်ကိုသည် ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၂-၂၀၁၇ရက် (စနေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဆရာကြီး ဦးသန်းအေး
**[ကျောင်းအုပ်ကြီး အငြိမ်းစား၊ အမက(၂)မရမ်းကုန်း]**
**စာရေးဆရာ ကပ္ပိယတစ်ဦး**
**မင်းကွန်း တိပိဋက ရာသက်ပန်ဆွမ်းအလှူရှင်**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၃၂နေ (ဦးစံဝ-ဒေါ်ကြည်)တို့၏သား၊ သဃ်န်းကျွန်းမြို့နယ်၊သုဝဏ္ဏ၊ အောင်သိဒ္ဓိကျောင်းတိုက် ဆရာတော် ဦးဩဘာသ၏ညီ၊ ဦးအောင်ရှိန်-ဒေါ်သန်းခင်၊ ဒေါ်မြမြသန်း၊ ဦးဝင်းတင်-ဒေါ်ခင်ငွေဝင်း၊ ဦးသာမြင့်-ဒေါ်စိန်မြင့်၊ ဒေါ်စိန်ရီ၊ ဦးကျော်လွင်-ဒေါ်ခင်အုန်း၊ ဦးတိုးလွင်-ဒေါ်အေးမိစံတို့၏ ညီ/အစ်ကိုသည် ၃၀-၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၂၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဆရာကြီး ဦးသန်းအေး
**[ကျောင်းအုပ်ကြီး အငြိမ်းစား၊ အမက(၂)မရမ်းကုန်း]**
**စာရေးဆရာ ကပ္ပိယတစ်ဦး**
**မင်းကွန်း တိပိဋက ရာသက်ပန်ဆွမ်းအလှူရှင်**
**အသက်(၇၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဝါးနက်ကုန်းကျေးရွာနေ (ဦးစံဝ-ဒေါ်ကြည်)၊ ချောင်းဆုံမြို့နယ်၊ ကညော်ကျေးရွာနေ (ဦးအုန်းတင်-ဒေါ်ကြည်မြိုင်)တို့၏သား၊ ကညော်ကျေးရွာ ဓမ္မရိပ်သာကျောင်းတိုက်၊ ပဓာနနာယကဆရာတော် အရှင်ဝါရိန္ဒ၏ရဟန်းခမည်းတော်၊ ဆရာမဒေါ်ခင်ရီ(အငြိမ်းစား၊ အလက-၃၊ မရမ်းကုန်း)၏ခင်ပွန်း၊ မခင်သီတာအေး၊ မခင်နီလာအေး၊ မခင်မာလာအေးတို့၏ဖခင်သည် ၃၀-၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၂၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
## ဦးမြင့်သိန်း(ခ)ဦးသံဒုတ်
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊နန္ဒဝန်လမ်း၊ အမှတ်၂၉နေ(ဦးလှမောင်-ဒေါ်အေးရင်)တို့၏သား၊ ဒေါ်မြကြင်၏မောင်၊ ဒေါ်သန်းသန်းဝင်း(ခ)ဒေါ်မာမာ၏ ခင်ပွန်း၊ ကိုကျော်ဇေယျ-ဒေါ်ယမင်းမြတ်အောင်၊ မောင်ညီမင်းခန့်၏အဘိုး၊ ကိုရန်နိုင်စိုး၊ မယဉ်မာသိန်းတို့၏ဖခင်သည် ၂၉-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# အနိစ္စ

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးအုန်းမောင် (မြိတ်)
**နာယက၊ သက်ကြီးကန်တော့ခံ**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာစခန်း၊တိုက် ၃၇၊ အခန်း ၄နေ (ဒေါ်ကြင်ရီ)၏ခင်ပွန်း ဦးအုန်းမောင် (အသင်းဝင်အမှတ်-၁၅၈)သည် ၂၇-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၁၁း၃၀နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ခင်သက် (ပုလောမြို့)
**အသင်းဝင်အမှတ်-၁၁၃**
**အသက်(၉၆)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ မြေနီကုန်းလမ်းနေ ဒေါ်ခင်သက်သည် ၂၈-၁-၂၀၁၇ရက်(စနေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၇ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးသန်းအောင်(ခ)
## ဝေါင်နန်ကျမ် အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ ဝါးတန်းလမ်း၊ အမှတ် ၂၅နေ (ဦးဘိန် - ဒေါ်ချူကင်း)တို့၏ သား၊ (ဦးချင်အဝက်-ဒေါ်ကျင်ဖုန်)တို့၏သားသမက်၊ဒေါ်တင်(ခ)ချိန်စုလန်၏ခင်ပွန်း၊ ဦးထွန်းဝေ(ခ)ဝေါင်ရန်ဖွမ်၊ ဦးထွန်းမြင့်(ခ)ဝေါင်ရန်ကြုံး - ဒေါ်ခင်သန်းယု၊ ဦးထွန်းဝင်း(ခ)ဝေါင်ရန်ကွန်း-ဒေါ်ယုယုလတ်၊ ဦးထွန်းအောင်(ခ)ဝေါင်ရန်သူ-လွီယွီရှန်း၊ ဦးတင်မြင့်-ဒေါ်ခင်စန်း(ခ)ဝေါင်လွေ့ကျောင်း၊ ဦးသန်းထိုက်အောင်-ဒေါ်ခင်စီ(ခ)ဝေါင်လွေ့ရီတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၂၉-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၄-၂-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာမဒေါ်မူမူကြူး(ခ)
## နော်လွဲစေး အသက်(၅၈)နှစ်
**(မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ လူငယ်ဌာန အမှုဆောင် အတွင်းရေးမှူး)**
**(၁၉၉၃-၂၀၀၁)ခုနှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း၊ (၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၁၂/ခနေ(ဦးဒီသာကြူး-နော်တန်မလာစေး)တို့၏ သမီး၊ စောဒယ်နီကြူး-ဒေါ်စုစုဝင်းတို့၏ညီမ၊ ပရော်ဖက်ဆာဦးသီဟ-(ဒေါ်ချိုချိုထက်)၊ (ဦးကျော်သူ) - ဒေါ်ကြည်ကြည်ထွေး၊ (နော်မေရီယံ-ဦးပီတာ)၊ (ဦးဂျိုးဇက်)-ဒေါ်နန်းစင်၊(စောပေတရု-ဒေါ်နန်းခင်နု)၊ ဦးချစ်သိန်း-နော်ဖောသွဲ၊ (ဦးရှိမုန်)-ဒေါ်မြသန်းတို့၏တူမ၊ သိက္ခာတော်ရဆရာ ဦးနိုနို-ဆရာမ နော်အဲနီမြိုင်တို့၏အစ်မ၊ တူ/တူမ၇၄ယောက်တို့၏အဒေါ်သည် ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၈း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းခြင်းကို ၄-၂-၂၀၁၇ရက်(စနေနေ့)နံနက်၇း၃၀နာရီတွင် အထက်ပါကျောက်ရေတွင်း ယုံကြည်ခြင်း နှစ်ခြင်းအသင်းတော်၌ပြုလုပ်မည်ဖြစ်ပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပညာဒီပ
**(သီရိဇေယျာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်)**
**သက်တော်(၉၀)၊ သိက္ခာတော်(၇၀)**

ဘဒ္ဒန္တပညာဒီပ (သီရိဇေယျာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်)သည် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၃ရက်) ၃၀-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ဝဝး၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၅ရက်) ၁-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ကျောင်းတိုက်မှသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ (ရက်လည်မည့်နေ့ကို ထပ်မံကြေညာပါမည်။)

ဦးကိတ္တိသာရနှင့်
တပည့် ဒါယကာ၊ ဒါယိကာမများ

## ကျေးဇူးတင်လွှာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဆုတောင်းပြည့်ကျောင်းတိုက် ပဓာန မဟာနာယက ဘဒ္ဒန္တသုမနာနန္ဒ အဂ္ဂမဟာပဏ္ဍိတ သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါသည် (၁၃၇၈ခု၊ ပြာသိုလပြည့်ကျော် ၁၀ရက်) ၂၂-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီးဖြစ်ပါသည်။

ဆရာတော်ကြီး ဆေးကုသစဉ်တစ်လျှောက် ပညာဒါနဖြင့် ဆေးကုသစောင့်ရှောက်ကြသော အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမများ၊ ဆေးပစ္စည်း နဝကမ္မလှူဒါန်းကြသော တပည့်သံဃာ၊ ဒါယကာ ဒါယိကာမများ၊ ဈာပနကော်မတီနှင့် ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ကြသော တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများနှင့် ဓာတု ဒကပူဇာတွင်လိုက်ပါ ပူဇော်ကြသူများ၊ ဘဒ္ဒန္တသုမနာနန္ဒ အဂ္ဂမဟာပဏ္ဍိတ၏ မျက်မှောက်၊ မျက်ကွယ် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျေးဇူးတင်ရှိပါကြောင်း။

**နာယကအဖွဲ့၊ ဆုတောင်းပြည့်ကျောင်းတိုက်**

## ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ဦးဝင်းမြင့်
**ဆက်သွယ်ရေးတပ်ရင်းမှူး**
**ကြည်း-၈၇၅၀၊ DSA အပတ်စဉ်(၃)**
**ပြည်(ပေါင်းတလည်မြို့)၊ ခေတ္တရာအသင်း(ရန်ကုန်မြို့) နာယကကြီး**
**အသက်(၇၈)နှစ်**

ပြည်မြို့နယ်၊ ပေါင်းတလည်မြို့နေ (ဦးအောင်သင်-ဒေါ်ပုချို)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ တိုက် ၁၀၊ အခန်း ၁နေ ဒေါ်ခင်စန်းမြင့်၏ခင်ပွန်း၊ ဦးသုတဝင်း-ဒေါ်သီတာမြင့်၊ ဦးအောင်မြတ်ဝင်း-ဒေါ်ခင်စန်းရည်တို့၏ဖခင်၊ ဗိုလ်ကြီးနိုင်လင်းဝင်း-ဒေါ်မြသီရိစိုး၊ မောင်အောင်ခန့်မော်၊ မောင်ညီလတ်နောင်တို့၏အဘိုးသည် ၃၀-၁-၂၀၁၇ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ဆေးရုံ ငြိမ်းအေးဇရပ်တွင် သရဏဂုံတင်ပြီး မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ဦးဝင်းမြင့်
**ဆက်သွယ်ရေးတပ်ရင်းမှူး**
**ကြည်း-၈၇၅၀၊ DSA အပတ်စဉ်(၃)**
**ပြည်(ပေါင်းတလည်မြို့)၊ ခေတ္တရာအသင်း(ရန်ကုန်မြို့) နာယကကြီး**
**ရာသက်ပန်အသင်းဝင်အမှတ်-၅၁၃**
**အသက်(၇၈)နှစ်**

ပြည်မြို့နယ်၊ ပေါင်းတလည်မြို့နေ (ဦးအောင်သင်-ဒေါ်ပုချို)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ တိုက် ၁၀၊ အခန်း ၁နေ ဒေါ်ခင်စန်းမြင့်၏ခင်ပွန်း၊ ဦးသုတဝင်း-ဒေါ်သီတာမြင့်၊ ဦးအောင်မြတ်ဝင်း-ဒေါ်ခင်စန်းရည်တို့၏ဖခင်၊ ဗိုလ်ကြီးနိုင်လင်းဝင်း-ဒေါ်မြသီရိစိုး၊ မောင်အောင်ခန့်မော်၊ မောင်ညီလတ်နောင်တို့၏အဘိုးသည် ၃၀-၁-၂၀၁၇ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ခေတ္တရာအသင်း(ရန်ကုန်မြို့) အသင်းသား၊ အသင်းသူများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့၊ ခေတ္တရာအသင်း(ရန်ကုန်မြို့)

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအောင်တင် (စဥ့်ကိုင်မြို့)
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ နန္ဒဝန်လမ်းသွယ်၊ အမှတ်(၁၂၄-ဘီ)နေ (ဦးရှန်-ဒေါ်သိန်းကြည်)တို့၏သား၊ (ဦးနွဲ့-ဒေါ်သန်း)တို့၏သားသမက်၊ ဒေါ်လှသီ [ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန]၏ ခင်ပွန်း၊ မသဲနန္ဒာအောင်၊မစုရည်အောင်၊ မအိအိဖြိုးအောင်တို့၏ဖခင်သည် ၃၀-၁-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင့်တင့်အေး
**ကုန်သွယ်ရေး(၄)**
**စား/ဖျော်(ငြိမ်း)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ် ၆၀နေ (ဦးအေးမောင်-ဒေါ်သိန်းဇင်)တို့၏သမီး၊ (ဦးအေးသိန်း၊ ကုန်သွယ်ရေး-၄၊ စား/ဖျော်၊ မန်နေဂျာ၊ ငြိမ်း)၏ဇနီး၊ ဦးခင်မောင်လွင်-ဒေါ်မြသီတာအေး၊ ဦးကျော်စိုးမင်း(Fair-way marine)-ဒေါ်ခင်မေဝင်း၊ဦးရဲဇော်ဝင်း(Uniteam Marine)-ဒေါ်မြသန္တာအေးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၃၀-၁-၂၀၁၇ရက် နံနက် ၃း၃၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၂-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြအေး(ခ)
**Mar Lyn Thein Han**
**(အန်တီအေး၊ ရန်ကင်း)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ၁၇လမ်း A၊အမှတ် ၃၊ အခန်း ၀၀၁နေ (ဦးရှိန်မောင်-ဒေါ်မြရင်)၊ (ဦးသိန်းဟန်)မီးသတ် (ဒေါ်သန်းနွဲ့)(Noreen)တို့၏သမီးချွေးမ၊ (ဦးခင်မြင့်၊ ညွှန်မှူး၊မိုး/ဇလ၊ငြိမ်း)၏ချစ်လှစွာသောခင်ဇနီး၊ ကိုလှမင်း (UNOCHA, Myanmar)၊ ကိုကျော်ဇော (U.S Embussy)၊ ဒေါ်အေးအေးသန်း (Charmaing)၊[ကိုမြတ်သူရ(ခ)ပေါက်ပေါက်]တို့၏ချစ်လှစွာသောမိခင်၊ မမြနန္ဒာ(ခ)Lucy၊ မောင်ကောင်းထက်ဇော်(ခ) Oliver တို့၏အဘွားသည်၂၉-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၇ရက် ညနေ ၄နာရီတွင် ကျီစုသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# သေဆုံးခဲ့ရသည့် ဦးကိုနီနှင့် ဦးနေဝင်းတို့အတွက် များစွာစိတ်မကောင်းဖြစ်ရ

## တရားခံအား ဝိုင်းဝန်းကူညီဖမ်းဆီးပေးခဲ့ကြသည့် တာဝန်သိပြည်သူများအားလုံးကို ကျေးဇူးအထူးပင်တင်ရှိ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ် (၁ / ၂၀၁၇ )**

**(၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်)**

**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**

**ဦးကိုနီအား သေနတ်ဖြင့် အနီးကပ်ပစ်ခတ်လုပ်ကြံသတ်ဖြတ်မှုနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်**

၁။ အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သော အကြီးတန်းခေါင်းဆောင်မှု အစီအစဉ်ကို တက်ရောက်ခဲ့သည့် ဦးကိုနီ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေး) သည် ၂၉- ၁ - ၂၀၁၇ ရက်နေ့ စင်ကာပူလေဆိပ်မှတစ်ဆင့် မြန်မာနိုင်ငံသို့အပြန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယင်းနေ့ ညနေ ၅ နာရီအချိန်ခန့်တွင် ဦးခေါင်းအား ပစ္စတိုသေနတ်ဖြင့် အနီးကပ်ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခံရမှုကြောင့် နေရာတွင်ပင် သေဆုံးခဲ့ရပါသည်။ ယင်းဖြစ်စဉ်တွင် သေနတ်ဖြင့်ပစ်ခတ်သူအား ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်ခဲ့သူ တက္ကစီယာဉ်မောင်း ဦးနေဝင်းမှာလည်း တရားခံက သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရပါသည်။ တာဝန်သိပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းဖမ်းဆီးမှုဖြင့် တရားခံဖြစ်သူ ဦးကြည်လင်း (၅၃) နှစ်ကို ဖမ်းဆီးရမိခဲ့ပါသည်။

၂။ လုပ်ကြံခံရမှုကြောင့် သေဆုံးခဲ့ရသည့် ဦးကိုနီနှင့် တရားခံဖမ်းဆီးရမိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရင်း သေဆုံးခဲ့သည့် ဦးနေဝင်းတို့အတွက် များစွာစိတ်မကောင်းဖြစ်ရပါသည်။ တရားခံအား ဝိုင်းဝန်းကူညီဖမ်းဆီးပေးခဲ့ကြသည့် တာဝန်သိပြည်သူများအားလုံးကိုလည်း ကျေးဇူးဥပကာရ အထူးပင်တင်ရှိပါသည်။

၃။ ကနဦးစစ်ဆေးချက်များအရ ဤဖြစ်ရပ်သည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဖြစ်စဉ်အမှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ယင်းဖြစ်စဉ် ဖြစ်ပွားခဲ့မှုအခြေအနေများပေါ် မူတည်၍ လုံခြုံရေးအစီအမံများကိုလည်း အထူးအလေးထား၍ ဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့ပါ၍ ပြည်သူများအနေဖြင့် ဤဖြစ်စဉ်ကြောင့် အထိတ်တလန့်မဖြစ်ဘဲ တည်ငြိမ်အေးချမ်းစွာ နေထိုင်ကြရန်၊ ဘာသာရေးနှင့် လူမျိုးရေး သွေးထိုးမှုများကို အထူးဂရုပြုကြရန်၊ ယခု လုပ်ကြံသတ်ဖြတ်မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ ဖြစ်စေ ထူးခြားမှုများတွေ့ရှိပါက တာဝန်ရှိသူများထံ အမြန်ဆုံးဆက်သွယ်အသိပေးကြပါရန် မေတ္တာရပ်ခံလျက် သတင်းထုတ်ပြန်အပ်ပါသည်။

# ပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းကြိုးပမ်းလုပ်ဆောင်



ဒုတိယ သမ္မတ ဦးမြင့်ဆွေ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၃၀**

၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယ သမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို (၂)ကြိမ်ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်များကို စီမံခန့်ခွဲမှုကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းတော်တော်များများ ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် တတိယအကြိမ်ဗဟိုကော်မတီ အစည်းအဝေးတွင် လုပ်ငန်းဆောင်ရွက်မှု အားနည်းချက်များ၊ အခက်အခဲများကို အပြီးသတ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုစိတ်ဓာတ်နိုးကြားရှင်သန် ရေး၊ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင်တည်ဆောက်ရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

*စာမျက်နှာ ၅ ကော်လံ ၁* ❍

## ပါတီစုံဒီမိုကရေစီ အထွေထွေကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

၂၀၁၇ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်များကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၂ ရက်အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားည ၈ နာရီ သတင်းများအပြီးတွင် နေ့စဉ်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး နောက်တစ်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ဖြစ်စဉ်မှန်ပေါ်ပေါက်ရေး၊ ပြစ်မှုကျူးလွန်သူများ အမြန်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

စာ » ၅

